# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 12 August 2021 ၁၀၄၆၃


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၇၂ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**

**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**

**ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ဟန့်တား၊ ထိန်းချုပ်၊ ကာကွယ် ကုသနိုင်ရန်အတွက် လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိသဖြင့် ချုပ်ရက်ရှည်ကြာနေသည့် တရားခံများကို ထောက်ထားညှာတာသည့်အတွက်လည်းကောင်း သတ်မှတ်ထားသည့်ပြစ်မှုများကို အမှုမှလွှတ်ရန် ၂၀-၇-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁၄၇/၂၀၂၁ ကို ထုတ်ပြန်၍ အမှုမှလွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ဟန့်တား၊ ထိန်းချုပ်၊ ကာကွယ် ကုသနိုင်ရန်နှင့် ကျန်ရှိနေသည့် ချုပ်ရက်ရှည်ကြာနေသော တရားခံများကို သတ်မှတ်ချက်များနှင့်အညီ သက်ညှာစွာဖြင့် အမှုပိတ်သိမ်းပေးနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါပြစ်မှုများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြစ်မှုများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပါပြစ်မှုများ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



အာရှပစိဖိတ်ဒေသနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေး အခြေအနေများနှင့် ဆောင်ရွက်ချက်များ အသိပေးဆွေးနွေးပွဲ ကျင်းပစဉ်။

# အာရှပစိဖိတ်ဒေသနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များ အသိပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အာရှပစိဖိတ်ဒေသနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာသံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အသိပေးရှင်းလင်းခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများရခြင်း အကြောင်းရင်းများ** စာမျက်နှာ » ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်** စာမျက်နှာ » ၈

**ထိုင်းနိုင်ငံက နှာခေါင်းဖျန်းဆေးပုံစံဖြင့် တီထွင်ထားသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး နှစ်မျိုး လူသားများဖြင့် စမ်းသပ်မည်** စာမျက်နှာ » ၁၂

**မေတ္တာကမ္ဘာကြီး တည်ဆောက်ကြမယ်** စာမျက်နှာ » ၁၆

ကြေးမုံ

# အမျိုးသားရေးလက္ခဏာများတည်ဆောက်

“မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကြောင်း၊ ထို့ကြောင့် ဗုဒ္ဓအဆုံးအမ၏ ယဉ်ကျေးမှုအောက်တွင် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာ များစွာရှိကြောင်း၊ ရှေးရိုးစွဲခြင်းမဟုတ်ဘဲ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် အမျိုးသားရေးစရိုက်လက္ခဏာ (National Characteristics)ကို ပထမဆုံး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အရေးကြီးကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားခဲ့သည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ရှိသည်။ ကိုးကွယ်ယုံကြည်မှုနှင့် တိုင်းပြည်နှင့်လူမျိုး၏ ဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာ ဝိသေသလက္ခဏာများ ရှိကြသည်။ ယင်းတို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ခေတ်သည် အစဉ်သဖြင့် တိုးတက်နေငြားလည်း ခေတ်ကိုအမီလိုက်ရင်း မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများအား ထိန်းသိမ်းစောင့်ရှောက်သောနိုင်ငံများသည် မိမိတို့နိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဝိသေသလက္ခဏာများဖြင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ကြပေသည်။ အမျိုးသားရေးလက္ခဏာများသည် နိုင်ငံ၏ ဂုဏ်တင့်သည့် ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်သည်။

ယဉ်ကျေးမှုပျောက်လျှင် နိုင်ငံနှင့်လူမျိုး၏ စရိုက်လက္ခဏာများလည်း ပျောက်ပေမည်။ နိုင်ငံတွင် ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာမရှိပါက နိုင်ငံသည် ရုပ်ဝတ္ထုများမည်မျှတိုးတက်နေသော်လည်း စစ်မှန်သောငြိမ်းအေးချမ်းသာမှုကို ရရှိလိမ့်မည် မဟုတ်ပေ။ မြန်မာနိုင်ငံသည် ဘာသာတရားကို အခြေခံသည့် ငြိမ်းအေးချမ်းသာသော လူ့အသိုက်အမြုံကို တည်ဆောက်ထားသည်။ ဘာသာတရားအဆုံးအမများ ပါးလျားပစ်ပယ်လာပါက နိုင်ငံအတွင်း ငြိမ်းအေးချမ်းသာခြင်းတို့ ကွယ်ပျောက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဘာသာတရားအဆုံးအမ ဓလေ့စရိုက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရှေးရိုးစွဲ ခေတ်နောက်ပြန်သွားခြင်း မဟုတ်ပေ။ မိမိတို့ ယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပြီး ငြိမ်းအေးချမ်းသာခြင်းကို ဖော်ဆောင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘာသာတရားကို အခြေခံသည့် စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးစီ၏ အသက်သွေးခဲ ဖြစ်သည်။ စာရိတ္တကောင်းသူသည် လူကောင်းဖြစ်၍ နိုင်ငံတော်က အားထားရမည့်သူ ဖြစ်သည်။ ဘာသာတရားအခြေခံမရှိဘဲ စာရိတ္တယိုယွင်းနေသူသည် လူဆိုးလူသွမ်းဖြစ်၍ အများပြည်သူတို့အား အနှောင့်အယှက်ပေးနိုင်သူ၊ နိုင်ငံတော်အား အန္တရာယ်ပြုနိုင်သူ ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်များ ဘာသာတရား၊ စာရိတ္တနှင့်ကိုယ်ကျင့်တရား ကောင်းမွန်ရေးသည် အရေးကြီးသည်။ တိုင်းပြည်နှင့်လူမျိုး၏ အနာဂတ်ကို မျှော်ကြည့်၍ လူငယ်လူရွယ်များအား ပစ်ပယ်မထားဘဲ အလေးအနက်ထား စည်းရုံးခေါ်ဆောင် ဝိုင်းဝန်းစောင့်ရှောက်ပေးရန် လိုအပ်သည်။

လူငယ်လူရွယ်တစ်ယောက်စီအား ပြုစုပျိုးထောင်ရမည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလသည် အမွန်မြတ်ဆုံး၊ အရေးအကြီးဆုံး မဏ္ဍိုင် ဖြစ်သည်။ လက်ချောင်းငါးချောင်းတွင် လက်ခလယ်က အမြင့်ဆုံးဗဟိုမဏ္ဍိုင်နှင့်တူသည်။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပါမှ အခြားဗလစွမ်းအားတို့ဖြင့် နိုင်ငံတော်ကို အကျိုးပြုနိုင်ပေမည်။ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်နေလျှင် ကျန်ဗလငါးတန်၏ ခွန်အားတို့သည် အဖျက်လုပ်ငန်းများဆီသို့ ဦးတည်၍သွားကြပေလိမ့်မည်။ ယနေ့လူငယ်များသည် အနာဂတ်ခေါင်းဆောင်များ ဖြစ်လာကြမည်ဖြစ်၍ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ဖို့ အထူးလိုအပ်ပေသည်။ နိုင်ငံတော်က မျှော်လင့်နေသော နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ဖြစ်မြောက်လာစေရေးအတွက် ကလေးအရွယ်မှစတင်ကာ အသိပညာ၊ အတတ်ပညာများကို ဆည်းပူးလေ့လာရင်း စာရိတ္တကောင်းမွန်အောင် ကျင့်ကြံနေထိုင်သွားကြရမည် ဖြစ်သည်။

နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများ မြင့်မားခိုင်ကျည်ရေးသည် လူတိုင်းလူတိုင်း၏ စာရိတ္တလက္ခဏာများ မြင့်မားခိုင်ကျည်လာအောင် မြှင့်တင်ပျိုးထောင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။ ဘာသာတရားကို အခြေခံပြီး လူငယ်တိုင်းသည် စာရိတ္တ၏တန်ဖိုးကိုသိမြင်ကာ ကိုယ်ကျင့်တရား စာရိတ္တကို ချစ်မြတ်နိုး၍ ကိုယ်ကျင့်တရား စာရိတ္တကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပေသည်။ မျက်မှောက်ကာလတွင် လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရား စာရိတ္တများ ယိမ်းယိုင်သွားသည်ကို တွေ့ရသည်။ ကိုယ်ကျင့်တရားသည် နိုင်ငံ၏ အသက်သွေးဖြစ်၍ ကိုယ်ကျင့်တရားများ လျော့ပါးပါက နိုင်ငံပါ ယိမ်းယိုင်ပြိုပျက်နိုင်သည်ကို တွေ့မြင်နေရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက် တည်တံ့ဖြစ်ထွန်း ထွန်းကားပြီးဖြစ်သည့် မြတ်ဗုဒ္ဓအဆုံးအမ၏ ယဉ်ကျေးမှုအောက်ရှိ မြန်မာ့ယဉ်ကျေးမှု ဝိသေသစရိုက်လက္ခဏာများ ပြန်လည်ရှင်သန်ထွန်းကားလာအောင် လူငယ်လူရွယ်များအား ကိုယ်ကျင့်တရားနှင့်စာရိတ္တများ ပြန်လည်မြင့်မားခိုင်ကျည်လာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မအူပင်မြို့နယ် ပပင်ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

မအူပင် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှု တိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မအူပင်မြို့နယ် ပပင်ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀ တက်ရောက်ကြပြီး တလုပ်လု ငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ် ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၀ သိန်းအား ပပင်ချောင်း သဘာဝရေပြင်အတွင်းသို့ စုပေါင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၁ - ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၁,၂၅၅ | ၁၁,၁၇၀,၆၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁၉၀ | ၆၁၈,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၀ | ၁၅၄,၀၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၆ | ၁၈,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၄၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၂၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၃.၇၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၃၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၈.၂၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၁၁၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၆.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၅.၆ |
| (ည) တောင်ကိုရီးယားဝမ် | တစ်ရာဝမ် | = | ၁၄၂.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး

# အမျိုးသားလုံခြုံရေးအက်ဥပဒေ ရေးဆွဲနိုင်ရေး

**အမျိုးသားလုံခြုံရေးအက်ဥပဒေရေးဆွဲနိုင်ရေးကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများဖမ်းဆီးမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် တိုင်းရင်းဆေး ထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာသုတေသနဌာနများက လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

☆ **ရှေ့ဖုံးမှ**

(အမိန့်အမှတ် ၁၄၇/၂၀၂၁ ၏ အပိုဒ် ၂(စ)နှင့်(ဆ)ပါပြစ်မှုများမပါ)၊ မတရားအသင်းအက်ဥပဒေပါပြစ်မှုများ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊ အကြည်အညိုပျက်အောင်ပြုလုပ်မှု {ရာဇသတ်ကြီးပုဒ်မ ၁၂၄(က)} အရ စွဲဆိုထားသောအမှုများ၊ ထွက်ပြေးတိမ်းရှောင်နေသည့်တရားခံပြေးအမှုများ၊ တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုထားသောအမှုများ၊ သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းက လုံလောက်သောအကြောင်းပြချက်ဖြင့် ပိတ်သိမ်းခြင်းမပြုသင့်ကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ မတိုင်မီ သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားသည့်အမှုများမှအပ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရပြီး ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရမည်။

၃။ သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးဦးအားထိခိုက်နစ်နာစေသည့်ပြစ်မှု၊ လူပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် လူပုဂ္ဂိုလ်များ၏ ငွေကြေး သို့မဟုတ် ပစ္စည်းဆုံးရှုံးနစ်နာစေသည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုကိုပိတ်သိမ်းခြင်းမပြုလိုကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားခြင်းမရှိမှသာ အဆိုပါအမှုကို ပိတ်သိမ်း၍ တရားခံအားလွှတ်ရမည်။ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်းမပြုလိုကြောင်း လျှောက်ထားသည့်အခါ သက်ဆိုင်ရာတရားရုံးသည် ရောက်ရှိသည့်အဆင့်မှစ၍ အမှုကိုဆက်လက်စစ်ဆေးရမည်။ ကိုယ်တိုင်ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူကိုယ်တိုင်၊ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာဆိုသည်။ နစ်နာသူ အိမ်ထောင်မရှိပါက နစ်နာသူကိုယ်တိုင်နှင့် နစ်နာသူ၏ မိဘ၊ မောင်နှမများကိုဆိုသည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

❂ **ပြည်ပနိုင်ငံများမှ**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က လက်ရှိနိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များ၊ (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့ခြင်းနှင့် အစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကို အသိပေး ရှင်းလင်းပြောကြား၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများ၏ မေးမြန်းချက်များ၊ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၅) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ဘရူနိုင်းနိုင်ငံက လက်ခံကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (15th ANCM) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ အာဆီယံရေတပ်ဦးစီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေး၏ သဘာပတိဖြစ်သူ ဘရူနိုင်းနိုင်ငံရေတပ်ဦးစီးချုပ် First Admiral Spry Bin Haji Serudi@Haji Seruji က (၁၅)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယခင်နှစ် (၁၄) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး မှတ်တမ်းကို အတည်ပြုသည်။ ထို့နောက် ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်းပင်လယ်ရေကြောင်းလုံခြုံရေးအခြေအနေများကို အကျဉ်းချုပ်တင်ပြဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက Blue Economy: "We care, We prepare, We prosper" "ပင်လယ်ပြာ စီးပွားရေးအပေါ် ဂရုပြုပြင်ဆင်အောင်ပွဲဝင်" ဟူသော ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က မြန်မာနိုင်ငံအတွင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို ဦးစားပေးလုပ်ငန်းရပ်အနေဖြင့် ဆောင်ရွက်နေမှု၊ ဒေသတွင်းရေကြောင်းလုံခြုံရေး အခြေအနေ၊ Blue Economy နှင့်ပတ်သက်၍ ASEAN အဖွဲ့အနေဖြင့် ပူးပေါင်းလုပ်ဆောင်မှုတိုးမြှင့်ဆောင်ရွက်သွားရန်အခြေအနေများကို ဆွေးနွေးခဲ့ပြီး ASEAN ရေတပ်ဦးစီးချုပ်များက ဒေသတွင်းပင်လယ်ပြင်လုံခြုံရေးကို စုပေါင်း၍ တိုးမြှင့်ဆောင်ရွက်ကြရန်၊ လက်ရှိ ကိုဗစ် -၁၉ ရောဂါ သက်ရောက်မှုအရ New Normal အခြေအနေတွင် အကောင်းဆုံးဖြေရှင်းမှုကို အာဆီယံ Teamwork ဖြင့် ဆောင်ရွက်ကြရန်နှင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်းစဉ်ကို ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို အမြင်ချင်းဖလှယ်ကြသည်။

ယင်းနောက် အာဆီယံရေတပ်လေ့ကျင့်ရေးဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေး အစီအစဉ်၏ လုပ်ငန်းကျွမ်းကျင်အဖွဲ့ အစည်းအဝေး ANTEEP (အန်းတိပ်) Working Group ဆွေးနွေးချက်ရလဒ်များ၊ (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းလုံခြုံရေးနှီးနှောဖလှယ်ပွဲ (4th International Maritime Security Symposium (IMSS–2021) နှင့် (၁၇) ကြိမ်မြောက် အနောက်ပစိဖိတ်ဒေသ ရေတပ်နှီးနှောဖလှယ်ပွဲ (17th Western Pacific Naval Symposium – WPNS) နှင့်ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံများက တင်ပြကြပြီး အာဆီယံ ရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း (ASEAN Multilateral Naval Exercise–AMNEX) (အန်းနက်) နှင့် အာဆီယံရေတပ်များ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်မည့် (၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်း (16th ANCM)၊ ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်မည့် (၁၇) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (17th ANCM)နှင့် ဒုတိယအကြိမ်မြောက် အာဆီယံရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း(2nd ASEAN Multilateral Naval Exercise – AMNEX)တို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘာပတိ၊ ဘရူနိုင်းရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၁**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်း ကျောက်ကြမ်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာခန်းမဆောင်နှင့် စာသင်ကျောင်းမြေထိန်းနံရံ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းစုကျေးရွာ ဆင်အုံငါးမွေးမြူ ကုန်ထုတ်သမဝါယမအသင်း၌ အသင်းအမှုဆောင်များနှင့် တွေ့ဆုံကာ စိုက်ပျိုးကုန်ထုတ် သမဝါယမအသင်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းများ အောင်မြင်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး အသင်းအမှုဆောင်များ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လယ်ဝေးမြို့နယ် ကန်လှကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာ အိမ်အရောက် ရေရရှိရေးလုပ်ငန်းနှင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၇ ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၁၈ မိုင် ၂ ဖာလုံ၊ ကျေးလက်ကုန်ထုတ်တံတား ၄၂ စင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခုနစ်ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၃၄ ကြိမ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ချန်းရှိချင်းယန့် ကုမ္ပဏီလီမိတက်မှ လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး ၁၀၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၁**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ချန်းရှိချင်းယန့် ကုမ္ပဏီလီမိတက်မှ လီတာ ၄၀ အောက်ဆီဂျင်အိုး ၁၀၀၀ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချန်းရှိချင်းယန့် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုလို ကိုဗစ်-၁၉ ရောဂါကုသရေးတွင် အရေးကြီးသည့် အောက်ဆီဂျင်အိုးအလုံး ၁၀၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းပေးသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ လက်ခံရရှိသည့် အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများနှင့် ပြည်သူ့ဆေးရုံကြီးများသို့ အမြန်ဆုံး ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)အား ပြန်လည်သုံးသပ်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၁**
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉) အား ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်နိုင်ရေးနှင့် နိုင်ငံတကာစနစ်များနှင့် လျော်ညီစွာ မိမိတို့နိုင်ငံ လက်တွေ့အခြေအနေများနှင့် ကိုက်ညီမှုရှိစေရေး ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှု၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအခန်းများကို သုံးသပ်နိုင်ရေး တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော လူမှုစီးပွားရေးအခြေအနေအပေါ် မူတည်၍ ကလေးသူငယ်များအပေါ် ခေါင်းပုံဖြတ်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများရှိနေသောကြောင့် ကလေးသူငယ်များအား ပိုမိုကာကွယ်စောင့်ရှောက်ပေးနိုင်ရန် လိုအပ်သဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြန်လည်သုံးသပ်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ကလေးသူငယ်များ၏ အခွင့်အရေးများကို ပိုမိုအလေးထားဆောင်ရွက်ရန်အတွက် ပြန်လည်သုံးသပ်လိုသည့်အချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအား အလွဲသုံးခြင်း၊ အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းများမှ ပိုမိုကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူ၊ မြေပြင်အမှန်တကယ် ဆောင်ရွက်နေသူများအနေဖြင့် အသေးစိတ် သုံးသပ်ဖော်ထုတ်သွားရန်နှင့် ဥပဒေတွင် သတ်မှတ်ချက်များကို တိကျစွာ ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အသေးစိတ်တာဝန်နှင့် စည်းကမ်းသတ်မှတ်ချက်များကို ဆက်လက်ရေးဆွဲဆောင်ရွက်မည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနည်းဥပဒေတွင် ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ် ဆွေးနွေးဆောင်ရွက်သွားရန် လိုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကို ပြန်လည်သုံးသပ်ရေးအတွက် လုပ်ငန်းအဖွဲ့အား ၁၆ ဦးဖြင့် ဖွဲ့စည်းပြီး ဆွေးနွေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဥပဒေ၏ ပြန်လည်သုံးသပ်ရန် လိုအပ်သည့် သက်ဆိုင်ရာအခန်းများ၊ ပုဒ်မများအလိုက် တွေ့ရှိချက်များနှင့် လျာထားပြင်ဆင်ရန်အချက်များကို သုံးသပ်တင်ပြ၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ကလေးသူများ၏ အခွင့်အရေးကို ဖော်ဆောင်ရသည့် ဌာနဖြစ်သည့် အားလျော်စွာ ကလေးသူငယ်၏ အခွင့်အရေးများကို တတ်နိုင်သမျှ အကောင်းဆုံးဖော်ဆောင်နိုင်ရေး၊ ဥပဒေဖြင့် အကာအကွယ်ဥပဒေပေးနိုင်ရေး အလေးပေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဥပဒေပိုင်းဆိုင်ရာ အမြင်ရှုထောင့်များကိုလည်း မျက်ခြည်မပြတ်စေရေးနှင့် ပြည်တွင်းအခြေအနေနှင့် ရေရှည်ကိုက်ညီ ဆီလျော်မှုရှိစေရေးကိုပါ အလေးပေးသုံးသပ်ရမည့် အချက်များ၊ ဥပဒေပိုမိုထိရောက်ကောင်းမွန်စေရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှု ကြည့်ရှုအားပေး

**ပဲခူး ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်းရှိစက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



### ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် စက်မှုဇုန်နယ်မြေအတွင်းရှိ စိန်ဟသ်ာစားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံ၌ အလုပ်သမားဦးရေ ၁၅၀၊ Gread Men and Bell Mart အထည်ချုပ်စက်ရုံရှိ အလုပ်သမားဦးရေ ၂၀၀ ခန့်နှင့် PungKook လက်ကိုင်အိတ်နှင့် ကျောပိုးအိတ်ထုတ်လုပ်သည့်စက်ရုံရှိ အလုပ်သမားဦးရေ ၁၅၀၀ တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ထိုးနှံပေးနေမှုများအားသွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတက္ကသိုလ်ဆေးရုံ၌ အောက်ဆီဂျင်လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လူနာ ၆၁ ဦး တက်ရောက်ကုသနိုင်ရန် အောက်ဆီဂျင်ပိုက်လိုင်းများ သွယ်တန်းပြီးစီးမှုနှင့် Flow Meter ၆၁ ခု တပ်ဆင်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အောက်ဆီဂျင်အိုးများ သယ်ယူ/ပို့ဆောင်မည့် မော်တော်ယာဉ်တစ်စီး စီစဉ်ပေးခဲ့ကာ အိမ်သုံးအောက်ဆီဂျင်စက်လေးလုံးအား ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးဟောင်းသို့ ရောက်ရှိခဲ့ပြီး ယင်းအဆောက်အအုံအား တိုးချဲ့လူနာဆောင်အဖြစ် ဆောင်ရွက်နိုင်ရေးနှင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ ဂျိုးသိန်းနှစ်ထပ်လူနာဆောင်အား အောက်ဆီဂျင်ပိုက်လိုင်း ၄၀၊ Flow Meter ၄၀ တပ်ဆင်နိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အဖွဲ့ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစုရပ်များ ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ဩဂုတ် ၉ ရက် ညနေပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျှော့ချရေး၊ မြို့နယ်တိုင်းတွင် အောက်ဆီဂျင်လုံလောက်မှုရှိစေရန် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုများ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် ပုသိမ်မြို့ မြို့တော်ခန်းမနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမတို့၌ စုရပ်များပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြရွှေဝါခန်းမ၌ ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးပြီး မြောင်းမြပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံ၍ ရင်ဆိုင်နေရသည့်အခက်အခဲများကို မေးမြန်းကာ အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းကုန်းပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကုသမှုပေးနေမှု၊ အခြားရောဂါများဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေမှုကို လိုက်လံကြည့်ရှုသည်။ ယင်းနောက် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လိုအပ်ချက်များနှင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး အ.ထ.က (၁) ကျောင်းကုန်း၌ စုရပ်ပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပန်းတနော်ပြည်သူ့ဆေးရုံ၌ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးမင်းသန်းက ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အောက်ဆီဂျင်ရရှိမှု၊ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၇၀ ကို ကုသမှုပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြို့နယ်ဆေးရုံများတွင် ကုသမှုခံယူနေရသည့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများကို ဆေးရုံကြီးများ၌ ရရှိနိုင်သော ကုသမှုများအတိုင်း ရရှိနိုင်ရန် ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄) ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကုသရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီနာယက မြို့တော်ဝန် ဦးဗိုလ်ဌေး၊ လုပ်ငန်းကော်မတီနာယက ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ မြို့တော်ဝန်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ အလှူငွေပေးအပ်ပွဲသို့ အလှူရှင် ၂၇ ဦးက အိမ်သုံးအောက်ဆီဂျင်စက် နှစ်လုံး၊ နှာခေါင်းစည်း ၃၂၀၀၀၊ Oximeter ၂၂ ခုနှင့် ငွေကျပ် ၈၁၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# မံစီမြို့နယ် နောင်ဒွဲဆည်အတွင်း ငါးမျိုးများ စိုက်ထည့်

**ဖန်းမော် ဩဂုတ် ၁၁**

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန် ရည်ရွယ်၍ ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြသိန်း ဦးဆောင်ကာ မံစီမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့တို့သည် ယမန်နေ့တွင် နောင်ဒွဲဆည်အတွင်းသို့ ဗန်းမော်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၃၀၀၀၀ နှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ တို့အား ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများရခြင်းအကြောင်းရင်းများ

**သေဆုံးမှုနှုန်းများစေခဲ့တဲ့ အဓိကကျတဲ့အချက်တွေကတော့ ဗီဇပြောင်းမျိုးစိတ်ဖြစ်တဲ့ ဒယ်လ်တာ (Delta) မျိုးစိတ်ကြောင့် ကူးစက်မှုနှုန်းမြင့်မားတာ၊ ရာသီဥတုအခြေအနေအရ ဗိုင်းရပ်စ်တွေရှင်သန်ပြီး ကူးစက်မှုများနိုင်တဲ့ အပူချိန်နည်းပြီး စိုထိုင်းဆများနေခဲ့တာ၊ ဆေးရုံ၊ ဆေးခန်းတွေမှာ ဝန်ထမ်းတွေ မလုံလောက်တာနဲ့ ကူးစက်မှုနှုန်းမြန်ပြီး လူနာအရေအတွက် ရုတ်တရက်မြင့်တက်လာတဲ့အချိန်မှာ ဆေးဝါးနဲ့ အောက်ဆီဂျင်ရှားပါးတဲ့ ပြဿနာတွေဟာ သေဆုံးမှုနှုန်းမြင့်မားစေခဲ့တဲ့ အဓိကအချက်အလက်တွေဖြစ်**

အခုအခါမှာ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်းဟာ ရှေ့မှာဖြစ်ပွားခဲ့တဲ့ ပထမလှိုင်း၊ ဒုတိယလှိုင်းတွေနဲ့ မတူဘဲ ကူးစက်ခံရသူနဲ့ သေဆုံးသူ စံချိန်တင် မြင့်မားတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒီတော့ ဘာကြောင့် သေဆုံးမှုနှုန်း မြင့်မားလာသလဲဆိုတဲ့ အချက်ဟာ ကျန်းမာရေးပညာရှင်တွေနဲ့ စီမံအုပ်ချုပ်သူတွေအတွက် အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ သိထားသင့်တဲ့အချက်တွေ ဖြစ်လာပါတယ်။ အဆိုပါအချက်တွေကို လေ့လာကြည့်တဲ့ အခါမှာ အောက်ပါအတိုင်း တွေ့ရမှာဖြစ်တယ်။

**(၁) ကိုဗစ်-၁၉ ရောဂါပိုး၏ သဘောသဘာဝ (Nature of Covid-19 Virus)**

အခု တတိယလှိုင်းမှာ ကူးစက်မှုမြန်ရခြင်းနဲ့ သေဆုံးမှုမြင့်မားရတဲ့ အခြေခံအကြောင်းရင်း တစ်ခုကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇ ပြောင်းလဲလာမှုကြောင့်ပဲဖြစ်တယ်။ အခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ဒယ်လ်တာ(Delta) မျိုးစိတ်ဟာ အယ်လ်ဖာ(Alpha) မျိုးစိတ်ထက် ကူးစက်မှု (၄၀% - ၆၀%) ပိုမြန်ပြီး မူလကနဦး ဝူဟန်မြို့မှစတင်ခဲ့တဲ့ မျိုးစိတ်ထက် ကူးစက်မှုနှစ်ဆပိုမြန်တာကို တွေ့ရှိရမှာဖြစ်တယ်။ အဲဒါအပြင် သုတေသနရလဒ်တွေ အရ ဒယ်လ်တာ (Delta) မျိုးစိတ် ကူးစက်ခံထားရသူတွေမှာ ဗိုင်းရပ်စ်ပမာဏ(Viral Load)ဟာ အခြား မျိုးစိတ်ကူးစက်ခံရသူတွေထက် အဆတစ်ထောင် ပိုများနေတယ်လို့ ဆိုတယ်။ ကာကွယ်ဆေးမထိုးထားတဲ့သူတွေမှာ ဒယ်တာ(Delta) မျိုးစိတ်ကူးစက်ခံရရင် အခြားမျိုးစိတ် ကူးစက်ခံထားရသူတွေထက် ဆေးရုံတက်ရနိုင်ခြေ နှစ်ဆပိုများသတဲ့။ ဒါပေမဲ့ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်အဝထိုးထားပြီးရင်တော့ ဒယ်လ်တာ(Delta) မျိုးစိတ်ကြောင့် ဆေးရုံတက်ရနိုင်ခြေနဲ့သေဆုံးနိုင်ခြေ လျော့နည်းစေတာကို တွေ့ရှိခဲ့ရတယ်။ တစ်နည်းအားဖြင့်ပြောရရင် ကာကွယ်ဆေးထိုးထားခြင်းဟာ ပြင်းထန် ကိုဗစ်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်တယ်ဆိုတာပါပဲ။

**(၂) အခြေခံကျန်းမာရေးအခြေအနေများ (Underlying Health Conditions)**

ကိုဗစ်ကြောင့် သေဆုံးနိုင်မှုကို လေ့လာကြည့်တဲ့အခါမှာ အရေးကြီးတဲ့အချက်တစ်ခုက လူတစ်ဦးရဲ့ အခြေခံကျန်းမာရေးအခြေအနေပဲ ဖြစ်တယ်။ သုတေသနရလဒ်တွေအရတော့ ဆီးချိုရောဂါရှိတဲ့သူတွေဟာ ကိုဗစ်ကြောင့် ဆေးရုံတက်ရနိုင်ခြေနဲ့ သေဆုံးနိုင်ခြေအမြင့်ဆုံးသူတွေပဲဖြစ်တယ်။ အမျိုးအစား (၂) ဆီးချိုရောဂါရှိသူချင်း အတူတူတွေမှာတောင် အမျိုးသားတွေဟာ အမျိုးသမီးတွေထက် သေဆုံးနိုင်ခြေ ၁ ဒသမ ၆၁ ဆ ပိုရှိတယ်။ ကျောက်ကပ်လုပ်ငန်း ပျက်စီးနေသူ (Renal Failure) တွေဟာ လုံးဝကောင်းနေသူထက် သေဆုံးနိုင်ခြေ ၄ ဒသမ ၉၁ ဆရှိတယ်။ နှလုံးရောဂါနဲ့ ပတ်သက်ပြီး လေ့လာရမယ်ဆိုရင် ယခင်က နှလုံးသွေးကြောပိတ်ဆို့မှု (Myocardial Infarct) ရှိခဲ့ဖူးရင် သေဆုံးနိုင်ခြေ ၁ ဒသမ ၁၁ ဆ၊ ယခင်က လေဖြတ်ခဲ့ဖူးရင် ၂ ဒသမ ၀၂ ဆနဲ့ နှလုံးလုပ်ငန်းဆောင်တာပျက်စီးမှု (Heart Failure) ရှိခဲ့ဖူးရင် ၂ ဒသမ ၀၉ ဆ အသီးသီးပိုလာတာကို တွေ့ရှိရတယ်။ ဒါကြောင့် အခုတတိယလှိုင်းမှာ မူလရောဂါအခံရှိသူတွေဟာ ကူးစက်ခံရရင် ရောဂါဒဏ်ကို အခြားသူတွေထက် ပိုမိုခံစားရပြီး သေဆုံးမှုမြင့်မားတာကို တွေ့ရှိရမှာ ဖြစ်တယ်။

**(၃) အသက်အရွယ် (Age)**

ရောဂါကြောင့် သေဆုံးနိုင်ခြေကို လေ့လာတဲ့ အခါတိုင်း မပါမဖြစ် အရေးကြီးတဲ့အချက်ကတော့ ကူးစက်ခံရသူရဲ့ အသက်အရွယ်ပဲ ဖြစ်တယ်။ သုတေသနရလဒ်တွေအရ အသက် ၆၀ ကျော်လာတာနဲ့အမျှ ရောဂါပြင်းထန်မှုနဲ့ သေဆုံးမှု မြင့်မားလာတာကို တွေ့ရှိလာရတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အသက်အုပ်စု (၇၀-၇၉)နှစ် အရွယ်တွေဟာ (၆၀-၆၉)နှစ် အရွယ်တွေထက် သေဆုံးနိုင်ခြေ ၁ ဒသမ ၉၄ ဆ၊ အသက်အုပ်စု (၈၀-၈၉)နှစ် အရွယ်တွေက (၆၀-၆၉)နှစ် အရွယ်တွေထက် သေဆုံးနိုင်ခြေ ၄ ဒသမ ၅၂ ဆ အသီးသီးပိုရှိတယ်ဆိုတာကို တွေ့ရှိရတယ်။ အခု သေဆုံးသွားတဲ့သူတွေကို ကြည့်လိုက်ရင်လည်း သေဆုံးသူ အများစုဟာ အသက်အရွယ် ကြီးရင့်သူတွေ ဖြစ်တယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။

**(၄) ကိုယ်ခံအားစနစ် (Immune System)**

သဘာဝအရလူသားတွေမှာ ကိုယ်ခန္ဓာအတွင်း ဝင်ရောက်လာတဲ့ ရောဂါပိုးတွေကို တိုက်ခိုက်နိုင်တဲ့ ကိုယ်ခံအားစနစ်တွေ ရှိကြပါတယ်။ ဒါပေမဲ့ အချို့သူတွေမှာ ရောဂါကြောင့်ဖြစ်စေ၊ သုံးစွဲနေတဲ့ ဆေးတွေကြောင့်ဖြစ်စေ ကိုယ်ခံအားကျဆင်းနေတာမျိုး ရှိနိုင်တယ်။ ဒါကြောင့် အခုသေဆုံးသွားတဲ့ သူတွေကိုကြည့်ရင် ခုခံအားကျဆင်းမှုရောဂါ (AIDS)၊ ကင်ဆာဆေးသုံးစွဲနေရသူ စတဲ့ ကိုယ်ခံအားနည်းနေသူတွေမှာ ရောဂါပိုမိုပြင်းထန်တာ၊ သေဆုံးခဲ့တာတွေကို တွေ့ရှိရမှာ ဖြစ်တယ်။

**(၅) ပြည်သူလူထု၏ ကျန်းမာစွာနေထိုင်နိုင်ရေး အမူအကျင့်များ (Health Seeking Behaviours of the Public)**

Health Seeking Behaviours လို့ပြောရင် လူတစ်ယောက်အနေနဲ့ ကျန်းမာစွာနေထိုင်နိုင်ရေး အတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို ဘယ်လောက်ထိ လိုက်နာဆောင်ရွက်သလဲဆိုတဲ့အချက်ကို သုံးသပ်ရမှာ ဖြစ်တယ်။

အခု ကိုဗစ်တတိယလှိုင်းမဖြစ်ခင်မှာ ပြည်သူတစ်ဦးချင်းရဲ့ နှာခေါင်းစည်း(Mask) တပ်တာ၊ လက်မကြာခဏဆေးတာ၊ လူစုလူဝေးကို ရှောင်ကြဉ်တာ စတဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ လိုက်နာသင့်တဲ့ အချက်တွေအပေါ် လိုက်နာမှုကို လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ လူစုလူဝေးတွေမှာ အကြိမ်များစွာပါဝင်ခဲ့တာနဲ့အခြေခံကျတဲ့ နှာခေါင်းစည်း(Mask) တပ်ခြင်းဆိုတဲ့အချက်ကိုပဲ လိုက်နာဖို့ အားနည်းခဲ့တာကို တွေ့ရမှာဖြစ်တယ်။

အဲဒီလိုပဲ ပြည်သူလူထုဟာ ခေတ်အဆက်ဆက်မှာ ဆေးရုံ၊ ဆေးခန်းတွေကို ကြောက်တဲ့အတွက် ရောဂါဖြစ်လာရင် ဆေးမြီးတိုတွေ၊ သမားယောင်တွေနဲ့ကုသတတ်တဲ့ဓလေ့တွေဟာ အခုအချိန်အထိ ဒေသအနှံ့မှာ ရှိနေဆဲဖြစ်တယ်။ ဒါကြောင့် အခု တတိယလှိုင်းမှာ ကိုဗစ်လို့ သံသယရှိလာတဲ့ အခါမှာလည်း လူထုဟာ ကျွမ်းကျင်ပညာရှင်တွေဖြစ်တဲ့ ဆရာဝန်၊ သူနာပြုတွေနဲ့ ဆွေးနွေးတာထက် သမားယောင်တွေနဲ့ကုသတာ၊ ဆေးမြီးတိုဖြစ်တဲ့ တမာရွက်၊ ချင်းပြုတ်၊ ခွေးတောက်ရွက်တွေနဲ့ ကုသတာတွေကို ပြုလုပ်ခဲ့ကြတာ တွေ့ရမှာဖြစ်တယ်။ ဒီလိုအလေ့အထရှိနေတဲ့အပေါ်မှာ ဆေးရုံတွေမှာ လုံလောက်တဲ့ ဆရာဝန်၊ သူနာပြုတွေ မရှိဘူးဆိုတဲ့သတင်းဟာလည်း ပြည်သူလူထုကို ဆေးရုံ၊ ဆေးခန်းတွေနဲ့ ပိုမိုဝေးကွာသွားစေပြီး သေဆုံးမှုနှုန်းကို မြင့်တက်လာစေခဲ့တယ်။

**(၆) ပတ်ဝန်းကျင်အခြေအနေများ (Environmental Conditions)**

ရောဂါပိုးတွေရဲ့ ကူးစက်မှုတွေကို လေ့လာတဲ့ အခါတိုင်း မဖြစ်မနေထည့်တွက်ရတဲ့ အချက်တစ်ခုကတော့ ပတ်ဝန်းကျင်အနေအထားပဲ ဖြစ်တယ်။ အဲဒီအထဲမှာ ပတ်ဝန်းကျင်အပူချိန် (Temperature) နဲ့ စိုထိုင်းဆ (Humidity) တို့ဟာ အရေးကြီးတဲ့ အချက်တွေပဲ ဖြစ်တယ်။ သုတေသနရလဒ်တွေအရ တုပ်ကွေးကဲ့သို့သော ကိုဗစ်-၁၉ ရောဂါပိုးတွေဟာ အပူချိန်နည်းပြီး စိုထိုင်းဆများတဲ့ပတ်ဝန်းကျင်တွေမှာ ပိုပြီးကူးစက်မှုမြန်တာကို တွေ့ရှိရတယ်။

အခု ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်တဲ့အချိန်ကို လေ့လာကြည့်တဲ့အခါမှာ ရန်ကုန်မြို့နဲ့ပတ်ဝန်းကျင်မှာ မိုးသည်းထန်စွာ နေ့စဉ်ရက်ဆက်ရွာသွန်းခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပတ်ဝန်းကျင်မှာ အပူချိန်ကျဆင်းနေပြီး စိုထိုင်းဆတက်နေတာကို တွေ့ရမှာဖြစ်တယ်။ ဒါတွေဟာ ကိုဗစ်-၁၉ ရောဂါပိုးအနေနဲ့ ပိုမိုရှင်သန်ကူးစက်နိုင်တဲ့ အနေအထားဖြစ်တာကိုလည်း သတိမူရမှာ ဖြစ်တယ်။

အဆိုပါအခြေအနေကို ပိုဆိုးစေတာက လူတွေအနေနဲ့ မိုးရွာနေတဲ့အတွက် မိမိတို့ရဲ့ နေအိမ်တံခါးတွေ၊ ပြတင်းပေါက်တွေကို ပိတ်ထားရခြင်းကြောင့် လေဝင်၊ လေထွက်မကောင်းတဲ့ ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး အိမ်အတွင်းမှာ နေထိုင်တဲ့သူအကုန်လုံးကို ကူးစက်ခံခဲ့ရတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါကြောင့် အခုတတိယလှိုင်းမှာ တစ်အိမ်လုံးကူးစက်ခံရခြင်းနဲ့ မိသားစုတစ်ခုအတွင်းမှ မိသားစုဝင်များစွာ သေဆုံးရခြင်းဆိုတဲ့ ကြေကွဲဝမ်းနည်းဖွယ်ဇာတ်လမ်းများစွာကို ကြားသိခဲ့ကြရမှာ ဖြစ်တယ်။

**(၇) လူနေသိပ်သည်းမှု (Population Density)**

လူနေသိပ်သည်းမှုဟာ ရောဂါပိုးကူးစက်ပျံ့နှံ့မှုရဲ့ အခြေခံအကြောင်းအရာတစ်ခု ဖြစ်တယ်။ အခု တတိယလှိုင်းမှာ အများဆုံးကူးစက်ခံရတာကတော့ ရန်ကုန်တိုင်းဒေသကြီးပဲ ဖြစ်တယ်။ တိုင်းပြည်အတွင်းမှာ လူနေသိပ်သည်းမှုကိုကြည့်လိုက်မယ်ဆိုရင်လည်း ရန်ကုန်မြို့ဟာ တစ်ကီလိုမီတာပတ်လည်မှာ လူဦးရေ ၁၂၃၀၈ ဦးနဲ့ လူဦးရေ အသိပ်သည်းဆုံး ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်တယ်။ ဒီနေရာမှာ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ လူနေသိပ်သည်းမှုဟာ တစ်ကီလိုမီတာပတ်လည်မှာ လူဦးရေ ၈၃ ဦးပဲ ရှိတယ်ဆိုတာကို သတိမူရမှာ ဖြစ်တယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့ကြီးဟာ အခြားသောမြို့ကြီးတွေထက် ကူးစက်မှုနှုန်းနဲ့သေဆုံးမှုနှုန်း အများဆုံးဖြစ်ခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။

## ကိုလူ

**(၈) ကာကွယ်ဆေး ထိုးနှံထားရှိမှု**

ကိုဗစ်တတိယလှိုင်းမှာ တွေ့ရှိရတဲ့အချက်တစ်ခုကတော့ ကာကွယ်ဆေး ထိုးနှံပြီးတဲ့သူတွေဟာ ရောဂါကူးစက်ခံရပေမယ့် ရောဂါလက္ခဏာပြင်းထန်မှုမရှိဘဲ သေဆုံးနိုင်တဲ့အခွင့်အလမ်းနည်းပါးတာပဲဖြစ်တယ်။ အထူးသဖြင့် အဓိကကူးစက်မှုဖြစ်ပွားခဲ့တဲ့ ရန်ကုန်မြို့မှာဆိုရင် ကာကွယ်ဆေး ထိုးနှံထားပြီးတဲ့သူတွေဟာ ရောဂါကူးစက်မှုဒဏ်ကို ခံနိုင်ရည်ရှိခဲ့ပြီး အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့တဲ့သူတွေဟာ ကာကွယ်ဆေး မထိုးထားတဲ့သူတွေဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ရတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကိုဗစ်-၁၉ ရောဂါကို ကျော်ဖြတ်နိုင်ဖို့အတွက် ကာကွယ်ဆေးကို မဖြစ်မနေထိုးကြရမှာဖြစ်တယ်။

**(၉) ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ်**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို တုံ့ပြန်ဆောင်ရွက်တဲ့အခါမှာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ်အတွင်းမှာရှိတဲ့ လူ့အင်အားအရင်းအမြစ် (Human Resources) နဲ့ ပစ္စည်းကိရိယာအရင်းအမြစ် (Material Resources) တို့ဟာလည်း အရေးကြီးတဲ့အချက်တွေ ဖြစ်ကြတယ်။ လူ့အင်အားအရင်းအမြစ်လို့ဆိုတဲ့နေရာမှာ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ ကျွမ်းကျင်ပညာရှင်တွေသာမက စေတနာ့ဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ အရေအတွက်တွေကိုပါ ထည့်သွင်းတွက်ချက်ရမှာ ဖြစ်တယ်။

အခု တတိယလှိုင်းဖြစ်တဲ့အခါမှာ ယခင်လှိုင်းတွေနဲ့မတူတဲ့အချက်ကတော့ ဆေးရုံ၊ ဆေးခန်းတွေမှာ ဆရာဝန်၊ သူနာပြုတွေ မလုံလောက်ခြင်းနဲ့ စေတနာ့ဝန်ထမ်းတွေ နည်းပါးခြင်းပဲ ဖြစ်တယ်။ ဒါ့အပြင် ကူးစက်မှုနဲ့ သေဆုံးမှုနှုန်းများလာတဲ့အခါမှာ လူအများအနေနဲ့ ကြောက်လန့်ပြီး အောက်ဆီဂျင်နဲ့ ဆေးဝါးတွေ အလုအယက်ဝယ်ယူလာတဲ့အတွက် ဆေးဝါးနဲ့ အောက်ဆီဂျင်ရှားပါးမှု၊ ဈေးကြီးမှု ပြဿနာတွေကိုပါ ရင်ဆိုင်လာရပါတယ်။ အခု ကိုဗစ်တတိယလှိုင်းမှာ ကြုံတွေ့ရတဲ့ ပြဿနာတွေထဲမှာ အောက်ဆီဂျင် မလုံလောက်မှုပြဿနာဟာ အရေးအကြီးဆုံး ပြဿနာတစ်ခု ဖြစ်လာတဲ့အထိ ကြီးမားခဲ့တာကို တွေ့ရှိခဲ့ရတယ်။

အဲဒီလို ဆေးဝန်ထမ်း မလုံလောက်မှု၊ ဆေးဝါးနဲ့အောက်ဆီဂျင် မလုံလောက်မှု ကြုံတွေ့လာရတဲ့ အခါမှာ ကူးစက်ခံရသူတွေဟာ ဆေးရုံ၊ ဆေးခန်းတွေမှာပြုစုကုသမှုခံယူတာထက်မိမိနေအိမ်အတွင်းမှာ ကုသမှုခံယူလာကြတဲ့အတွက် အိမ်တွင်းကူးစက်မှုတွေ ပိုမိုတိုးလာတာကိုလည်း တွေ့ရှိခဲ့ရတယ်။ အိမ်တစ်အိမ်အတွင်းမှာ အိမ်သားများစွာ ကူးစက်ခံရတဲ့အခါမှာ ပြုစုကုသပေးနိုင်မှု အားနည်းလာတဲ့အတွက် ကိုယ်ခံအားနည်းပြီး ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေ သေဆုံးမှုများခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။

အထက်ပါအချက်တွေဟာ ကိုဗစ်တတိယလှိုင်းမှာ သေဆုံးမှုနှုန်း များစေခဲ့တဲ့အချက်တွေပဲ ဖြစ်တယ်။ ဒီအချက်တွေထဲမှာ အဓိကကျတဲ့အချက်တွေကတော့ ဗီဇပြောင်းမျိုးစိတ်ဖြစ်တဲ့ ဒယ်လ်တာ (Delta) မျိုးစိတ်ကြောင့် ကူးစက်မှုနှုန်းမြင့်မားတာ၊ ရာသီဥတု အခြေအနေအရ ဗိုင်းရပ်စ်တွေ ရှင်သန်ပြီး ကူးစက်မှုများနိုင်တဲ့ အပူချိန်နည်းပြီး စိုထိုင်းဆများနေခဲ့တာ၊ ဆေးရုံ၊ ဆေးခန်းတွေမှာ ဝန်ထမ်းတွေမလုံလောက်တာနဲ့ ကူးစက်မှုနှုန်းမြန်ပြီး လူနာအရေအတွက် ရုတ်တရက်မြင့်တက်လာတဲ့အချိန်မှာ ဆေးဝါးနဲ့ အောက်ဆီဂျင်ရှားပါးတဲ့ ပြဿနာတွေဟာ သေဆုံးမှုနှုန်း မြင့်မားစေခဲ့တဲ့ အဓိကအချက်အလက်တွေဖြစ်တယ်လို့ သုံးသပ်လိုက်ရပါတယ်။ ။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပုလဲဆရာတော်အား သွားရောက်ဖူးမြော်ပြီး ပုလဲအောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု ကြည့်ရှု

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက် ၁၀ နာရီက မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက် မဟာမင်းထင်တိုက် မိုးကုတ်ရိပ်သာကျောင်းရှိ ပုလဲပရဟိတဖောင်ဒေးရှင်းသို့ သွားရောက်ကာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရဘဒ္ဒန္တပညာဝံသ (ပုလဲဆရာတော်)အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပုလဲဆရာတော်တို့သည် ပုလဲပရဟိတဖောင်ဒေးရှင်းကျောင်းအတွင်း အောက်ဆီဂျင်စက်ထားရှိရန် ပြင်ဆင်ထားရှိမှုကိုကြည့်ရှု၍ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်ဈေးတောင်ဘက်ပြည်ကျောင်းတိုက် လောကတ္ထစရိယ ပုလဲပရဟိတကျောင်းအတွင်း အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုများ ကြည့်ရှုသည်။

ပုလဲဆရာတော် ဦးစီးတည်ထောင်သော ပုလဲပရဟိတဖောင်ဒေးရှင်းသည် ၂၀၁၁ ခုနှစ်မှစတင်၍ လူနာများအတွက် အသက်ကယ်လေ (အောက်ဆီဂျင်) အလှူစီမံကိန်းကို ဆောင်ရွက်လျက်ရှိကာ ယခုအခါ လီတာ ၄၀ ဆံ့ အိုး ၁၂၀ ထုတ်လုပ်နိုင်သော စက်နှစ်လုံးနှင့် လီတာ ၄၀ ဆံ့ အိုး ၃၈၀ ထုတ်လုပ်နိုင်သော အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# သန်လျင်မြို့နယ်ရှိ ပုဂ္ဂလိကပိုင် မွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၁**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာအုပ်စုရှိ ပုဂ္ဂလိကပိုင် မဟာနန်းတော်ဆိတ်မွေးမြူရေးခြံနှင့် တဲပြာနို့စားနွားမွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဘော့ချောင်းကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး ငါးမွေးမြူရေးဦးစီးဌာနက ပြုလုပ်သည့် ငါးမျိုးစိုက်ထည့်ပွဲသို့ တက်ရောက်၍ ဘော့ချောင်းအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ခြောက်သိန်းကျော် ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ခဲ့ပြီး စစ်ပင်ကွင်းကျေးရွာရှိ နည်းပညာပေးရေး စခန်း၌ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကပြုလုပ်သည့် ဒေသခံတောင်သူများအား ပင်လယ်ကိုးသွယ်ကုမ္ပဏီက စိုက်ပျိုးစရိတ်ငွေနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ် ကြက်ခြေနီအသင်းခွဲ ကြက်ခြေနီတပ်ဖွဲ့သို့ အောက်ဆီဂျင်အိုးများနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**မင်္ဂလာဒုံ ဩဂုတ် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲ ကြက်ခြေနီတပ်ဖွဲ့သို့ ထောက်ကြန့် ခုနစ်ရက်သားသမီးများ စုပေါင်းပြီး လှူဒါန်းသော အောက်ဆီဂျင်အိုး ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီတွင် အဆိုပါမြို့နယ် ကြက်ခြေနီအသင်းခွဲ ရုံးရှေ့၌ ပြုလုပ်သည်။

ရှေးဦးစွာ ထောက်ကြန့်စံပြရပ်ကွက် ဩဘာသလမ်း ခုနစ်ရက်သားသမီးများစုပေါင်း၍ လှူဒါန်းကြသော အလှူရှင်များကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါ်စိမ်းမို့မို့(ခ)ဒေါ်ပန်းနုစိမ်းက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးလေးလုံး၊ ၁၅ လီတာဆံ့ အောက်ဆီဂျင်အိုး ခြောက်လုံး စုစုပေါင်း ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအေးသွင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**





နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ ဖွင့်လှစ်ထားသော အောင်မြင့်မိုရ် ကိုဗစ်စင်တာရှိ လူနာ ၂၂၀ အတွက် ဖြည့်စွက်စာများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။ ဇော်မင်းလတ်

**ကိုဗစ် - ၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်

**ကနောင်**

ဇူလိုင်လကုန် နံနက်ခင်းသည် မိုးစက်ပွင့်တို့ဖြင့် အလှဆင်ထားသည်။ ရပ်ကွက်ရုံးအချို့၊ စုရပ်အချို့တွင် အသက် ၆၅ နှစ်အထက် အဘိုး၊ အဘွားတို့က စောင့်ဆိုင်းနေကြပြီ။ အများအကျိုး၊ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးအတွက် စေတနာထားထမ်းရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ ရဟန်း၊ သီလရှင်၊ ဘာသာရေးအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များကလည်း ရောက်ရှိနေကြသည်။ "ခါးလေးထောက်ပေးပါ ခင်ဗျာ" ဟူသော ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်း၏စကားအဆုံးတွင် အဘိုး၊ အဘွားတို့ ငြိမ်သက်စွာကာကွယ်ဆေးထိုးနှံရန် အသင့်ဖြစ်နေကြပါပြီ။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ကို အခြားသောနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင် တွေ့ကြုံခံစားနေကြရသည်။ ဇူလိုင်လသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူထားသည့် ခြောက်လပြည့်မြောက်သည့်လဖြစ်သကဲ့သို့ ပြည်သူအားလုံးအတွက် ကိုဗစ်–၁၉ တတိယလှိုင်း ပြင်းပြင်းထန်ထန်အရိုက်ခတ်ခံခဲ့ရသည့် လတစ်လလည်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက ပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

CDM ကြောင့် ကျန်းမာရေးဝန်ထမ်းအင်အား နည်းပါးချိန် ရှိသမျှအင်အားကို စုစည်းကာ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ ပရဟိတစေတနာရှင်လုပ်အားရှင်များက ကိုဗစ် – ၁၉ ရောဂါကို ရှေ့တန်းမှ စုပေါင်းကာကွယ်ပေးလျက်ရှိကြသည်။ နိုင်ငံတော်ကလည်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဇူလိုင်လတစ်လတည်းမှာပင် ညှိနှိုင်းအစည်းအဝေးပေါင်း ငါးကြိမ်နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အစည်းအဝေးတစ်ကြိမ်တို့ဖြင့် အရေးကြီးသည့်မူဝါဒများ ချမှတ်ခြင်း၊ ချက်ချင်းအကောင်အထည်ဖော်ရန်နှင့် ဆုံးဖြတ်ချက်များချမှတ်ရန် ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ရုံးများ၊ ကျောင်းများကို အချိန်မီပိတ်ထားလိုက်ခြင်း၊ အောက်ဆီဂျင်လိုအပ်ချက်ကို နည်းလမ်းပေါင်းစုံဖြင့် ဖြည့်တင်းပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါကုသခြင်း စသည်တို့အတွက် ကွာရန်တင်းစင်တာများ၊ ကိုဗစ်စင်တာများကို ရက်ပိုင်းအတွင်း အမြန်ဆုံးတိုးချဲ့ဖွင့်လှစ်ခြင်း၊ ရောဂါထပ်မံကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည့် အရေးအကြီးဆုံးလုပ်ဆောင်ချက်ဖြစ်သည့် ပြည်သူလူထုကို ကာကွယ်ဆေးအမြန်ဆုံးထိုးနှံ လွှမ်းခြုံနိုင်ရေးစသည့် လုပ်ဆောင်ချက်များကို တစ်လတာအတွင်း အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### နိုင်ငံတော်အကြီးအကဲ၏ တာဝန်ယူဆောင်ရွက်ချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင်လ ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားသို့ Video Message ဖြင့်အမှာစကားပေးပို့ခဲ့ပြီး မြန်မာအမျိုးသမီးများ၏ အစွမ်းအစကို မြှင့်တင်နိုင်စေရေးနှင့် မျိုးဆက်သစ် မြန်မာအမျိုးသမီးများ၏ဘဝ လုံခြုံရေးနှင့် စွမ်းရည်မြင့်မားရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြစေရေး တိုက်တွန်းခဲ့ပါသည်။

ဇူလိုင်လ ၉ ရက်က ကျင်းပသည့် ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ မြှင့်တင်ရန်၊ ကုသခြင်း၊ ရောဂါကာကွယ်ခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ရန်နှင့် လူမှုရေးအသင်းအဖွဲ့၊ ပရဟိတစိတ်ရှိသူများနှင့် ပူးပေါင်းအကောင်အထည်ဖော်ရန် တို့ကို မှာကြားဆွေးနွေးခဲ့ပါသည်။ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာနှင့်ပတ်သက်၍ ဘဏ္ဍာငွေသုံးစွဲရာတွင် ကန့်သတ်ချက်ထားခြင်း မရှိဘဲ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနေသူများအတွက် အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းရန်၊ ဆေးရုံသို့အချိန်မီရောက်ရှိရန်နှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ထိရောက်စွာ အမြန်ဆုံးအကောင်အထည်ဖော်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ဒုတိယအကြိမ်မြောက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၂ ရက်တွင် ထပ်မံကျင်းပခဲ့ပြီး ရောဂါကူးစက်မှု သံသယရှိပါက အဆင့်ဆင့်ဆက်သွယ်ဆောင်ရွက်ရန် အစီအမံများကို ပြည်သူလူထုအကြား နားလည်သဘောပေါက်စေရေး၊ ကျန်းမာရေးနှင့်လျော်ညီသည့်နေရာများတွင် သီးသန့်နေထိုင်ကြရေးနှင့် အောက်ဆီဂျင်လိုအပ်မှု၊ ဖြည့်တင်းပေးနေမှုနှင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ပြည့်မီရေးအစီအမံများ ချမှတ်ရေးဆွဲနိုင်ခဲ့ပါသည်။

တတိယအကြိမ်မြောက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၈ ရက်တွင် ကျင်းပခဲ့ရာ၌လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်နှင့် အရပ်ဘက်ဆေးရုံများ၊ နေရာဌာနများ၌ လူဦးရေ ၆၉၀၀၀ ကျော်အတွက် စင်တာ ၁၉၃၄ နေရာခန့် ပြင်ဆင်ထားရှိပြီး ပိုးတွေ့လူနာများနဲ့ပတ်သက်ပြီး နေရာပေါင်း ၁၁၁၄ နေရာတွင် လူဦးရေ ၄၆၀၀၀ ထားရှိနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှု လျော့နည်းလာသည်ကို မြင်တွေ့ရသဖြင့် သတ်မှတ်စည်းကမ်းများ လိုက်နာကြသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် ကိုဗစ်တတိယလှိုင်းကို ရင်ဆိုင်ကျော်ဖြတ်နိုင်ရေး၊ ကူးစက်မှုလျော့ကျနိုင်ရေး၊ ကျန်းမာရေးအပါအဝင် ပြည်သူ့ဝန်ထမ်းများ ရောဂါကူးစက်မှု မဖြစ်ပွားစေရေး၊ ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာများကို ထိထိရောက်ရောက် ဖြန့်ကြက်ရောက်ရှိစေရေး၊ ဝေးလံခေါင်ဖျားဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အောက်ဆီဂျင်၊ ဆေးဝါးလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်ရေးအပါအဝင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ကြဖို့လိုအပ်ကြောင်း ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

စတုတ္ထအကြိမ်မြောက်ကျင်းပသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၂၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **"တစ်ဖက်က ကျန်းမာရေးဆိုင်ရာပုဂ္ဂိုလ်တချို့ကလည်း CDM လုပ်ထားတဲ့အတွက်ကြောင့် မလာကြဘူး။ ကျွန်တော်လည်း အကြိမ်ကြိမ်အခါခါ ဖိတ်ခေါ်တယ်။ ခင်ဗျားတို့လာကြပါ။ ဒါလူမှုရေးကိစ္စဖြစ်တယ်၊ နိုင်ငံ့အရေးကိစ္စဖြစ်တယ်၊ အမျိုးသားရေးကိစ္စဖြစ်တယ်၊ ကူညီရအောင်ပြောတယ်၊ တချို့လည်း လာကြတာရှိတယ်၊ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တာလည်း ရှိပါတယ်၊ ကျွန်တော်ထပ်ပြီး မေတ္တာရပ်ခံပါတယ်...ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်အားလုံး တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောလိုပါတယ်"**ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်ကိုလည်း တွေ့ရှိရပြီး ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အပါအဝင် အခြားအစီအမံများကိုလည်း အဆိုပါ အစည်းအဝေးအတွင်း ချမှတ်နိုင်ခဲ့ပါသည်။ **စာမျက်နှာ ၉ သို့** ✩

**ရုံးများ၊ ကျောင်းများကို အချိန်မီပိတ်ထားလိုက်ခြင်း၊ အောက်ဆီဂျင်လိုအပ်ချက်ကို နည်းလမ်းပေါင်းစုံဖြင့် ဖြည့်တင်းပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါကုသခြင်း စသည်တို့အတွက် ကွာရန်တင်းစင်တာများ၊ ကိုဗစ်စင်တာများကို ရက်ပိုင်းအတွင်း အမြန်ဆုံးတိုးချဲ့ဖွင့်လှစ်ခြင်း၊ ရောဂါထပ်မံကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည့် အရေးအကြီးဆုံးလုပ်ဆောင်ချက်ဖြစ်သည့် ပြည်သူလူထုကို ကာကွယ်ဆေးအမြန်ဆုံးထိုးနှံ လွှမ်းခြုံနိုင်ရေး စသည့် လုပ်ဆောင်ချက်များကို တစ်လတာအတွင်း အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့**

## ကိုဗစ်စင်တာများ၊ စမ်းသပ်စစ်ဆေးရေးစင်တာများကို တိုးချဲ့ဖွင့်လှစ်ရန်၊ အောက်ဆီဂျင်လိုအပ်ချက်ပြည့်မီစေရန်၊ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်များကို နယ်ပယ်များသတ်မှတ်၍ ဦးစားပေးအဆင့်အလိုက် စနစ်တကျ ထိုးနှံနိုင်ရေးအတွက် အစီအစဉ်များချမှတ်နိုင်ခဲ့

☆ စာမျက်နှာ ၈ မှ

ဇူလိုင်လ ၂၆ ရက်က ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရောက်ရှိလာသည့် ကာကွယ်ဆေးများအား ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ကြရန်အတွက် လမ်းညွှန်မှာကြား၍ အစီအမံများ ချမှတ်ခဲ့ကြကြောင်း သိရှိရပါသည်။ အဆိုပါအစည်းအဝေးတွင် ကိုဗစ်စင်တာများ၊ စမ်းသပ်စစ်ဆေးရေးစင်တာများကို တိုးချဲ့ဖွင့်လှစ်ရန်၊ အောက်ဆီဂျင်လိုအပ်ချက်ပြည့်မီစေရန်၊ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်များကို နယ်ပယ်များသတ်မှတ်၍ ဦးစားပေးအဆင့်အလိုက် စနစ်တကျ ထိုးနှံနိုင်ရေးအတွက်အစီအစဉ်များ ချမှတ်နိုင်ခဲ့သည်။

ဇူလိုင်လ ၂၇ ရက်က ကျင်းပသည့် ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ တွင် အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာတို့တွင် အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်အောင်၊ ကာကွယ်ဆေးများ အမြန်ဆုံး ရောက်ရှိအောင်နှင့် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူများ၏ ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝစေရေးအတွက် လမ်းညွှန်မှာကြားခဲ့ပါသည်။

### နိုင်ငံတကာသို့ သံတမန်ရေးအလေးထားဆက်ဆံ

အာဆီယံ - ရုရှား နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဇူလိုင်လ ၆ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်ရှင်းလင်းပြောကြားရာတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်အညီ ကြိုးပမ်းရေး၊ ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးမှုမှ စီးပွားရေးပြန်လည်ထူထောင်နိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မိမိတို့နိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းရှင်းလင်းပြောကြားခဲ့ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ MGIMO တက္ကသိုလ်မှ မြန်မာ့ရေးရာကျွမ်းကျင်ပညာရှင် တွဲဖက်ပါမောက္ခ Mrs. Kseniya Alexandrovna Efremova နှင့် ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatony Mikhainovich တို့ကို တွေ့ဆုံမေးမြန်းခဲ့ပြီး မြန်မာနိုင်ငံ၏လက်ရှိနိုင်ငံရေးအခြေအနေအပေါ် သုံးသပ်ချက်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကောင်းမွန်မှု၊ လာမည့်အနာဂတ်လူမှုစီးပွားပေါင်းစည်းမှု အလားအလာအပေါ် သုံးသပ်ဆွေးနွေးခဲ့သည်ကိုလည်း ပြည်သူများသိရှိလာစေရန်အတွက် နိုင်ငံပိုင်မီဒီယာများ၌ ဖော်ပြနိုင်ခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ - အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးသို့ ဇူလိုင်လ ၁၄ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးကြိုးပမ်းမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်ရှိကြောင်းနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (IAI) ကိုလည်း ဆက်လက်ကူညီပံ့ပိုးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

(၁၁) ကြိမ်မြောက် မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ဇူလိုင်လ ၂၁ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်၌ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားနိုင်ခဲ့ပါသည်။ (၅၄) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိ အစည်းအဝေးများ၊ အာဆီယံ၏ (၂၁) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးစသည့် နိုင်ငံတကာအစည်းအဝေးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက တက်ရောက်ခဲ့ကြသည်။




နေပြည်တော်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက်(၆၅)နှစ်နှင့်အထက် ဒေသခံပြည်သူများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

### နိုင်ငံတကာဖိအားများကို တွန်းလှန်ကာကွယ်

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဇူလိုင်လ ၂ ရက် ရက်စွဲဖြင့် တိကျခိုင်လုံမှုမရှိ၊ အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ ထုတ်ပြန်ပြောဆိုမှုများအတွက် ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့မှ ရရှိသည့် အတည်မပြုနိုင်သည့်အချက်အလက်များအပေါ် အခြေခံ၍ ဇွန်လ ၂၉ ရက်က ပြောဆိုခဲ့မှုများအပေါ် ပြင်းထန်စွာကန့်ကွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် အကြမ်းဖက်အဖွဲ့ NUG ဝက်ဘ်ဆိုက်အား အသိအမှတ်ပြုချိတ်ဆက်ထားခြင်းအပေါ် ကန့်ကွက်ထားပြီးဖြစ်သကဲ့သို့ ကုလသမဂ္ဂအနေဖြင့် သတင်းထုတ်ပြန်မှုနှင့် ရှင်းလင်းမှုများတွင် တိကျခိုင်လုံမှုမရှိသည့် အချက်အလက်များအပေါ် စိစစ်မှုမရှိတစ်ဖက်သတ် ပြောဆိုခြင်းမပြုလုပ်ရန်နှင့် ယင်းသို့ မပြုလုပ်မီ သက်ဆိုင်ရာအစိုးရများနှင့် ချိတ်ဆက်အတည်ပြုမှု အထူးလိုအပ်ပါကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၄၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံ အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့ နှုတ်ဖြင့် အစီရင်ခံစာတင်သွင်းမှုနှင့် ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ပြုလုပ်သည့် အပြန်အလှန်ဆွေးနွေးမှုများနှင့် စိစစ်မှုမရှိဘဲ တစ်ဖက်သတ်ပြောဆိုမှုများသာ ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်ကြောင်းနှင့် အစီရင်ခံစာတင်သွင်းသူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် တိုက်တွန်းတောင်းဆိုချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း စသည်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်တစ်စောင်ကို ဇူလိုင်လ ၉ ရက် ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လ ၁၃ ရက်ကထုတ်ပြန်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်မူ ဖေဖော်ဝါရီလအတွင်းက ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးအဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သည့် ဦးကျော်မိုးထွန်းက ကုလသမဂ္ဂ၏ အစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးမှုများသည် တရားဝင်ခြင်းမရှိကြောင်းနှင့် သူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုနှင့် အခြားသောပြစ်မှုများအရ တရားစွဲဆို ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်ကြောင်း၊ တရားရင်ဆိုင်ရေးနှင့် မြန်မာကိုယ်စားလှယ်အဖြစ် အသိအမှတ်မပြုရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာနိုင်ငံနှင့် အဖွဲ့အစည်းများထံ တရားဝင်အကြောင်းကြားထားကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအနေဖြင့် အိုအိုင်စီမှတင်သွင်းသည့် အဆို (မူကြမ်း) အား လက်မခံပယ်ချကြောင်း သဘောထားထုတ်ပြန်ချက်ကို ဇူလိုင်လ ၁၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဂျီနီဗာမြို့၌ ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ၏ (၄၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဇူလိုင်လ ၁၂ ရက်က အိုအိုင်စီက တင်သွင်းခဲ့သည့် ရိုဟင်ဂျာဆိုသူ မွတ်စလင်များနှင့် အခြားသောလူနည်းစုများ၏ အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ အဆိုတစ်ရပ်ကို သက်ဆိုင်ရာမြန်မာနိုင်ငံ မပါဝင်ဘဲ အတည်ပြုဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံက လက်မခံနိုင်သည့်သဘောထားကို ထုတ်ပြန်ထားခြင်းပင် ဖြစ်ပါသည်။

အကြမ်းဖက်အုပ်စုမှ ဇော်ဝေစိုးသည် ပြင်သစ်အစိုးရပိုင်ရုပ်သံသတင်းဌာန France 24 နှင့် ဇူလိုင်လ ၁ ရက်က တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ခဲ့ပြီး အကူအညီမဲ့နေသည့် မြန်မာပြည်သူများသည် မိမိကိုယ်ကို ခုခံသည့်နည်းလမ်းမှလွဲ၍ အခြားနည်းလမ်းများကို အသုံးမပြုနိုင်တော့ကြောင်းနှင့် နိုင်ငံတကာကကူညီရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။ ဇော်ဝေစိုး၏ ပြောကြားချက်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်သူများအား ခုခံကာကွယ်ပြောဆိုခဲ့ပြီး အားပေးအားမြှောက်ပြုလုပ်နေခြင်းလည်း ဖြစ်ခြင်းကြောင့် ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပြီး ယင်းသို့တွေ့ဆုံမေးမြန်းသည်ကိုလည်း မြန်မာနိုင်ငံက ကန့်ကွက်ကြောင်းသတင်းထုတ်ပြန်ချက် ကို ဇူလိုင်လ ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါကို ထိန်းချုပ်တားဆီးရန် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံက အစိုးရနှင့် ပြည်သူလက်တွဲတွန်းလှန်နေချိန်တွင် အချင်းချင်းစိတ်ဝမ်းကွဲပြားမှုများနှင့် သံသယများဖြစ်ပေါ်စေရန်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေခြင်းအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာရှုတ်ချခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်တစ်စောင်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင်လ ၃၀ ရက်စွဲဖြင့်ထုတ်ပြန်ထားသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဗြိတိန်နိုင်ငံ၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံဆိုင်ရာ Arria Formula အစည်းအဝေးကို ဇူလိုင်လ ၂၉ ရက်က နယူးယောက်မြို့တွင် ကျင်းပခဲ့ပြီး ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်လုပ်ကြံဖန်တီးထားသည့် တစ်ဖက်သတ် သတင်းအချက်အလက်များကို အခြေခံဆွေးနွေးခဲ့သည့်အပြင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG နှင့်ဆက်စပ်သူများပါဝင်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးတွင် ၎င်းတို့ပါဝင်တက်ရောက်မှုနှင့် ဆွေးနွေးပြောကြားချက်များကို ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်းနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် သဘောထားတို့ကို ရှင်းလင်းပြတ်သားစွာ သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ အမည်အလွဲအသုံးပြုပြီး သတင်းအမှားတစ်ပုဒ် လုပ်ကြံထုတ်ပြန်ထား

**နေပြည်တော် ဩဂုတ် ၁၁**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ အမည်အလွဲအသုံးပြုပြီး ပူးတွဲပါသတင်းအမှားတစ်ပုဒ်ကို လူမှုကွန်ရက်တွင် လုပ်ကြံထုတ်ပြန်ထားသည်။

အဆိုပါသတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က အမှန်တကယ်ထုတ်ပြန်ထားသည့် သတင်းမဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**





"အိမ်စောင့်အစိုးရအား ကုလသမဂ္ဂမှ အသိမှတ်ပြုရန် တပ်မတော်အလံ နှင့် ပြည်နိုင်ဖြိုးအလံများ အိမ်ရှေ့တွင် လွှင့်ထူပေးကြဖို့ နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း"

[illegible]၂၁ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ[illegible]စည်းအဝေး၌ ပြည်[illegible]ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအား နိုင်ငံကိုယ်စားပြု[illegible]က်ရောက်ခွင့် ရရှိဖို့အတွ[illegible] ပြည်သူများက မိမိတို့၏ နေအိမ်ရှေ့မှောက်တွင် တပ်မတော်အလံ[illegible]င့် ပြည်နိုင်ဖြိုးအလံများ လွှင့်ထူ[illegible]း ထောက်ခံကြောင်း ပြသကြဖို့ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏ[illegible]ောင်လွင်မှ ယနေ့ တိုက်တွန်းခဲ့သည်။ [illegible]လံများအား မနက်ဖြန် (၁၁.၈.၂၀၂၁) နံနက် (၈:[illegible]) အချိန်မှ စတင်၍ ကုလသမဂ္ဂအထွေထွေ[illegible]လာခံ ကျင်းပမည့် စက်တင်ဘာ (၉) လပိုင်းအ[illegible] အမြဲတမ်းလွှင့်ထူထားရမည်ဖြစ်ကြောင်း သိရှိရသ[illegible]။

နိုင်ငံခြားရေးဝန်ကြီး [illegible]ဝဏ္ဏမောင်လွင် မှ - "ကုလ[illegible]မဂ္ဂတွင် နိုင်ငံကိုယ်စားပြုခွင့် (Credential Issue) ဆိုတာက[illegible] ကုလသမဂ္ဂမှာ နိုင်ငံကို [illegible]ယ်စားပြုပြီး တာဝန်ထမ်းဆောင်ဖို့ ခန့်အပ်ထားတဲ့ အမြဲတမ်းကိုယ်စား[illegible]ယ်နဲ့ သံဝန်ထမ်း[illegible]အပြင် နိုင်ငံက တာဝန်ပေးစေလွှတ်လိုက်တဲ့ကိုယ်စားလှယ်တွေကို တရားဝ[illegible]ကိုယ်စားလှယ်[illegible]ွဲအဖြစ် တရားဝင်အသိအမှတ်ပြုတာကို ဆိုလိုတာပါ။ အရေးကြီးပါတယ်။ ဘာကြော[illegible]လဲဆိုရ[illegible] ဒီလိုအသိအမှတ်ပြုခြင်းဟာ စေလွှတ်တဲ့အစိုးရကို အသိအမှတ်ပြုတဲ့သဘောမျိုးဖြစ်ပါ[illegible] စေလွှတ်တဲ့အစိုးရကို တရားဝင် အသိအမှတ်ပြုရာရောက်တဲ့အတွက် နိုင်ငံတကာမှာ တရားဝ[illegible]ရှိသွားတဲ့ သဘောပါ။ နောက်ပြီးတော့ အခုလို အသိအမှတ်ပြုလိုက်တဲ့အတွက် ခန့်အပ်ထ[illegible]တဲ့ အ[illegible]တမ်းကိုယ်စားလှယ်နဲ့ ကိုယ်စားလှယ်အဖွဲ့တွေဟာ ကုလသမဂ္ဂရဲ့ အစည်းအဝေး[illegible] ညီလာခံတွေ[illegible] တရားဝင် တက်ရောက်ခွင့်နဲ့ တရားဝင်ပြောရေးဆိုခွင့် ရရှိပါတယ်။ ကုလသ[illegible]ဂ္ဂဆိုင်ရာ ဆုံးဖြတ်[illegible]က်တွေမှာ ပါဝင်မဲပေးဆုံးဖြတ်ပိုင်ခွင့်လည်း ရှိလာပါတယ်။ ကုလသ[illegible]ဂ္ဂအတွင်း ဆွေးနွေးချမှတ်[illegible]လုရှိတဲ့ ဆုံးဖြတ်ချက်တွေအပေါ် ပါဝင်နိုင်ခွင့်ရတဲ့ အခြေအနေ[illegible] ဒါ့အပြင် အခြားနိုင်ငံက အစိုး[illegible]တွေနဲ့ ကုလသမဂ္ဂဌာနတွေကို တရားဝင်ဆက်သွယ်ပြောဆိ[illegible] ရရှိလာပါတယ်။ မိမိပြောဆိုလိုတဲ့အ[illegible]ကြောင်းအရာတွေကို တင်ပြပြောဆိုနိုင်ပြီး အပြန်အ[illegible]နဲ့ဆွေးနွေးနိုင်ပါတယ်။ ဒါကြောင့် ပြည်သူ[illegible]က မိမိတို့၏ နေအိမ်ရှေ့မှောက်တွင် တပ်[illegible]တော်အလံများ နှင့် ပြည်နိုင်ဖြိုးအလံများ လွှင့်ထူ[illegible] အိမ်စောင့်အစိုးရကို ထောက်ခံကြောင်း[illegible] ပြသကြဖို့ လိုအပ်ပါတယ်။ အလံများကို မနက်ဖြန[illegible] (၈:၀၀) ကနေ အစည်းဝေးကျ[illegible]မည့် စက်တင်ဘာလ အထိ လွှင့်ထူပေးဖို့ တိုက်တွန်း[illegible]ပါတယ်" ဟု ပြောကြားခဲ့[illegible]ကြောင်း သိရှိရသည်။

[illegible]ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရသည် ကုလသမဂ္ဂအထွေ[illegible]ညီလာခံ အစည်[illegible]အဝေးတွင် နိုင်ငံကိုယ်စားပြုတက်ရောက်ခွင့် ရရှိဖို့ လေလိုင်းအစိုးရ (NUG) နှင့် ယှ[illegible]ပြိုင်ရမ[illegible]ဖြစ်ကြောင်း သိရှိရသည်။

[illegible]တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

## သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၁၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၇) ကို ဩဂုတ် ၁၃ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ပွဲစဉ်(၂၇) ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မေသော်လဝန်းတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် (၁၃၊ ၁၄၊ ၁၅ )ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝသဘာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဩဂုတ် ၁၁**

ဝသဘာန်မိုးရာသီတေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၁)ကို ဩဂုတ် ၁၃ ရက် သောကြာနေ့ ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ကုမုဒြာ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့် အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင် (ကောင်းကင်ပြာ)၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဘုန်းသစ်၊ သက်မှူးခင်၊ နေခြည်၊ နန်းစန္ဒီ၊ ခင်လပြည့်ဝန်းနှင့် ဘိုမတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်ရှိ အခြေခံပြည်သူတို့ကို ထောက်ပံ့ရာ၌ မြောက်ပိုင်းခရိုင်တွင် လူဦးရေများသော လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ကို ဦးစွာထောက်ပံ့ခဲ့ပြီး ယနေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် အနောက်ပိုင်းမြို့နယ်ရှိ အခြေခံပြည်သူတို့ကို တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်(၂၄ ပြည်)နှုန်းဖြင့် ပေးဝေခဲ့ခြင်းဖြစ်သည်။

"အခုလို ကိုဗစ်-၁၉ ရောဂါ ကြုံတွေ့နေရချိန်မှာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်းပြီး စားဝတ်နေရေးခက်ခဲနေတဲ့ အခြေခံပြည်သူတွေကို လာရောက်ထောက်ပံ့မှုအပေါ် အထူးကျေးဇူးတင်ပါတယ်။ နောက်ပိုင်း ထပ်မံထောက်ပံ့မှုတွေ လုပ်ဆောင်နိုင်မယ်ဆိုရင် လက်လုပ်လက်စား အခြေခံပြည်သူတွေရဲ့ စားရေးပြေလည်သွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ပြောသည်။

မြောက်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ပထမအကြိမ်ထောက်ပံ့မှု၌ ရပ်ကွက်/ကျေးရွာအုပ်စု ၁၂ ခုရှိ အိမ်ထောင်စု ၄၉၄၇၇ စုမှ လူဦးရေ ၁၃၀၀၀၀ ကျော်အတွက် ဆန်အိတ် ၂၀၀၀၀ ကျော်ကိုလည်းကောင်း၊ ဒုတိယအကြိမ်ထောက်ပံ့မှုတွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၆ ခုရှိ အိမ်ထောင်စု ၇၇၀၀၀ ကျော်မှ လူဦးရေ ၂၀၀၀၀၀ ကျော်အတွက် ဆန်အိတ် ၃၈၀၀၀ ကျော်ကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက်ကစတင်၍ ထောက်ပံ့ခဲ့သော တတိယအကြိမ်မြောက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၄ ခုရှိ အိမ်ထောင်စု ၅၀၀၀၀ ကျော်မှ လူဦးရေ ၂၃၀၀၀၀ ကျော်အတွက် ဆန်အိတ် ၅၀၀၀၀ ကျော်ကိုလည်းကောင်း ထောက်ပံ့ခဲ့ရာ ဩဂုတ် ၁၁ ရက်အထိ ရပ်ကွက်/ ကျေးရွာအုပ်စု ၂၈ ခုရှိ အိမ်ထောင်စု ၁၇၀၀၀၀ ကျော်မှ လူဦးရေ ၃၀၀၀၀၀ ကျော်အတွက် ဆန်အိတ်ပေါင်း ၁၀၀၀၀၀ ကျော်ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

"ဆင်းရဲနွမ်းပါးတဲ့ လက်လုပ်လက်စား အခြေခံပြည်သူတွေကို ဆန်ထောက်ပံ့တာပါ။ အဆောင်နေထိုင်တဲ့သူတွေတော့ မပါပါဘူး။ ယခင်က နှစ်အိမ်ထောင် ဆန်တစ်အိတ်ဝေခဲ့တာ။ တတိယအကြိမ်မှာတော့ တစ်အိမ်ထောင် ဆန်တစ်အိတ်ထောက်ပံ့ပါတယ်။ WFP ကလည်းဆက်ပြီး ထောက်ပံ့နိုင်အောင်ကြိုးစားနေတယ်လို့ သိရပါတယ်။ အခြေခံပြည်သူတွေ လက်ထဲရောက်ရှိအောင်နဲ့ စားဝတ်နေရေးပြေလည်အောင် ရပ်/ ကျေးအုပ်ချုပ်ရေးအဖွဲ့တွေ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းနဲ့အညီ လုပ်ဆောင်ကြဖို့ ကြပ်မတ်ဆောင်ရွက်ပါတယ်။ အိမ်ထောင်စု ၅၆၇၁၁ စုအတွက် ဆန်အိတ်ပေါင်း ၄၁၄၀၄ အိတ် ထောက်ပံ့ပြီးပါပြီ။ ဆက်လက်ထောက်ပံ့သွားဖို့လည်း ရှိပါတယ်" ဟု လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များရှိ လက်လုပ်လက်စား အခြေခံပြည်သူတို့ကိုလည်း ဆန်များထောက်ပံ့လျက်ရှိပြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ ကျန်ရှိသောမြို့နယ်များကိုလည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ရာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နှင့် အနောက်ပိုင်းမြို့နယ်တို့တွင် လက်လုပ်လက်စားအခြေခံပြည်သူ အိမ်ထောင်စု ၃၀၀၀၀၀ ကျော် စာရင်းကောက်ယူထားသောကြောင့် ကျန်ရှိသော အိမ်ထောင်စုများကိုလည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ကြီးမားသည့်မြေပြိုမှုဖြစ်ပွား၊ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး လူအများအပြားပိတ်မိနေ



**နယူးဒေလီ ဩဂုတ် ၁၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်၌ ဩဂုတ် ၁၁ ရက်တွင် ကြီးမားသည့်မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး လူနှစ်ဦး သေဆုံးပြီး လူအများအပြားပိတ်မိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြိုကျလျက်ရှိသည့် ကျောက်တုံးများကြောင့် ထရပ်ကားတစ်စီး၊ ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် အခြားသောယာဉ်များသည်လည်း မြေမြုပ်သွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများအရ သိရသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများသည် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် သာကာက ပြောကြားခဲ့သည်။

လွန်ခဲ့သည့်လများအတွင်းကလည်း အိန္ဒိယနိုင်ငံ၌ ပုံမှန်မဟုတ်သော မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူအသေအပျောက်များသည့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့ဖြစ်ပွားခဲ့သည့် မြေပြိုမှုအကြောင်းအရင်းအား ရှင်းရှင်းလင်းလင်း မသိရသေးကြောင်းနှင့် အဆိုပါမြေပြိုမှုသည် ကင်နောခရိုင်ရှိ အဝေးပြေးလမ်းတစ်နေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသခံများ၏ ပြောကြားချက်အရ လူငါးဦးကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် လူ ၃၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်လကလည်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် ပြိုကျခဲ့သည့် ကျောက်တုံးများက မော်တော်ယာဉ်များပေါ် ကျရောက်ခဲ့ခြင်းကြောင့် လူကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် မာဟာရက်ရှ်ထရာပြည်နယ် အနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုမှုတစ်ဆင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး ၁၃၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**

**ဘာသာပြန်-အလင်းသစ်**



# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၆၉၈၉ ဦးရှိလာ

**ဗန်ကောက် ဩဂုတ် ၁၁**

ထိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၃၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၆၉၈၉ ဦးရှိပြီကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေးစင်တာမှ ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၇ ဦးကို ထပ်မံတွေ့ရှိရသဖြင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၆၇၉၅ ဦးရှိလာကြောင်း အဆိုပါစင်တာမှ ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆေးဝါးပိုမိုရရှိလာစေရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းအစိုးရက ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်တွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်နေသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁ သန်းကျော်အား ထိုးနှံပေးနိုင်ခဲ့ပြီး နိုင်ငံလူဦးရေ၏ ခြောက်ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေးစင်တာမှ ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၂၁ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၁၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၂၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၈၀၀၄၀ ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောသည်။

အဆိုပါ ရောဂါကူးစက်မှုအရေအတွက်သည် ဧပြီလမှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက်အများဆုံးဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၃၇၄ ဦးရှိလာသည်။

သို့သော် ၉၅၉၁ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၁၅၇၇၂၆၇ ဦးရှိလာသည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၁၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၂၉ ဦးရှိလာ

**ဖနောင်ပင် ဩဂုတ် ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့တွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၄ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၂၉ ဦးရှိလာကြောင်း




ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ ဒေသခံ ၃၁ ဦး၊ ဗီယက်နမ်နိုင်ငံမှ ပြန်လာသူလုပ်သား ၁၂ ဦးနှင့် မလေးရှားနိုင်ငံမှ ပြန်လာသူ တစ်ဦးတို့တွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ကမ္ဘောဒီးယားနိုင်ငံပက်စတာအင်စတီကျု၏ ဓာတ်ခွဲခန်းမှ စစ်ဆေးချက်များအရ သိရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများကို မြို့တော်ဖနောင်ပင် အပါအဝင် ကန်ပေါင်စူး၊ ပီရက်ဗီဟီယာ၊ အောဒ်ါမန်ချေ၊ ဘန်တီမန်ချေ၊ ဆီရန်ရီ၊ ကန်ပေါင်သွန်၊ စဗေးရန်နှင့် ကောကုန်ပြည်နယ်များတွင် တွေ့ရှိရသည်။ အဆိုပါ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်သည် အခြားကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်များထက် ရောဂါကူးစက်မှု ပိုမိုမြန်ဆန်သဖြင့် နိုင်ငံသားများအနေဖြင့် ရောဂါကူးစက်မှု မခံရစေရေးအတွက် သတိပြုနေထိုင်ကြရန်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှုခံယူနေသူများအနေဖြင့် လူအစုအပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကိုလည်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မန်ဘန်ဟာန်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအား မိမိတို့နေအိမ်တွင် ရောဂါကုသခြင်းကို ခွင့်မပြုကြောင်းနှင့် ၎င်းဗိုင်းရပ်စ် ကူးစက်ခံရသူများအနေဖြင့် ဆေးရုံတွင် အနည်းဆုံး ၂၁ ရက် တက်ရောက်ကုသရမည်ဖြစ်ပြီး ဆေးရုံဆင်းပြီးသည့်အချိန်တွင် နေအိမ်၌ ၁၄ ရက် သီးခြားစောင့်ကြည့်မှုခံယူရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ယမန်နေ့တွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံက နှာခေါင်းဖျန်းဆေးပုံစံဖြင့် တီထွင်ထားသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုး လူသားများဖြင့် စမ်းသပ်မည်




**ဗန်ကောက် ဩဂုတ် ၁၁**

နှာခေါင်းဖျန်းဆေးပုံစံဖြင့် တီထွင်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်မျိုးကို ယခုနှစ်နှောင်းပိုင်းတွင် လူသားများဖြင့် စတင်စမ်းသပ်ရန် ထိုင်းအစိုးရက စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နှာခေါင်းဖျန်းဆေးပုံစံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် ထွက်ရှိလာသည့် ရလဒ်များအပေါ်မူတည်ပြီး လူသားများဖြင့် စမ်းသပ်ရန် စီစဉ်ခြင်းဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးများကို ထိုင်းနိုင်ငံ မျိုးရိုးဗီဇအင်ဂျင်နီယာနှင့် ဇီဝနည်းပညာစင်တာက တီထွင်ခြင်းဖြစ်ကြောင်း အဆိုပါစင်တာ၏ ကုသရေး၊ ကျန်းမာရေး တီထွင်စမ်းသစ်မှုနှင့် စီမံခန့်ခွဲမှုသုတေသနအဖွဲ့ ညွှန်ကြားရေးမှူး အာနန်ဂျောင်ကီဝတ်တာနာက ဆိုသည်။

ယင်းကာကွယ်ဆေးဖြင့် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကို ခုခံကာကွယ်နိုင်စွမ်း ရှိ၊ မရှိကိုလည်း လက်တွေ့စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

လူသားများဖြင့်လက်တွေ့စမ်းသပ်မှု ဒုတိယအဆင့်ကို ၂၀၂၂ ခုနှစ် မတ်လတွင် ပြုလုပ်ရန် ရည်မှန်းထားပြီး ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် အရေအတွက်များများ ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ ၃၀၆၂၅ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ ဩဂုတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၆၂၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၇၄၉၄၄၆ ဦးရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၅၇၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၂၁၉၈ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၃၉၉၃၁ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၃၂၁၁၀၇၈ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၂၅ ဒသမ ၇၂ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၅၂ ဒသမ ၂၈ သန်းရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၅၆ ဦးထပ်မံတွေ့ရှိ

**အစ္စလမ္မာဘတ် ဩဂုတ် ၁၁**

ပါကစ္စတန်နိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၅၆ ဦးကို ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၈၀၃၆၀ ရှိလာကြောင်း ပါကစ္စတန်နိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေးစင်တာမှ ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၈၄၁၇၇ ဦး ရှိသည့်အနက် ၄၅၁၃ ဦးမှာ ရောဂါပြင်းထန်စွာခံစားနေရသည်။ အလားတူ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကြောင့် ၈၁ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၀၈၅ ဦးရှိလာသည်။

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဆင်းပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၃၉၆၄ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအများဆုံးတွေ့ရှိရာဒေသဖြစ်သည်။ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွင် ဆင်းပြည်နယ်၏ နောက်မှရပ်တည်နေပြီး ရောဂါကူးစက်ခံရသူ ၃၆၇၀၅၄ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၇၈၀ ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၁**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၇၈၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၂၀၅၄၇ ဦးရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

အဆိုပါ တစ်ရက်အတွင်း ကူးစက်ခံရသူ ၂၀၇၈၀ အနက် ၂၀၇၆၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၅ ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၁၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၃၇၃ ဦးရှိလာကြောင်း သိရသည်။ အလားတူ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၇၉၇၃ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၇၅၈၁၆ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း၏ ၈၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၃၃၃၅၈ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၀၅၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၄၆ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများလိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



# အယ်လ်ဂျီးရီးယား၌ တောမီးလောင်ကျွမ်းမှုကြောင့် တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် အရပ်သားခုနစ်ဦးသေဆုံး




**အယ်လ်ဂျီးယား ဩဂုတ် ၁၁**

အယ်လ်ဂျီးရီးယားနိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ်များဖြစ်သည့် တီဇီအိုဇူး ပြည်နယ်နှင့် ဘီဂျာယာပြည်နယ်တို့တွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးအား ငြိမ်းသတ်ရန်ကြိုးပမ်းစဉ် အယ်လ်ဂျီးရီးယားတပ်ဖွဲ့ဝင် ၂၅ ဦး သေဆုံးခဲ့ကြောင်း အယ်လ်ဂျီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုသည် ဩဂုတ် ၉ ရက် ညပိုင်းက အယ်လ်ဂျီးရီးယားနိုင်ငံ၏ ပြည်နယ် ၁၄ ခုတွင် တစ်ပြိုင်တည်းဖြစ်ပွားခဲ့ပြီး အရပ်သား အနည်းဆုံးခုနစ်ဦးသေဆုံးကာ အများ အပြားဒဏ်ရာရရှိခဲ့ကြကြောင်း အယ်လ်ဂျီးရီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အယ်လ်ဂျီးရီးယား တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါ တောမီးလောင်ကျွမ်းမှုဒဏ် ခံခဲ့ရသည့် နယ်မြေများရှိ မိသားစု ၁၁၀ ခန့်အား မီးဘေးမှ ကယ်တင်ရန် အတူတကွ လုပ်ဆောင်ခဲ့ကြကြောင်းလည်း အယ်လ်ဂျီးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဩဂုတ် ၁၀ ရက်အစောပိုင်းတွင် အယ်လ်ဂျီးရီးယား ပြည်ထဲရေးဝန်ကြီး ကာမယ်ဘဲဂျောက်က အဆိုပါတောမီး လောင်ကျွမ်းမှုကို ရာဇဝတ်မှုအဖြစ် ဖော်ပြခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ရန်နှင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အကြောင်းရင်းများကို စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ရန် အာဏာပိုင်များကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အယ်လ်ဂျီးရီးယား ပြည်ထဲရေးဝန်ကြီးက တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသခံများ အားလုံးကို လျော်ကြေးငွေပေးအပ်မည် ဖြစ်ကြောင်း အာမခံပြောကြားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏကို အကဲဖြတ်ရန် ကျွမ်းကျင်သူ ၁၄၀ ပါဝင်သည့်အဖွဲ့ကို တီဇီအိုဇူးပြည်နယ်သို့ စေလွှတ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

■

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၆၉၀၁ ဦး ရှိလာ

**ဟန္နိုင်း ဩဂုတ် ၁၁**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၇၆၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၆၉၀၁ ဦးရှိလာကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါကူးစက်သူများအနက် ၈၇၅၂ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၄ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏ တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၃၄၁၆ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၁၈၉၇ ဦးနှင့် ဒွန်နိုင်ခရိုင်၌ ၉၇၉ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၈၇ ဦးရှိပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၈၀၆ ဦး ရောဂါမှပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၈၅၁၅၄ ဦး ရှိလာသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၁ ဒသမ ၃ သန်း ဖြန့်ဖြူးထားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၅ သန်းကျော်ရှိလာ

**မော်စကို ဩဂုတ် ၁၁**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၅၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၅၁၂၈၅၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၁၆၇၂၄၁ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၀၀၆၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၈၀၈၇၇၇ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၇၆ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၃၃၀၆၅ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူ သန်း ၁၇၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၄၂ ဒသမ ၅၅ သန်းကျော်ရှိ

**အန်ကာရာ ဩဂုတ် ၁၁**
တူရကီနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၄၂ ဒသမ ၅၅ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။



လက်ရှိတွင် တူရကီနိုင်ငံ၌ လူဦးရေ ၃၀ ဒသမ ၄၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူထားပြီး ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၇၉ ဒသမ ၀၁ သန်းအား အသုံးပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လျက်ရှိပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၅၉၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၉၆၈၈၆၈ ဦး ရှိလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၂၄ ဦးထပ်မံသေဆုံးခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၃၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၄၉၅၄ ဦးရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၀၄၉၆၈၅၁၈ | ဦး |
| သေဆုံးသူ | ၄၃၃၀၇၈၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၈၄၀၇၆၃၈၇ | ဦး |

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၄၇၇၃ ဦးရှိလာ

**ဆော်ပေါ်လို ဩဂုတ် ၁၁**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂၁၁ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၄၇၇၃ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၈၈၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၂၁၂၆၄၂ ဦးရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားရသည့် ကမ္ဘာ့နိုင်ငံများအနက် ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် သေဆုံးမှုအရေအတွက် ဒုတိယအများဆုံးဖြစ်ပြီး ရောဂါကူးစက်မှုတွင် အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့ပြီးနောက် ရောဂါကူးစက်မှုအရေအတွက် တတိယအများဆုံးဖြစ်သည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ကိုဗစ်လူနာများနှင့် ပြည့်နှက်လျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၅၄ သန်းကျော်သည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၆ ဒသမ ၁ သန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်



# ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ သတင်းအရ ဝင်ရောက်ရှာဖွေစဉ် တရားခံ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခန်းပေါ်မှ ခုန်ချထွက်ပြေးရန် ကြိုးစားသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးသေဆုံးကာ အမျိုးသား သုံးဦးဒဏ်ရာရရှိ



(ဝဲမှယာ) တရားခံ သီဟကောင်းဆက်၊ ဝေဖြိုးအောင်၊ မိုးကျော့ကျော့ခန့်

**နေပြည်တော် ဩဂုတ် ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များတွင် အသုံးပြုရန်အတွက် ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေစဉ် တရားခံ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခန်းပေါ်မှ ခုန်ချထွက်ပြေးရန် ကြိုးစားသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးသေဆုံးခဲ့ကာ အမျိုးသား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆) ရပ်ကွက် (၄၄)လမ်း တိုက်အမှတ် (၁၆) (၃)လွှာ၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များတွင် အသုံးပြုရန်အတွက် ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတိုက်ခန်းအတွင်းမှ သီဟကောင်းဆက်(၂၀) နှစ်ပါ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကိုအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် ပစ္စည်းများဖြစ်သော လက်လုပ်ဗုံးမျိုးစုံ ၁၆ လုံး၊ ယမ်းပျော့ နှစ်ချောင်း၊ တစ်ထုပ်လျှင် ဗျောက်အိုး ၅၀ ပါ အထုပ် နှစ်ထုပ် အပါအဝင် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေစဉ် အခန်းအတွင်း ကျန်ရှိနေသည့် အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးစစ်ဆေးခြင်းကို ခံယူခြင်းမရှိဘဲ အဆိုပါတိုက်ခန်း (၃)လွှာ အနောက်ဘက်ရှိ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးခဲ့သဖြင့် တိုက်ခန်းအောက်ခြေရှိ ကွန်ကရစ်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျခဲ့၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ သေဆုံးကာ အမျိုးသား သုံးဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် လိုအပ်သော ဆေးဝါးကုသမှု ခံယူနိုင်ရေးအတွက် တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် လူသေဆုံးမှုများနှင့်ပတ်သက်၍ ရဲလုပ်ငန်းစဉ်များနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိထားသူ တရားခံများနှင့် ဆက်စပ်တရားခံများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြိုင်မြို့နယ် ပိုက်သင်ကျေးရွာရှိ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖွင့်လှစ်ထားသည့် ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသည့်ရွာသားများအား အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာသား တစ်ဦး သေဆုံး

**နေပြည်တော် ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပိုက်သင်ကျေးရွာရှိ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖွင့်လှစ်ထားသည့် ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသော တာဝန်သိကျေးရွာသားများအား အကြမ်းဖက်သူများက ဖမ်းဆီးတုပ်နှောင်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာသား တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် ပိုက်သင်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးရေးဂိတ် ဖွင့်လှစ်ထားရှိရာ ဩဂုတ် ၉ ရက်တွင် ကျေးရွာသားများဖြစ်ကြသည့် ဦးတင့်လွင်(ဘ)ဦးပိုက်၊ ဦးစန်းလွင် (ဘ)ဦးစိန်သောင်း၊ ဦးကျော်နိုင်(ဘ) ဦးတင့်ဆွေ၊ ဦးကျော်စိုး (ဘ) ဦးတင်ဆောင်၊ ဦးအောင်ဇေယျ (ဘ) ဦးချစ်တီးတို့ ငါးဦးသည် အဆိုပါစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် ညနေ ၃ နာရီခန့်တွင် မော်တော်ယာဉ် တစ်စီးဖြင့် အကြမ်းဖက်သူ ခြောက်ဦးခန့် ရောက်ရှိလာပြီး ၎င်းတို့အား လက်ပြန်ကြိုးတုပ်၍ မြေကြီးပေါ်မှောက်ခိုင်းခဲ့ကြောင်း၊ ယင်းနောက် အကြမ်းဖက်သူများက အဆိုပါဂိတ်၌ အစောင့်နှစ်ဦးထားရှိပြီး ကျန်သူများက ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ သွားရောက်ကာ အုပ်ချုပ်ရေးမှူး၏ သားဖြစ်သူအား ရှာဖွေခဲ့ကြောင်း၊ တွေ့ရှိခြင်းမရှိသဖြင့် စစ်ဆေးရေးဂိတ်သို့ ပြန်လည်ရောက်ရှိလာပြီး ဖမ်းဆီးထားသည့် ရွာသားများအနက်မှ ဦးအောင်ဇေယျအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး ပခုက္ကူ-မြိုင်သွား ကားလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။


ပစ်ခတ်မှုဖြစ်ပွားသည့်နေရာတွင် တွေ့ရှိခဲ့သည့် ကျည်ခွံများ။

အဆိုပါ ပစ်ခတ်မှုကြောင့် ဦးအောင်ဇေယျတွင် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် အကြမ်းဖက်သူများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉ စီး၊ သွင်းကုန် ၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၈၅ သန်းတန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော M-150 (1x50) (150 ml) (50 pkgs) နှင့် Lipovitan-D (100 mL) (1x50) (95 Pkgs) အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၈-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၄၀ ပြည်သူ့နီတိ 'အတူမြင်အတတ်သင်'
- ၁၃:၀၀ အတွေးအမြင်(အပိုင်း-၆)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သင်္ချာဘာသာရပ်'
- ၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၇:၀၅ Soccer View
- ၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၄၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂၀)
- ၂၂:၁၀ ပြည်သူ့နီတိ 'ဆရာရှိသည်'

### mitv

- 07:01 News
- 07:26 Tahbuhla Dam & Oakkan Chaungtha
- 07:37 Five Tooth Relic Enshrined Pagodas
- 07:50 Kindhearted Pet Lovers
- 08:01 Discovering Tribes: Khamti Shan (Part-I)
- 08:27 Myanmar Childhood Games (Episode-2)
- 08:35 The Third Prize Winner
- 08:51 Kyeikhteeyoe: Welcome All
- 09:00 Karaweik Palace - A Symbol Of Glorious Myanma Culture
- 09:17 Ywar Thit's Monhinkhar
- 09:31 Paper Products... Plain but Pretty
- 09:52 Writer
- 10:01 Myanmar Delicate Artistic Creations - Gem Stone Painting
- 10:48 Toddy Palm Product Shop

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရှာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂုဏ္ဍဝင်ဆန်တဲ့အချစ်(အပိုင်း-၁)(ဇာတ်လမ်း)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စားလို့ကောင်းတဲ့ရဲယိုရွက်ငါးပေါင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း(လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နွေးထွေးသည့်လုမ်ဘန်းရွာသို့ အလည်တစ်ခေါက်(အပိုင်း-၂)

**ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်ကတို့ဖေဖေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
သဲပုံစေတီပွဲတော်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' စာပေစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၁:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းထားသည့် SOP နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပင်လယ်ရေကြောင်း ဆိပ်ကမ်းများနှင့် နယ်စပ် ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်သူများ အရေးပေါ်လိုအပ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား တင်သွင်းမှုကို အများပြည်သူ ရုံးပိတ်ရက်များတွင်လည်း ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်အတိုင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၂၅၃၂ ခု၊ Test Kit ၇၂၂၆ ခုနှင့် နှာခေါင်းစည်း ၁၁ တန်၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ အိမ်သုံး အောက်ဆီဂျင်စက် ၁၅ ခု အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ထီးခီးကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်(Bowser)ယာဉ် နှစ်စီးဖြင့် ၃၅ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ခုနစ်တန်၊ အောက်ဆီဂျင် (အိုးခွံ) ၆၆၉၈ ခု၊ Oxygen Plant တစ်ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၈၈၈ ခု၊ Test Kit ၇၂၂၆ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၅၉၆၀၊ လက်အိတ် ရှစ်တန်နှင့် နှာခေါင်းစည်း ၄၉ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၄ ခုမှ ယာဉ်စီးရေ ၄၃ စီးဖြင့် တင်သွင်းလာခြင်း ဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၆၄၂ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ဖြင့် ၅၈၉ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၅၆ တန်၊ အောက်ဆီဂျင် ခဲတင်ငွေ့အိုးဖြင့် ၆၅ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၇၇၈၀၄ ခု၊ Oxygen Plant ၁၆ ခု၊ Oxygen Generator ၁၀၊ အိမ်သုံး အောက်ဆီဂျင်စက် ၆၁၆၅၈ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၄၁၈၅၂ စုံ၊ လက်အိတ် ၅၈ တန်နှင့် နှာခေါင်းစည်း ၈၄၉ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်အစီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင် ခဲတင်ငွေ့(အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း ၁၁၀၄ တန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ် ၁၁ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း ၆၃ စီးမှာ ရန်ကုန်မြို့သို့ ၄၆ စီး၊ မန္တလေးမြို့သို့ ၁၁ စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ သုံးစီး၊ သထုံမြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၂၄ ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ လားရှိုးမြို့သို့ လေးခု၊ ပဲခူးမြို့သို့ လေးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ မန္တလေး၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ဘားအံ၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်း၊ မော်လမြိုင်မြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသလို ဆေးဝါးနှင့်ဆက်စပ်ပစ္စည်း တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မြဝတီကုန်သွယ်ရေးဇုန်မှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ကို တွေ့ရစဉ်။



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၇၈ ခုမှ Connection Tube ၁၀၀၀၊ Enoxaparin Sodium Injection ၈၉၈၀၀၊ Extraction /Safety Lancet ၁၀၀၊ Flow Meter ၂၆၅၀၊ Getein 1100 Immunofluorescence Quantitative Analyzer သုံးခု၊ Humidification Bottle ၁၀၀၀၊ Intake Filter ၁၀၀၀၊ Oxygen Cannula ၁၁၀၀၀၊ Oximeter ၂၇၉၈၅ ခု၊ Oxygen Bag ၆၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၅၃၂ ခု၊ Oxygen Filter ၁၈၀၊ Oxygen Mask ၁၀၉၅၀၊ Oxygen Regulator ၂၃၆၀၊ Rosino Greatest Injection ၅၈၆၀၀၊ Oxygen Concentrator Spare Parts ၂၀၀၀၊ Test Kit ၇၂၂၆ ခု၊ Thermometer ၂၀၀၀၀၊ VERI-Q COVID-19 Antibody Rapid Test ၃၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသ ဆေးနှင့်အခြားဆေးမျိုးစုံ ၁၈၆၃၈၅ ဒသမ ၇၀၂ ကီလိုဂရမ်၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်၊ တာချီလိတ်၊ မြဝတီ)တွင် ကုမ္ပဏီ ၃၈ ခုမှ Oxygen Cylinder ၅၄၁၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၈၉ ခု၊ နှာခေါင်းစည်း ၄၈၈၃၈ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၄၁၀၀ ဒသမ ၅ ကုဗမီတာ၊ Flow Meter ၈၀၉၈ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၁၂၀၀၊ Oximeter ၃၀၄၀၅ ခု၊ Oxygen Plant နှစ်ခု၊ Sodium Chloride Injection ၂၀၀၀ ကီလိုဂရမ်၊ Nasal Cannula ၆၅၀၀၊ အောက်ဆီဂျင်အရည် ၁၆ ဒသမ ၂ တန်၊ Oxygen Mask ၁၀၀၂၀၀၊ Oxygen Regulator ၃၈၆၀၊ Oxygen cylinder Trolley ၄၀၊ Surgical Gown ၂၂၀၀ ကီလိုဂရမ်၊ Thermometer ၄၂၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မေတ္တာကမ္ဘာကြီး တည်ဆောက်ကြမယ်

**စာချစ်သူ**

ရုံးပိတ်ရက်ရှည်ကာလ ဩဂုတ်လဆန်းတွင် အမေ့အတွက် မိသားစုပင်စင်လစာငွေများကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)၌ ကိုယ်စားသွားထုတ်ပေးဖြစ်သည်။

အမေက အသက် ၉၀ ကျော်ပြီ။ သည်ကြားထဲ လူကြီးနာဖြင့် အိပ်ရာထဲ လဲနေသည်မှာ လေး၊ ငါးလ ခန့်ရှိနေပြီမို့ လျှောက်လွှာပေါ်တွင် လက်မှတ်ပင် ပီပီသသမထိုးနိုင်တော့။ တစ်ကြိမ်နှင့်တစ်ကြိမ် ထိုးမြဲလက်မှတ်ကလည်း မတူတော့။ သည်လလည်း ပြီးခဲ့သည့်လက လက်မှတ်နှင့် မတူညီပြန်။ ငွေထုတ်ကောင်တာမှ ဝန်ထမ်းညီမငယ်က နားလည်မှုရှိစွာ ပံ့ပိုးကူညီဆောင်ရွက်ပေး၍ အဆင်ပြေခဲ့ရပါ၏။

**Video Call ဖြင့်သာ သက်သေ**

ပြီးခဲ့သည့် နှစ်လကလည်း မိသားစုပင်စင်လစာထုတ်ယူရန် သက်ရှိထင်ရှားရှိသေးကြောင်း ခြောက်လတစ်ကြိမ် လူတွေ့စစ်ဆေးရမည့်ကာလဖြစ်သော်လည်း ကျွန်တော်က အမေအိပ်ရာထဲ လဲနေကြောင်း တင်ပြရာ အရာရှိအစ်မက Video Call ဖြင့်သာ ခေါ်ယူသက်သေပြသစေ၍ အဆင်ပြေချောမွေ့ခဲ့ရပါ၏။ ယခုလည်း သူတို့သည် အများပြည်သူ ရုံးပိတ်ရက်အတွင်း အငြိမ်းစားပင်စင်စားကြီးများ ပုံမှန်ပင်စင်လစာငွေထုတ်ယူနိုင်ရန် ပြည်သူ့ဝန်ကို တာဝန်ကျေပွန်စွာ လာရောက်ထမ်းရွက်ကြရုံမက ကျွန်တော့်ကိုလည်း လုပ်ထုံးလုပ်နည်းဘောင်အတွင်းမှ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေး၍ ကျေးဇူးတင်ရပါ၏။

ပြည်သူ့ဝန်ကို ထိုသို့ဦးထိပ်ပန်ဆင်၍ တာဝန်သိသိ သစ္စာရှိရှိထမ်းရွက်နေကြသော သူတို့ကိုကြည့်ရင်း ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲဖြင့် CDM လုပ်သွားကြသည့် တစ်ချိန်က နိုင်ငံ့ဝန်ထမ်းများကို သတိရမိသည်။ အများစုကတော့ စားဝတ်နေရေးအတွက် အတော့်ကို ခက်ခက်ခဲခဲ ရုန်းကန်နေကြရရှာသည်။ ယခင်က အစိုးရအိမ်ရာများတွင် အလကားနီးနီး နေထိုင်ခဲ့ကြရသော ဝန်ထမ်းမိသားစုများသည် CDM လုပ်ပြီး အလုပ်ထွက်ကြပြီဆိုတော့ အပြင်မှာ တစ်လတစ်လ သိန်းနှင့်ချီသော အိမ်လခများကို ပေးချေကြရတော့သည်။ အများစုမှာ ပုံမှန်ဝင်ငွေမရှိတော့၍ ကြာတော့ မတတ်နိုင်ကြ။ မိဘဆွေမျိုးအိမ်များသို့ သွားရောက်ကပ်ရပ်နေကြရတော့သည်။ အချို့က ဇာတိရပ်ရွာသို့ ပြန်ကြရလေပြီ။

**တစ်ပိုင်းတစ်စ လစ်ဟပြနေ**

တစ်ချိန်က သူတို့အားကိုးယုံစားခဲ့ကြသည့် အဖွဲ့အစည်းများကလည်း စကတည်းက နိုင်ငံရေးတိုက်ကွက်သက်သက် တစ်ခုသာဖြစ်၍ ဘယ်အဖွဲ့အစည်းကမျှ ရေရှည်တာဝန်မယူကြတော့။ ဘုရားမပြီးခင်မှာပင် ငြမ်းကိုဖျက်ကြလေပြီ။ တစ်နေ့က လူမှုကွန်ရက်စာမျက်နှာထက်တွင် ဖတ်လိုက်ရသည့် အောက်ပါအသိပေးကြေညာချက်ကလည်း CDM တို့၏ လက်ရှိဘဝအခြေအနေကို တစ်ပိုင်းတစ်စ လစ်ဟပြနေသလို။

**“ CDM Support Program ”**

“ဘယ်လိုမှ မခံစားနိုင်တော့ပါဘူးနော်။ မြန်မာနိုင်ငံမှာ CDM Support Team က ကျွန်တော်တို့ တစ်ဖွဲ့တည်းရှိတာ မဟုတ်ပါ။ အဓိကအလှူငွေစီးဆင်းတဲ့အဖွဲ့အစည်းကတော့ CRPH ပါ။ ကျန်တာတော့ မသိပါ။ ရှိတာတော့ သိပါတယ်။ အဲဒါကြောင့် အခြား CDMers များအနေနဲ့ ကျွန်တော်တို့ထက် အလှူငွေစီးဆင်းမှုကောင်းတဲ့ CDM Support Team များထံ သွားရောက်အကူအညီ တောင်းစေလိုပါတယ်။ အခုဟာက တစ်ချိန်လုံး ကျွန်တော်တို့ CDM SP မှာပဲ တငိုငိုတရယ်ရယ် ကူပါကယ်ပါလာအော်နေကြတယ်။ ကျွန်တော်တို့လည်း ကြာရင်ဝမ်းနည်းရလွန်းလို့ နှလုံးရောဂါရရပါတော့မယ်။

ဒီလဆိုရင် CDM Support Program က အလှူငွေ ခြောက်သိန်းကျော်သာ စီးဆင်းပါတယ်။ ကဲ စဉ်းစားကြည့်တော့။ ဘဲအုပ်က တစ်ရာ နှစ်ရာ၊ ဖေဒါက တစ်ပင်တည်းဆိုတဲ့ ကဗျာလိုပဲ။ CDM က တစ်ရာ နှစ်ရာ အလှူငွေက ခြောက်သိန်းကျော်တည်း”ဟူ၍။

ထိုသောအခါ လူ့စည်း၊ ဘီလူးစည်းကို နယ်စည်းမခြားတတ်ခဲ့ကြသည့် CDM ဝန်ထမ်းများအား ကရုဏာသက်မိရုံမှအပ အခြားမရှိတော့။ ကိုယ့်ဝန်ကိုယ်တာ ကိုယ်ခန္ဓာ ချမ်းသာစွာ မွေးမြူနိုင်ကြပါစေရယ်လို့ မေတ္တာပို့သရပါ၏။

> ☆ **ပစ္စက္ခ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ တတိယလှိုင်းကာလဝယ် မြန်မာနိုင်ငံတွင် မေတ္တာအင်ပါယာကို မေတ္တာကမ်းလင့်လက်များဖြင့် တည်ဆောက်နေကြသူ အများအပြားကိုလည်း လူမှုကွန်ရက်ထက်တွင် ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရ**
>
> ☆ **ဤကမ္ဘာနှင့် ဤမြန်မာပြည်ဝယ် ထိုကဲ့သို့ မေတ္တာကမ္ဘာကြီးတစ်ခုကို မေတ္တာခေတ်များဖြင့် ဆက်လက်လွှမ်းခြုံတည်ဆောက်နိုင်ပါက အဘယ်မျှ အေးမြပါလိမ့်မည်နည်းဟုလည်း တစ်ဆက်တည်း စဉ်းစားမိသည်။ သို့ဆိုလျှင် လူတိုင်းလူတိုင်း မေတ္တာအင်ပါယာကို လက်ဆင့်ကမ်း တည်ဆောက်ကြဖို့လို**

မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)က ထွက်တော့ မိုးက ဖွဲဖွဲလေးရွာလာသည်။ နိုင်ငံတော်က ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ပြည်သူများ Stay at Home နေထိုင်စေရန် ရုံးပိတ်ရက်ရှည် သတ်မှတ်ကာလမို့ ရန်ကုန်မြို့လယ်တွင် လူသွားလူလာ၊ ယာဉ်သွား ယာဉ်လာ အတော်လေးရှင်းနေသည်။

**တစ်ဦးစေတနာ တစ်ဦးမေတ္တာ**

မိုးတဖွဲဖွဲလေးကြားက ကုန်သည်လမ်းထောင့်တွင် ဆရာတော်ကြီးတစ်ပါး ကြွလာသည်ကို ဖူးတွေ့လိုက်ရသည်။ အင်္ကျီအိတ်ထောင်ထဲက ကိုယ်ပိုင်ငွေကျပ် ၁၅၀၀ ကို လက်အုပ်ချီမိုးရှိခိုး၍ လှူဒါန်းပူဇော်လိုက်သည်။ ဆရာတော်ကြီးက ဆုတွေ တသီတတန်းပေးရင်း ဧကသီသင်္ကန်းထဲမှ တစ်စုံတစ်ခုကို နှိုက်ယူပြီး ကျွန်တော့်အားပေးသည်။ နှုတ်ကလည်း “ဒါဆောင်ထား၊ ရောဂါဘေးအန္တရာယ်ကင်းတယ်” ဟုလည်း မိန့်ကြားလေသည်။ ကြည့်လိုက်တော့ ပလတ်စတစ်လောင်းထားသော ငွေကျပ် တစ်ရာတန်ပေါ်ဝယ် မြတ်ဗုဒ္ဓ၏ပုံတော်ကို ကြည်ညိုစွာဖူးတွေ့လိုက်ရသည်။ ငွေကြေးအားဖြင့် ကိုယ်တတ်စွမ်းသမျှ ကိုယ်နိုင်သလောက်လေးမျှသာ လှူဒါန်းပူဇော်ခဲ့ရခြင်းဖြစ်သော်လည်း တစ်ဦးစေတနာ တစ်ဦးမေတ္တာကြောင့် စိတ်ဝယ်အေးချမ်းလှပါ၏။

ကုန်သည်လမ်းတစ်လျှောက် ဆက်လျှောက်ဖြစ်သည်။ ပေါ်တီခုံအမိုးလေးအောက်ဝယ် သက်ကြီးပိုင်းလူကြီးတစ်ဦး ပေါင်ချိန်စက်လေး ရှေ့ချ၍ နေ့လယ်စာ စားသုံးနေသည်။ သူ့ထမင်းချိုင့်လေးကို ဝေ့ဝဲကြည့်လိုက်တော့ အသားဟင်းလျာမတွေ့ရပါ။ ပေါင်ချိန်စက်ပေါ် ကျွန်တော်တက်လိုက်သည်။ ဘကြီးက စားလက်စခေတ္တရပ်၍ ပေါင်ချိန်စက်ကို ကြည့်ပြီး “၁၁၆”ဟု ဆိုသည်။ ပေါင်ချိန်စက်ပေါ်က ပြန်ဆင်းပြီး ငွေကျပ်တစ်ထောင်တန် ကမ်းလိုက်တော့ ဘကြီးနှုတ်က တစ်စုံတစ်ရာပြောဖို့ နှုတ်ပြင်လာသည်။ “ရပါတယ် အဘ၊ မအမ်းပါနဲ့ ယူထားလိုက်ပါ”ဆိုတော့ မျက်နှာက ပြုံးယောင်သန်း ကျန်ခဲ့သည်။

**သည်ကာလဝယ် ဖျားနာလို့ မဖြစ်**

သိမ်ဖြူလမ်းပေါ်ရောက်တော့ မိုးကဖွဲရာမှ သည်းလာသည်။ လုံခြုံအောင်ထီးကို ဂရုတစိုက်ပြန်မိုးရသည်။ သည်ကာလဝယ် ဖျားနာလို့ လုံးဝမဖြစ်။ “ဟင်” မျက်နှာချင်းဆိုင်ကလာနေတဲ့ သက်လတ်ပိုင်းအစ်မကြီး ထီးမပါပါလား။ အိမ်နေရင်းအဝတ်အစားနဲ့ဆိုတော့ ဒီအနီးအနားကပဲဖြစ်မယ်။

“အစ်မကြီး၊ ထီးဆောင်းလေ။ ဒီရာသီမှာ ဖျားနာလို့ မဖြစ်ဘူး” နှုတ်က လွှတ်ခနဲထွက်သွားသည်။

သုတ်ခြေတင်ခြေလှမ်းကျဲများကြားက အစ်မကြီး၏ အပြုံးပန်းတစ်ပွင့်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

ရှေ့တူရူ မလှမ်းမကမ်းတွင်မူ သက်ကြီးရွယ်အိုအဘိုးတစ်ဦးကို တွေ့ရပြန်သည်။ ဟိန္ဒူဘာသာဝင်လား၊ မွတ်စလင်ဘာသာဝင်လားမသိ။ လေရှူရသည်မှာ မွန်းကျပ်သည် ထင်၊ နှာခေါင်းစည်းကို မေးစေ့မှာ ချိတ်လာသည်။

“အဘ၊ နှာခေါင်းစည်း တပ်ထားနော်။ မေးစေ့မှာချိတ်မထားနဲ့။ ရောဂါတွေက ကြောက်စရာကောင်းတယ်” အဘထံမှလည်း ကျွန်တော့်၏မေတ္တာကို အသိအမှတ်ပြုသည့် အပြုံးပန်းတစ်ပွင့်ကို ရခဲ့ပြန်သည်။ ဘာရယ်မဟုတ် ယနေ့တစ်နေ့တာ ကျွန်တော်ပြုသမျှက မေတ္တာမနောကံ၊ မေတ္တာဝစီကံ၊ မေတ္တာကာယကံတွေဖြစ်နေပါလားဟု တွေးမိလေသည်။

**မေတ္တာကမ်းလင့်လက်များဖြင့်**

ပစ္စက္ခ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီး၏ တတိယလှိုင်းကာလဝယ် မြန်မာနိုင်ငံတွင် မေတ္တာအင်ပါယာကို မေတ္တာကမ်းလင့်လက်များဖြင့် တည်ဆောက်နေကြသူ အများအပြားကိုလည်း လူမှုကွန်ရက်ထက်တွင် ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရသည်။

Yadanar Oo အမည်ဖြင့်တင်ထားသော လူမှုကွန်ရက်စာမျက်နှာထက်တွင် သူနာပြုဝတ်စုံဖြင့် ညီမငယ်တစ်ဦးက သူသည် ပုဂ္ဂလိကဆေးရုံတစ်ခုက Nurse Incharge တစ်ဦးဖြစ်ကြောင်း၊ ဆေးရုံဆေးခန်း မသွားနိုင်သူများ၊ နှာခေါင်းပိုက်၊ ဆီးပိုက်ပြုတ်၍ ပြန်ထည့်လိုသူများ၊ ဆရာဝန်ပေးသော injection ဆေးများထိုးရန် လိုအပ်သူများကို အခမဲ့ကူညီပေးမည်ဖြစ်ကြောင်း ဖုန်းနံပါတ်နှင့်တကွ ရေးတင်ထားသည်ကို ဖတ်လိုက်ရသည်။ သာဓုနှမော် ခေါ်ဆိုရပါ၏။

ကိုပုတူးနှင့် ဘော်ဒါများကမူ –

“အဘိုးတို့၊ အဘွားတို့ ကြက်ပေါင်းစားချင်သလား”

“စားချင်တာပေါ့။ ဒါပေမယ့်ဈေးကြီးတယ်လေ။ အဘွားတို့ အဘိုးတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာလေ။ မစားနိုင်ပါဘူး သားလေးရယ်”

“စားချင်တယ်ဆို သားကျွေးမှာပေါ့ဗျ။ ရော့ ကြက်ပေါင်း”

“ကျေးဇူးအများကြီးတင်လိုက်တာ သားရယ်။ ညအိမ်ပြန်ရောက်ရင် မိသားစုတွေနဲ့ စားလိုက်မယ်။ တကယ် ကျေးဇူးတင်ပါတယ် သားလေးရယ်”

“ဩော်၊ ကျွန်တော်တို့အတွက် ဘာမျှမဟုတ်ပေမယ့် ဆင်းရဲနွမ်းပါး အဘိုးအဘွား ၁၀ ယောက် တဒင်္ဂ ပြုံးပျော်သွားရင် ပျော်ပါပြီ”ဟူသည့် စာသားများနှင့်အတူ ကြက်ပေါင်း ပလတ်စတစ်ဘူးကြီးတွေ ကိုယ်စီကိုင်ဆောင်ထားသည့် အဘိုးအဘွားတို့ ဓာတ်ပုံများကိုပါ လူမှုကွန်ရက်စာမျက်နှာထက်တွင် တင်ထားသည်ကို တွေ့မြင်ရပြန်သောအခါ အလှူရှင်နှင့် အလှူခံတို့၏ ကြည်နူးပီတိစိတ်များက ကျွန်တော့်နှလုံးသားသို့ပါ စိမ့်ဝင်စီးဆင်းလာသည်။

**နတ်လူသာခုခေါ်စရာ**

ကြက်ဥတစ်ကတ် + ဂေါ်ဖီတစ်ထုပ်ကို ငွေကျပ် ၅၀၊ ဆန်တစ်ပြည် + ပန်းဂေါ်ဖီ တစ်ထုပ်ကို ငွေကျပ် ၅၀ တို့ဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒလမြို့နယ်များရှိ ရပ်ကွက်များသို့ အရောင်းကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးမည့် ကြော်ငြာများ၊ အခြေခံစားကုန်များ၊ ဆေးဝါးများကို လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်လှူဒါန်းနေကြသည့် စေတနာရှင် အလှူရှင်များ၊ လုပ်အားဒါနရှင် ပရဟိတသမားများ၏ ထိုထိုသောပုံရိပ်များစွာတို့ကလည်း နတ်လူသာခုခေါ်စရာပင်။

ဤကမ္ဘာနှင့် ဤမြန်မာပြည်ဝယ် ထိုကဲ့သို့ မေတ္တာကမ္ဘာကြီးတစ်ခုကို မေတ္တာခေတ်များဖြင့် ဆက်လက်လွှမ်းခြုံတည်ဆောက်နိုင်ပါက အဘယ်မျှ အေးမြပါလိမ့်မည်နည်းဟုလည်း တစ်ဆက်တည်း စဉ်းစားမိသည်။ သို့ဆိုလျှင် လူတိုင်းလူတိုင်း မေတ္တာအင်ပါယာကို လက်ဆင့်ကမ်းတည်ဆောက်ကြဖို့လိုသည်။

သို့ရာတွင် ယခုရက်ပိုင်းအတွင်း မေတ္တာကမ္ဘာ၏ အခြားမဲ့အရပ်မှ မေတ္တာတရားကင်းမဲ့သူ အကြမ်းဖက်သမားများ၏ ကာလဒေသမရွေး လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်မှုဖြစ်စဉ်အချို့လည်း ပေါ်ပေါက်ခဲ့ပါသည်။

ဩဂုတ်လ ၁ ရက် မွန်းတည့်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အနီရောင်ဝတ်ဆင်ထားသည့် အကြမ်းဖက်သမားတစ်ဦးက လက်ပစ်ဗုံး နှစ်လုံးဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားသည်။

စာမျက်နှာ ၁၇ သို့ ☆

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပရဟိတလူမှုကူညီရေးအသင်းများအတွက် စိစစ်ရေးကတ်ပြားများ ထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများအား စိစစ်ရေးကတ်နှင့် ကိုဗစ်-၁၉ ရောဂါလူနာများ သယ်ယူပို့ဆောင်ရေးယာဉ်စိစစ်ရေးကတ်များကို နေပြည်တော်ကောင်စီ၏ ဦးဆောင်မှုဖြင့် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပေးလျက်ရှိသည်။

**ထုတ်ပေးပြီး**

အဆိုပါ စိစစ်ရေးကတ်ပြားများကို ဩဂုတ် ၈ ရက်က စတင်ထုတ်ပေးခဲ့ပြီး ယနေ့အထိ ထုတ်ပေးပြီးသည့် စေတနာ့ဝန်ထမ်း ၁၂၇ ဦးနှင့် အသင်းအဖွဲ့မော်တော်ယာဉ် ၃၅ စီးရှိပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများအား စိစစ်ရေးကတ်ပြား ထပ်မံထုတ်ပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မည်သည့်အသင်းအဖွဲ့ကိုမဆို စိစစ်ရေးကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စိစစ်ရေးကတ်ပြားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နေသည့် အသင်းများစာရင်းကို ပြုစုပြီး အဆင့်ဆင့်စိစစ်ကာ နေပြည်တော်ကောင်စီသို့တင်ပြ၍ ထုတ်ပေးခြင်းဖြစ်ကြောင်း နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်ထံမှ သိရသည်။

**တန်ဖိုးကြီးသည့် လုပ်ဆောင်ချက်**

ပရဟိတ လူမှုကူညီရေးအသင်းများအနေဖြင့် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နေချိန် အခုလို စိစစ်ရေးကတ်များ ထုတ်ပေးခြင်းဖြင့် သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် စိတ်အေးအေး အလုပ်လုပ်လို့ရသည့်အတွက် အဆင်ပြေကြောင်း၊ စနစ်တကျ လုပ်ဆောင်ချက်ဖြစ်သည့်အတွက် ပိုမိုကောင်းမွန်ပါကြောင်း၊ ပရဟိတအသင်းများအတွက် တန်ဖိုးကြီးသည့် လုပ်ဆောင်ချက်ဖြစ်ပါကြောင်း၊ အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေသည့် ပရဟိတအသင်းများအတွက် ရှိသင့်သည်ဟု သုံးသပ်မိပါကြောင်း ပုဗ္ဗသီရိမြို့နယ် သဗ္ဗသုခ ပရဟိတ လူငယ်အဖွဲ့မှ ဦးသိန်းထိုက်ဦးက ပြောသည်။

နေပြည်တော်(ပြန်/ဆက်)



---

☆ စာမျက်နှာ ၁၆ မှ

ဖြစ်စဉ်အတွင်း စေတနာ့ဝန်ထမ်းအဖြစ် ကူညီဆောင်ရွက်ပေးသူတစ်ဦးအပါအဝင် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အလားတူ ဩဂုတ်လ ၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ညောင်ကုန်း(၄)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများဆောင်ရွက်ပေးနေစဉ် အကြမ်းဖက်သူများထောင်ထားသည့် လက်လုပ် Remote မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့်မြို့တော်ခန်းမအတွင်း ကာကွယ်ဆေးထိုးနှံမှုများအား လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် ရဲတပ်သားနှစ်ဦး မိုင်းစထိမှန်ဒဏ်ရာများဖြင့် ကျဆုံးခဲ့ရပြီး ရဲဒုတပ်ကြပ်တစ်ဦးနှင့် စေတနာ့ဝန်ထမ်းတစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။

မည်သို့ဆိုစေ မေတ္တာတရားကင်းမဲ့သူ အကြမ်းဖက်ဝါဒီခေါင်းဆောင်များနှင့် နောက်လိုက်နောက်ပါ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ မည်သို့ရှိစေ မေတ္တာတရားကြီးမားသူတို့၏ မေတ္တာကမ္ဘာ မေတ္တာအင်ပါယာ ချဲ့ထွင်မှုကြီးမားကျယ်ပြန့်လှသည်နှင့်အမျှ အကြမ်းဖက်သမားများသည် သမိုင်းတွင် နေရာမရှိ၊ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားကြပေလိမ့်မည်။

နိုင်ငံတော်နှင့် အသင်းအဖွဲ့များ၊ လူမျိုးမရွေး ဘာသာမရွေး စေတနာရှင် အလှူရှင်များ၊ လူမှုဝန်ထမ်းပရဟိတသမားများ၏ နွေးထွေးသော နှလုံးသားများမှတစ်ဆင့် စီးဆင်းလာသော ဖေးမလက်များ၊ ကမ်းလင့်လက်များ၊ တောင့်တင်းခိုင်မာစွာ စုပေါင်းထားသော ချိတ်ဆက်လက်များကြောင့် စုပေါင်းညီညာ အောင်ကြောင်းဖြာသကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို မြန်မာတို့ အောင်နိုင်ရမည်ဟု ကျွန်တော်အလေးအနက် ယုံကြည်မိပါ၏။ ။

---

# ကျောင်းကုန်းမြို့နယ်၌ အိမ်ထောင်စု ၁၇၃ စုအား ဆန်နှင့် အလှူငွေများ လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၇၃ စုတို့အား T S စက်သုံးဆီအရောင်းဆိုင် မိသားစုက ယနေ့နံနက်ပိုင်းတွင် ဆန်နှင့်အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ငွေကျပ် ၅၀၀၀ စီကို အလှူရှင်ကိုယ်စား ဦးစိန်ဌေးအောင်(မန်နေဂျာ T S ဆီဆိုင်)က ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ လှူဒါန်းပေးအပ်ရာ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ပြီး အိမ်ထောင်စုတစ်စုချင်းအား ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ T S စက်သုံးဆီအရောင်းဆိုင် မိသားစုက ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် ယခုတတိယလှိုင်းတို့တွင် ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ လုံခြုံရေးစစ်ဆေးရေးဂိတ်၊ အောက်ဆီဂျင်ရှာဖွေပေးသည့်အဖွဲ့နှင့် နာရေးကူညီမှုအဖွဲ့တို့အတွက် စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

---

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

စာတည်း



# ဩဂုတ် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၇၃၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၈-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၁-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၇၆၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၇၃၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၉၈,၀၀၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၄၁,၃၀၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၃၅၈)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၅၆,၆၇၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၁၈) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၂,၄၅၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၆၃၂) ခု | (၆၉၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၇) ခု | (၅၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၀) ခု | (၅၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၆) ခု | (၃၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၄၀) ခု | (၃၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၆) ခု | (၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၄၃) ခု | (၅၆၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၃၂၃) ခု | (၂,၁၉၄) ဦး |
| စုစုပေါင်း | (၁၃,၇၆၇) ခု | (၃,၇၃၉) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၈၉၂၁၃၅ | ၂၉၉၆၆၃၂၁ | ၆၃၄၆၆၂ |
| ၂။ | အိန္ဒိယ | ၃၂၀၃၆၅၁၁ | ၃၁၂၂၀၉၈၁ | ၄၂၉၁၈၃ |
| ၃။ | ဘရာဇီး | ၂၀၂၃၃၈၈ | ၁၉၀၂၂၇၂၄ | ၅၆၄၈၉၀ |
| ၄။ | ရုရှား | ၆၅၁၂၈၅၉ | ၅၈၀၈၇၇၇ | ၁၆၇၂၄၁ |
| ၅။ | ပြင်သစ် | ၆၃၃၉၅၀၉ | ၅၇၉၂၄၅ | ၁၁၂၃၅၆ |
| ၆။ | ဗြိတိန် | ၆၁၁၇၅၄၀ | ၄၆၉၅၂၉၈ | ၁၃၀၅၀၃ |
| ၇။ | တူရကီ | ၅၉၆၈၈၆၈ | ၅၅၂၆၆၇၄ | ၅၂၄၃၇ |
| ၈။ | အာဂျင်တီးနား | ၅၀၄၁၄၈၇ | ၄၆၉၁၅၂၃ | ၁၀၈၁၆၅ |
| ၉။ | ကိုလံဘီယာ | ၄၈၄၆၉၅၅ | ၄၆၆၂၆၅၈ | ၁၂၂၇၆၈ |
| ၁၀။ | စပိန် | ၄၆၄၃၄၅၀ | ၃၈၅၅၀၆၇ | ၈၂၂၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၇၄၉၄၄၆ | ၃၂၁၁၀၇၈ | ၁၁၂၁၉၈ |
| ၂။ | ဖိလစ်ပိုင် | ၁၆၈၈၀၄၀ | ၁၅၇၇၂၆၇ | ၂၉၃၇၄ |
| ၃။ | မလေးရှား | ၁၃၂၀၅၄၇ | ၁၀၇၅၈၁၆ | ၁၁၃၇၃ |
| ၄။ | ထိုင်း | ၈၁၆၉၈၉ | ၆၀၀၁၅၂ | ၆၇၉၅ |
| ၅။ | မြန်မာ | ၃၄၁၃၀၀ | ၂၅၆၆၇၁ | ၁၂၄၅၂ |
| ၆။ | ဗီယက်နမ် | ၂၃၂၉၃၇ | ၈၀၃၄၈ | ၄၁၄၅ |
| ၇။ | ကမ္ဘောဒီးယား | ၈၃၃၈၄ | ၇၇၇၅၄ | ၁၆၁၄ |
| ၈။ | စင်ကာပူ | ၆၅၉၅၃ | ၆၄၁၅၂ | ၄၂ |
| ၉။ | လာအို | ၉၁၆၁ | ၄၂၄၀ | ၈ |
| ၁၀။ | ဘရူနိုင်း | ၄၄၀ | ၃၁၄ | ၃ |

❒ ၂၀၂၂ အာရှဖလားမှ

ဆီဒင်(၁) သတ်မှတ်ခံရသည့်အသင်းနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်အသင်းများ မပါဝင်ဘဲ အုပ်စု(G)မှ တရုတ်နှင့် ဘရူနိုင်း၊ အုပ်စု(H)မှ တီမောနှင့် ဖိလစ်ပိုင်၊ အုပ်စု(I)မှ မြန်မာနှင့် ဟောင်ကောင်၊ အုပ်စု (J) မှ မလေးရှားနှင့် လာအိုတို့ ရှစ်သင်းကို မဲနှိုက်ခဲ့ရာ ဟောင်ကောင်အသင်း ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အုပ်စု (K) တွင် ဟောင်ကောင်၊ ဂျပန်၊ ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဟောင်ကောင်အသင်း ယခင်ကျရောက်ခဲ့သည့် အုပ်စု (I) တွင် ဗီယက်နမ်၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုမဲခွဲမှုအရ အနောက်အာရှဇုန်အုပ်စု (A) တွင် ဆီးရီးယား၊ ကာတာ၊ ယီမင်၊ သီရိလင်္ကာ၊ အုပ်စု(B)တွင် အီရန်၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်၊ နီပေါ၊ အုပ်စု(C)တွင် အီရတ်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု(D)တွင် ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု(E)တွင် ယူအေအီး၊ အိုမန်၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု(F)တွင် ဂျော်ဒန်၊ ပါလက်စတိုင်း၊ တာ့ခ်မင်နစ္စတန်၊ အရှေ့အာရှဇုန် အုပ်စု(G)တွင် ဩစတြေးလျ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ အုပ်စု(H)တွင် တောင်ကိုရီးယား၊ စင်ကာပူ၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု(I)တွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ အုပ်စု(J)တွင် ထိုင်း၊ မလေးရှား၊ လာအို၊ မွန်ဂိုလီးယား၊ အုပ်စု(K)တွင် ဟောင်ကောင်၊ ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။

ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ကိုညီလေး

■

❍ မန်စီးတီးအသင်းမှ

ဒါကြောင့် နောက်တန်းကစားသမား ဂျွန်စတုန်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲမှာ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခွင့် ရရှိခဲ့ပြီး အင်္ဂလန်အသင်းကို ယူရိုပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ယူရိုပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ အီတလီအသင်းကို ရှုံးနိမ့်ပြီး ဆုဖလားရရှိမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဂျွန်စတုန်းဟာ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက အဲဗာတန်အသင်းကနေ မန်စီးတီးအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၄၇ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစပြီး လက်ရှိအချိန်အထိ မန်စီးတီးအသင်းအတွက် ပွဲပေါင်း ၁၆၈ ပွဲအထိ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

နောက်တန်းကစားသမား ဂျွန်စတုန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလား ရရှိရေးအတွက် နောက်တန်းခံစစ်ကြောင်းမှာ အသင်းဖော် ရူဘင်ဒိုင်ယက်စ်နဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ၂၀၂၁ ခုနှစ်ရဲ့ ပီအက်ဖ်အေအကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းမှာ ပါဝင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၀၄ ဦးနှင့် အမျိုးသမီး ၁၈၅ ဦး စုစုပေါင်း ၃၈၉ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခွဲတခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၃ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခွဲတခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၅၆ ဦး နှင့် အမျိုးသမီး ၂၂၈ ဦး စုစုပေါင်း ၄၈၄ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခွဲတခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၈၆ ဦး နှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၄၅ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေး**

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခွဲတခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ တက္ကသိုလ်၌ ကိုဗစ်- ၁၉ ရောဂါ အတည်ပြုပိုးတွေ့လူနာများထားရှိရန် ကုသဆောင်များနှင့် သီးသန့်စောင့်ကြည့်လူနာများ ထားရှိရန်အတွက် Quarantine Center များ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ် တားဆီးရေးအထောက်အကူပြုဆေးဝါးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၁**

ရန်ကုန်မြို့ စကားဝါလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာန (CMSCC) က အထောက်အကူပြုဆေးဝါးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ တပ်မတော်(လေ)ပို့ဆောင်ရေးလေယာဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးသည်။

**ဆက်လက်ဖြန့်ဝေပေးသွားမည်**

အဆိုပါ ဗဟိုဆေးသိုလှောင်ရေးဌာန (CMSCC) က ပို့ဆောင်ပေးသောဆေးဝါးများတွင် စက္ကူတစ်ဖာလျှင် Paracetamol ဆေးကတ်အရေအတွက် ၂၀၀၀ ပါဝင်သော စက္ကူဖာ ၂၀၊ စက္ကူတစ်ဖာလျှင် Multivitamin ဆေးကတ်အရေအတွက် ၄၈၀၀၀ ပါဝင်သော စက္ကူဖာ ၄၈ ဖာနှင့် အခြားအထောက်အကူပြုပစ္စည်းများ အပါအဝင် ကုန်ချိန် ၄၇၄၂ ကီလိုဂရမ်ကို ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တရုတ်နိုင်ငံမှ ရောက်ရှိနေသည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၌ ထားရှိရာ အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့သို့ ၃၆၅၆၈ လုံးနှင့် မန္တလေးမြို့သို့ ၉၇၅၂၂ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ် များဖြင့် ဆက်လက်ဖြန့်ဖြူးပေးသည်။

ထို့ပြင် ဝေးလံခေါင်ပါးသော ဒေသများသို့ တပ်မတော်လေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးစဉ်များဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**မိတ္ထီလာ ဩဂုတ် ၁၁**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်စေရန် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းများကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ရပ်ကွက်/ကျေးရွာများတွင် လှည့်လည်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# သိန္နီမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**သိန္နီ ဩဂုတ် ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်ကိုင်အသံချဲ့စက်ဖြင့် အများပြည်သူအသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် သိန္နီမြို့နယ် မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

**အိဇာချို(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဩဂုတ် ၁၁**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၉၁၆ ဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၈၄၀ ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နှင့် ကျွန်းစုမြို့နယ်များမှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၆၁ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ငါးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၄၀ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၆၉၇၂ ဦးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၆၉၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၁၂၅၇ ဦးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ငါးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၁၅၀ ကိုလည်းကောင်း၊ တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်နှင့် စေတနာရှင်၊ အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အလှူငွေများနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**
ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများအား ပေးအပ်လှူဒါန်းလျက်ရှိသည်။

**လက်ခံရယူ**

ထိုသို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၊ သီပေါမြို့နှင့် နောင်ချိုမြို့များရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ စေတနာရှင်၊ အလှူရှင်များက စုပေါင်းလှူဒါန်းသည့် နှာခေါင်းစည်း အခု ၆၀၀၀၊ မျက်နှာအကာအခု ၅၀၀၊ အရက်ပြန် သုံးပုံး၊ ကလိုရင်းပိုးသတ်ဆေး သုံးပုံး၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ၊ တန့်ယန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ လီတာ ၄၀ အောက်ဆီဂျင်အိုး ငါးလုံး၊ Oxygen Regulator ငါးလုံး၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ၅၀၊ နှာခေါင်းစည်း အခု ၂၅၀၀၊ စားသောက်ဖွယ်ရာများ၊ နမ္မတူမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လီတာ ၄၀ အောက်ဆီဂျင်အိုး အလုံး ၂၀၊ Test Kit အစုံ ၁၀၀၊ နှာခေါင်းစည်း အခု ၂၅၀၀ နှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ Oxygen Concentrator နှစ်လုံးတို့ကိုလည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းတပ်ဖွဲ့ မိသားစုများက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများသို့ ငွေကျပ် ၃၂၃၂ သိန်းကျော်တန်ဖိုးရှိ Oxygen Concentrator အလုံး ၃၀၊ အောက်ဆီဂျင်အိုး ၁၂၅၀၊ Medical Regulator ၁၂၅၀ နှင့် ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် အရေးပေါ်ကုသဆေးများ ဝယ်ယူရန်အတွက် ငွေကျပ် ၃၄၁၄၅၀၀၀ ကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများသို့ အောက်ဆီဂျင်စက်၊ အောက်ဆီဂျင်အိုး၊ Medical Regulator များနှင့် အရေးပေါ်ကုသဆေးများ ဝယ်ယူရန် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။

သတင်းစဉ်



# သီပေါမြို့နယ်၌ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**သီပေါ ဩဂုတ် ၁၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသောကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဓာတ်စာများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ကိုယ်စား ဗျူဟာမှူး ဗိုလ်မှူးကြီးသက်ခိုင်က ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရဓာတ်စာများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းအခု ၂၀၀၀၊ မျက်နှာအကာ အခု ၂၀၀၊ အရက်ပြန်ပုံးကြီး တစ်ပုံး၊ ကလိုရင်းပုံးကြီး တစ်ပုံးနှင့် ဆန်အိတ် ၃၀၊ ဆီပိဿာ ၃၀၊ ခေါက်ဆွဲနှစ်ဖာ၊ ကြက်ဥအလုံး ၁၀၀၀ ကို ဗျူဟာမှူး ဗိုလ်မှူးကြီးသက်ခိုင်က ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဆေးရုံအုပ် ဒေါက်တာမျိုးအောင်တို့က လက်ခံရယူကြသည်။

အဆိုပါ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဓာတ်စာများကို ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ ဖွင့်လှစ်ဆောင်ရွက်ထားရှိသည့် မြို့နယ်ပြည်သူ့ဆေးရုံ၊ ရေဟော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တရုတ်ဘာသာစကားသင်ကျောင်းနှင့် နမ့်လန်တိုက်နယ်ဆေးရုံ စသည့်နေရာလေးနေရာသို့ ဆက်လက်ခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ခင်လေး(ပြန်/ဆက်)



## လာအိုနိုင်ငံမှ လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၂၅၅ ဦးအား နွေးထွေးစွာကြိုဆို

**တာချီလိတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာရှိ ဝမ်ပုံဆိပ်ကမ်း၌ လာအိုနိုင်ငံမှ လွှဲပြောင်းလာသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၂၅၅ ဦးတို့အား ယမန်နေ့ မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့နယ်မှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ လာအိုနိုင်ငံမှလွှဲပြောင်းလာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၅၅ ဦးအား တာချီလိတ်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ Rapid Test Kit ဖြင့် စစ်ဆေးသည်။

လာအိုနိုင်ငံမှလွှဲပြောင်းလာသည့်မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအနက် ကိုဗစ်-၁၉ရောဂါပိုးမရှိသည့် နေရပ်ပြန်ပြည်သူများအား စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းမင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များက နွေးထွေးစွာကြိုဆိုလက်ခံခဲ့ကြပြီး ၎င်းတို့အား သက်ဆိုင်ရာနေရပ်အသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် အခမဲ့မော်တော်ယာဉ်များစီစဉ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ထောက်ပံ့ငွေများ လှူဒါန်းခြင်းနှင့် နေရပ်ပြန်ပြည်သူများကို အားပေးစကားများပြောကြားခဲ့ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး နေရပ်များသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## မုံရွာမြို့၌ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၂၀၀ နှင့် Flow Meter အခု ၂၀၀ ထပ်မံရောက်ရှိ

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့် ခရိုင်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့မှ တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အရည်အိုး အလုံး၂၀၀ နှင့် Flow Meter အခု ၂၀၀ ထပ်မံရောက်ရှိမှုကို ယနေ့ နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်သက်ဆိုင်ရာဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများ၊ နယ်မြေခံတပ်မတော်ဆေးအဖွဲ့များနှင့် တပ်မတော်သားများ၊ စေတနာရှင်အလှူရှင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်များသို့ ဇူလိုင် ၂၂ ရက်မှစတင်ပြီး အောက်ဆီဂျင်အိုး ၉၀၀ ကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းနှင့် ယနေ့ထပ်မံရောက်ရှိလာသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အရည်အိုး အလုံး ၂၀၀ နှင့် Flow Meter အခု ၂၀၀ ကိုလည်း တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**



## ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အားကစားခန်းမသစ်၌ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုသေဆုံးမှုလျှော့ချရေး၊ ရောဂါကူးစက်ပြန့်ပွားမှုတားဆီးရေး၊ နိုင်ငံ့စီးပွားရေးထိခိုက်မှုဖြစ်ပွားစေနိုင်မည့် အခြေအနေများ မဖြစ်ပေါ်စေရေးတို့ကို ရည်ရွယ်၍ ဦးစားပေးအုပ်စုများခွဲခြားကာ စုရပ်အသီးသီးတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

**ရီခေါဒါရ်**

ချင်းပြည်နယ် ရီခေါဒါရ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးစားပေးအစီအစဉ်အလိုက် ဒုတိယနေ့ ထိုးနှံပေးခြင်းကို ဩဂုတ် ၁၀ ရက်က ရီခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဆက်လက်ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ရီခေါဒါရ်မြို့တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာစန်းမာနှင့် သူနာပြုဆရာမများက ထိုးနှံပေးခြင်းဖြစ်ပြီး ဦးစားပေးအစီအစဉ်အလိုက် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းတို့အား ထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးထိုးနှံသူ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၇၂ ဦးတို့အား ဒုတိယနေ့တွင် ထိုးနှံပေးခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုဦးစားပေးအလိုက် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို ၁၂ ဦး၊ သာသနာ့ဝန်ထမ်း လေးပါး၊ နိုင်ငံ့ဝန်ထမ်း ၂၀၊ ဝန်ထမ်းမိသားစု ခုနစ်ဦးနှင့် စေတနာ့ဝန်ထမ်း ၂၉ ဦးရှိကြောင်း သိရသည်။ **ပက်ကာ (ရီရေကန်)**

**ဆွမ်ပရာဘွမ်**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက ဆွမ်ပရာဘွမ်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ထိုးနှံနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက်တွင် မြို့နယ် ကိုဗစ်-၁၉ ကော်မတီဝင်များက မြို့နယ်ရှိ မိဘပြည်သူများအား ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်များကို အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆွမ်ပရာဘွမ်မြို့နယ်တွင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၀ ရောက်ရှိကာ ဆေးတစ်လုံးကို နှစ်ဦးနှုန်းဖြင့် လူဦးရေ ၄၀၀ ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မူယာပင်ခန်းမနှင့် အထက(၁)တို့၌ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးခြင်းကို ယနေ့နံနက် ၈ နာရီခွဲက စတင်၍ ပြည်မြို့ မူယာပင်ခန်းမနှင့် အထက(၁)တို့၌ စက်ရုံ၊ အလုပ်ရုံ လုပ်သားများ၊ စည်ပင်သာယာဈေးများမှ ဈေး ရောင်းသူများကို မူယာပင်ခန်းမနှင့် အထက(၁)တို့တွင် စုစုပေါင်းလူဦးရေ ၁၂၀၀ ခန့်အား နံနက် ၈ နာရီခွဲ မှမွန်းတည့် ၁၂ နာရီအထိ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ တစ်နေ့ နှစ်ကြိမ်ခွဲ၍ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်တွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

**ကျောက်တန်း ဩဂုတ် ၁၁**

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အတွင်းရှိ ပြည်သူများအား အောက်ဆီဂျင် လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်၉နာရီက အဆိုပါအဆောက်အအုံတည်ဆောက်မည့် ရွှေမှော်ဝန်း သာသနာ့ဗိမာန်ဝင်းအတွင်း ကျင်းပသည်။

ယင်းအောက်ဆီဂျင်စက်ရုံအား ကျောက်တန်းမြို့နယ် အလှူရှင်ပြည်သူများ၏ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၁၈၀၀ ခန့်ဖြင့် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ အဆောက်အအုံ တည်ဆောက်မည်ဖြစ်ပြီး စက်ရုံတည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၈၀ ခန့်ထွက်ရှိမည်ဖြစ်ရာ မြို့နယ်အတွင်းရှိ ပြည်သူများအတွက် အောက်ဆီဂျင် လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မန္တလေးနှင့် ပြင်ဦးလွင်ခရိုင်ရှိ မိုးစပါးစိုက်ကေများအတွက် ဆည်တော်ကြီးရေလှောင်တမံမှ ရေပြည့်ဝစွာပေးဝေ



**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆည်တော်ကြီးရေလှောင်တမံမှရေသောက်ဧရိယာအတွင်းရှိသည့် မန္တလေးနှင့် ပြင်ဦးလွင်ခရိုင်တို့တွင် မိုးစပါးစိုက်ကေ ၇၁၀၀၀ ကျော်အတွက် ရေပြည့်ဝစွာပေးဝေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောကြားသည်။

မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့ရှိ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသော မြို့နယ်များကို ဆည်တော်ကြီး ရေလှောင်တမံမှ စိုက်ပျိုးရေများပေးဝေပြီး စိုက်ပျိုးနေကြောင်း၊ အဆိုပါ ခရိုင်နှစ်ခုအတွင်း စိုက်ပျိုးမည့်မိုးစပါးလျာထားကေမှာ ဧက ၇၁၀၀၀ ကျော်ဖြစ်ပြီး ယခုလက်ရှိအချိန်ထိ စိုက်ပျိုးပြီးကေသည် ၂၀၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့်ကေများကိုလည်း စိုက်ပျိုးရေပြည့်ဝစွာဖြင့် စိုက်ပျိုးလျက်ရှိနေကြောင်း သိရသည်။

"ယခုနှစ်မှာတော့ မိုးရွာသွန်းမှုများပြားတာကြောင့် ဆည်တော်ကြီး ရေလှောင်တမံမှာ ရေသိုလှောင်ပမာဏ ပိုများလာပါတယ်။ မိုးစပါး စိုက်ကေတွေအတွက် ဇူလိုင်လ ပထမပတ်ကနေစပြီးတော့ ရေပေးဝေစိုက်ပျိုးနေတာပါ။ စိုက်ပျိုးနေတဲ့ ကေများအနေနဲ့ မတ္တရာမြို့နယ်မှာ ၁၇၅၁၃ ဧက၊ ပုသိမ်ကြီးမြို့ နယ်မှာ ဧက၂၃၃၀ နဲ့ အမရပူရမြို့နယ်မှာ ၅၄၈ ဧကတို့ စိုက်ပျိုးပြီးနေပါပြီ။ ယခုနှစ်စိုက်ပျိုးမယ့် မိုးစပါးကေတွေကို အောင်မြင်စွာ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေတွေ ပေးဝေသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ရေလှောင်တမံမှ ခရိုင်နှစ်ခုရှိ ဆည်ရေသောက်စနစ်ဖြင့် ရေပြည့်ဝစွာပေးဝေသွားမည့် မြို့နယ်အလိုက် မိုးစပါးစိုက်ကေများမှာ မတ္တရာမြို့နယ်တွင် မိုးစပါး ဧက ၄၀၉၈၀၊ ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါး ၂၀ ၈၂၆ ဧကနှင့် အမရပူရမြို့နယ်တွင် မိုးစပါး ၉၈၅၆ ဧက စုစုပေါင်း မိုးစပါးစိုက်ကေ ၇၁၆၆၂ ဧကတို့ ဖြစ်ပြီး တောင်သူများ ရေအခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ချေးငွေများ ထုတ်ချေး



**ကျောက်တံခါး ဩဂုတ် ၁၁**

ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကင်မွန်းအင်းကျေးရွာကို ဒုတိယအကြိမ် ချေးငွေထုတ်ချေးခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ ၆၁ ဦးအား ငွေကျပ် ၂၈၇၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ ခုနစ်ဦးအား ငွေကျပ် ၁၉၀၀၀၀၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူနှစ်ဦးအား ငွေကျပ် ၆၀၀၀၀၀ စုစုပေါင်းငွေကျပ် ၃၁၂၀၀၀၀၀ ကို ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# သဘာဝဘေးတုံ့ပြန်ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်

**ညောင်ဦး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက ချက်ချင်းတုံ့ပြန်ကူညီကယ်ဆယ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များအားစုဖွဲ့ထားပြီး အသင့်အနေအထားရှိနေကြောင်း ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင်က ပြောကြားသည်။

ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ကူညီရှာဖွေကယ်ဆယ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များအား အသင့်စုဖွဲ့ထားရှိပြီး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ လုပ်ဆောင်နေကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့နယ်မြေတွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ညောင်ဦးခရိုင် မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကူအညီတောင်းခံနိုင်ကြောင်း၊ အကြောင်းကြားကာ ကူညီတောင်းခံမှုများကို ချက်ချင်းသွားရောက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက ပြောကြားသည်။

**ကိုထိန်(KPD)**





# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပြည့်အမှတ်အထက် ရေပိုလွှဲမှ ၂ ဒသမ ၇ ပေ ဆက်လက်ရေကျော်

**ပွင့်ဖြူ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိကမှီခိုအားထားရသည့် ကြီးအုံကြီးဝတမံသည် ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ တမံရေပြည့်အမှတ် ပေ ၃၄၀ အထက် ၂ ဒသမ ၇ ပေ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး မုန်းချောင်းအောက်ဘက်နှင့် မြစ်ကမ်းဘေးကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရန် ကြိုတင်အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ထားကြောင်းနှင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုမှာ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသေးကြောင်း ကြီးအုံကြီးဝတမံ တာဝန်ခံ (AE) ဦးစိုးတင့်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိနေပြီး ယနေ့ နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ၂ ဒသမ ၇ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိပြီး အဆိုပါ တမံရေပိုလွှဲမှ ရေကျော်ကျမှုမှာ ပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ကြိုတင်သိရှိနိုင်စေရန် တမံအတွင်း မိုးရေဝင်ရောက်မှု အခြေအနေကို သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေးစီမံချက်အရ အရေးပေါ်အခြေအနေသတ်မှတ်၍ အစိမ်းရောင်အလံ စိုက်ထူထားပြီး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဗန်းမော်မြို့နယ်၌ ကံ့ကော်ချောင်းကူး ပေ ၄၀ ကွန်ကရစ်တံတား ရာနှုန်းပြည့်ပြီးစီး

**ဗန်းမော် ဩဂုတ် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၈၉ သန်းဖြင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် နတ်ခုတ်-ဖူးတောင်းလမ်းပေါ်ရှိ ကံ့ကော်ချောင်းကူး ပေ ၄၀ ကွန်ကရစ်တံတား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှုအခြေအနေများအား ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နတ်ခုတ် - ဖူးတောင်းလမ်းပေါ်ရှိ ကံ့ကော်ချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ဗန်းမော်မြို့နယ် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ကျေးရွာရှစ်ရွာ၊ အိမ်ခြေ ၁၃၃၂ အိမ်၊ လူဦးရေ ၄၂၂၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

ထိပ်ဆုံးမှာ တွေ့ကြမယ်

# ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ထိုအရာကိုသာ လက်ဆင့်ကမ်းပါ

ခင်မောင်ညို (ဘောဂဗေဒ)

(၅-၈-၂၀၂၁ ရက်နေ့မှအဆက်)

**အရောင်းဘုရင်မ**

မေရီကေးလ်အလှကုန်ပစ္စည်းလုပ်ငန်း၏ဘုတ်အဖွဲ့ ဥက္ကဋ္ဌ မေရီကေးလ်အက်ရ်စ်သည် အခြားသူများ၏ အစွမ်းအစများအပေါ်တွင် အကောင်းမြင်ပုံ၏အရေးပါမှုနှင့် တန်ဖိုးကို လုံးဝနားလည်တတ်သူဖြစ်သည်။ ခြံစည်းရိုး၏ နှစ်ဖက်စလုံးကနေကြည့်မြင်နိုင်၍ တန်ဖိုးအမှန်ကို သူသိရှိသည်။ ၎င်းတွင် ပြုစုစောင့်ရှောက်ရန် ကလေးနှစ်ယောက် ရှိနေသဖြင့် စတန်လီအိမ်သုံးပစ္စည်းလုပ်ငန်းတွင် စတင်အလုပ်လုပ်ခဲ့သည်။ အခြားသူများမှာ အရောင်းအခြေအနေကောင်းမွန်ကြောင်းကို တွေ့ရှိရသည့်အခါ သူ့အနေဖြင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူ့အလှည့်သူ့အချိန်ကို ရောက်ရှိလာမည်ဖြစ်ကြောင်းကိုသိနေပြီး နှစ်ဆပို၍ကြိုးစားခဲ့သည်။

ကာလအနည်းငယ်ကြာသည့်အခါ ဒဲလတ်စ်၌ အမျိုးသားညီလာခံ တစ်ခု ကျင်းပရန်စီစဉ်ထားသည်။ မေရီကေးလ်က သူ၏ ခရီးစရိတ်နှင့် အခန်းခအတွက် ၁၂ ဒေါ်လာပေးချေခဲ့ရသည်။ သူ့မှာရှိသမျှ ငွေအားလုံး ဖြစ်သော ၁၂ဒေါ်လာထဲတွင် အစားအသောက်အတွက်ပင် မပါဝင်ပေ။ သုံးရက်စာအတွက် စားစရာဒိန်ခဲနှင့်မုန့်များကို ယူဆောင်သွားသည်။ ထိုညီလာခံမှာ အလွန်စိတ်အားထက်သန်စရာ ကောင်းလှသည်။ နောက်ဆုံးည၌ မစ္စတာစတန်လီဘီတာရိုက်က အမျိုးသမီးတစ်ဦးအား အရောင်းသရဖူဘွဲ့အပ်နှင်းပေးသည့်အခါ သူလည်း ထိုသို့အောင်မြင်အောင် လုပ်မည်ဆိုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

ဥက္ကဋ္ဌ မစ္စတာဘီတာရိုက်ထံသို့ လက်ဆွဲနှုတ်ဆက်ရန်သွားသည့်အခါတွင် သူ့မျက်စိကို တည့်တည့်စိုက်ကြည့်လိုက်ပြီးနောက် "ကျွန်မ ဘယ်သူလဲဆိုတာကို ဒီနေ့ညတော့ မသိသေးဘူး၊ ဒါပေမဲ့ နောက်နှစ် ဒီအချိန်ကျရင် ကျွန်မဟာအရောင်းဘုရင်မ ဖြစ်ကိုဖြစ်လာစေရမယ်" ဟု ပြောလိုက်သည်။ မေရီကေးလ်က သူ့မျက်စိကို စူးစိုက်ကြည့်ပြီး လက်ဆွဲနှုတ်ဆက်သည့်အခါတွင် သူ၏ခန္ဓာကိုယ်ထဲမှ တစ်စုံတစ်ခုကို တွေ့မြင်လိုက်ပုံရသည်။ ထို့ကြောင့်ပင် "မင်းရလိမ့်မယ်လို့ ငါထင်ပါတယ်"ဟု ပြန်ပြောခဲ့သည်။ သူလည်း နောင်တစ်ချိန်၌ လက်ရှိကုမ္ပဏီမှာပင် ဆုရထိုက်သူတစ်ဦး ဖြစ်လာခဲ့သည်။

တစ်ရက်၌ သူ အနားရခဲ့သည်။ သူ၏ အနားယူခြင်းဆိုသည်မှာ တစ်နေ့လျှင် ၁၂နာရီ အလုပ်လုပ်ရသည့် အချိန်ကာလများသာ ဖြစ်သည်။ သူ၏ ပြန့်ကျဲနေသည့် အတွေးစများကို စုစည်းရန်အတွက် ယခုအချိန်ရလာသည့်အခါတွင် မှတ်စုစာအုပ်တစ်အုပ်ကိုကိုင်လိုက်ပြီး နောက် စတင်တွေးတောကြံစည်စပြုသည်။ သူကိုယ်စားပြုနေသည့် ကုမ္ပဏီနှင့်ပတ်သက်၍ ကြိုက်နှစ်သက်ရာ အချက်အလက်များကို ချရေးသည်။ အရောင်းလုပ်ငန်းတွင် တက်လမ်းရှာနေသည့် အမျိုးသမီး တစ်ယောက်အတွက် သူလုပ်ချင်သည့်၊ ဖြစ်ချင်သည့်၊ ရချင်သည့် အရာများကို ချရေးသည်။ ထို့နောက် ထိုအချက်များပေါ်တွင် မူတည်ကာ သူ့ကိုယ်ပိုင်ကုမ္ပဏီတစ်ခုကို တည်ထောင်သွားရန် ဆုံးဖြတ်ခဲ့သည်။ သူ၏လက်အောက်ငယ်သားများကို အမျိုးသမီး တိုင်း၌ ရှိနေသည့်၊ သူတွေ့မြင်သည့် အစွမ်းအစများ၊ အလှအပများကို အသုံးချခွင့်ရစေရမည်ဟူသည့် အခြေခံအပေါ်၌မူတည်ပြီး ကုမ္ပဏီ တည်ထောင်ခဲ့သည်။ သူ့မှာရှိသည့် အရာတစ်ခုကိုပေးခြင်းထက် သူတို့မှာရှိသည့် အစွမ်းအစများကို ထုတ်သုံးခွင့်ပြုခြင်းက ပိုကောင်းပြီး ပို၍အရေးကြီးသည်ဟု ထင်သည်။

မေရီကေးလ်က အမျိုးသမီးများအနေဖြင့် ဝင်ငွေအများအပြား ရရှိပြီး ဘဝ၏စည်းစိမ်ဥစ္စာများကိုလည်း ခံစားသင့်သည်ဟု ထင်မြင်သည်။ ရင်းနှီးမြှုပ်နှံမှုငွေကြေးအရ အကန့်အသတ်ရှိနေသော်လည်း အကန့်အသတ်မရှိသော ယုံကြည်ချက်များဖြင့် ၁၉၆၃ ခုနှစ် ဩဂုတ်လ တွင် မေရီကေးလ်အလှကုန်လုပ်ငန်းကို စတင်တည်ထောင်ခဲ့သည်။ ပြက္ခဒိန်နှစ်တစ်နှစ် မကုန်ဆုံးသေးမီတွင် သူတို့အနေဖြင့် လက်လီ အရောင်း ဒေါ်လာခြောက်သောင်းဖိုးခန့် ရောင်းချခဲ့ရပြီးဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်၌မူ မေရီကေးလ်အလှကုန်လုပ်ငန်းသည် သိန်း ၈၈ဝဖိုးခန့် ရောင်းချရပြီး အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်တိုင်းမှ အရေ အတွက် လေးသောင်းခန့်ရှိသည့် အတိုင်ပင်ခံများ၊ ဒါရိုက်တာများက လည်း မေရီကေးလ်အလှကုန်များအကြောင်းကို ပြောပြနေကြသည်။

ဤအောင်မြင်မှုနှင့်ပတ်သက်၍ အခြားကိစ္စအများအပြားရှိနေ သော်လည်း မေရီကေးလ်၏ကိုယ်ထဲ၌ ထူးထူးခြားခြား တစ်စုံတစ်ခုကို မြင်တွေ့မိသည့်အချိန်မှစ၍ စတင်ခဲ့သည်ဟုဆိုနိုင်သည်။ ထိုထူးခြား သည့်အရာတစ်ခုကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ဆက်လက်တိုးတက်အောင် ကြီးထွားအောင်လုပ်ဆောင်နိုင်ခဲ့သည်။ သူက လူအများအား ဘုရား သခင်သည် ပထမ၊ မိသားစုသည် ဒုတိယနှင့် မေရီကေးလ်အလှကုန် လုပ်ငန်းသည် တတိယဖြစ်ရမည်ဟု ပြောခဲ့သည်။ သူ၏ဝန်ထမ်းများနှင့် ပတ်သက်၍လည်း ပင်ကိုအစွမ်းအစများကို သိမြင်နိုင်ပြီး ထိုသို့မြင် သည့်အတိုင်း ဆက်ဆံခဲ့သည်။ ရလဒ်တစ်ခုအနေဖြင့် မေရီကေးလ်က ပန်းရောင်ကယ်ဒီလက်ကားကြီးမောင်းနှင်ကာ နိုင်ငံအနှံ့သွားလာနေပုံကို မြင်ယောင်နေခဲ့ပြီးလျှင် ထိုသို့မြင်ယောင်သည့်အတိုင်းလည်း ဖြစ်လာခဲ့သည်။

**လူဘယ်လောက်ကြောက်တတ်တယ်ဆိုတာ သိသလား**

ကာရိုလိုင်းနားတောင်ပိုင်း ကိုလံဘီယာရှိ ကုန်တိုက်တစ်ခု၌ ဖြစ်ပွားမှုတစ်ရပ်ကလည်း အလားတူကိစ္စကိုပင် ညွှန်ပြနေသည်။ ခရစ္စမတ်အချိန်ကာလဖြစ်သဖြင့် ဈေးဝယ်သူ အလွန်များပြားနေသည်။ မိခင်တစ်ဦးနှင့် သူမ၏ ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးက သရုပ်ဆောင်မှုတစ်ခုကို ကြည့်နေကြသည်။ အမေက ပြပွဲကိုအလွန်စိတ်ဝင်စား ပြီးနောက် ကလေးငယ်ကို အာရုံမစိုက်မိဘဲနှင့် ပေအနည်းငယ်ခန့် ဝေးကွာသွားသည်။ ခဏအကြာတွင်မူ ကလေးပျောက်သွားသဖြင့် လိုက်ပြီးရှာရသည်။ နောက်ဆုံး၌ ကလေးကိုတွေ့ရသည့်အခါ တီရှပ်ကွာန် တစ်ကောင်လိုပင် ဖမ်းဆွဲလိုက်ပြီး "ငါ့ဆီလာစမ်း၊ မင်း လူတွေက ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ သိရဲ့လား"ဟု ပြောလိုက်သည်။

ထိုသူငယ်မကြီးပြင်းမီအချိန်အတွင်း ကလေးငယ်တစ်ယောက် အနေဖြင့် ကြောက်စရာတွေ မည်မျှရှိနေမည်ဖြစ်ကြောင်းကို သိနိုင်ပါ သလား။ ဤစာအုပ်ကို ကျွန်တော်တို့ ဖတ်နေသည့်အခါတွင် ကျွန်တော့် သမီးအလတ်ကို လုပ်ခဲ့သလို အပြစ်ရှိသည်ဟု ခံစားရနိုင်သည်။ တစ်စုံတစ်ယောက်က ကျွန်တော့်ကို ပိုကောင်းလာအောင် မသင်ကြား ပေးသမျှ အလားတူကိစ္စမျိုးတွေကိုသာ လုပ်မိနေမည်။ ထိုသို့ ကျွန်တော် မတွေးမိခဲ့သည့်အတွက်လည်း အံ့အားသင့်မိသည်။ ကျွန်တော်အမှန် တကယ် လေ့လာဆည်းပူးပြီးမှသာလျှင် ထိုသို့သော ထိုးထွင်းဉာဏ် ကောင်းတစ်ခုကို ရရှိခဲ့ခြင်းဖြစ်သည်။

> **ခင်ဗျားအနေဖြင့် အခြားသူများတွင်ရှိသော အစွမ်းအစများကိုသိမြင်ပြီး ထိုအစွမ်းအစများကြွယ်ဝတိုးပွားလာအောင် ကူညီပေးနိုင်လျှင် သိသာထင်ရှားသည့် ဖြည့်ဆည်းမှုတစ်ရပ်ကို ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ ခင်ဗျားက လက်ဆင့်ကမ်းလေ ခင်ဗျားအတွက် ပိုကျန်လေဖြစ်သည်**

ဖြစ်ပြီးမှ နားလည်သွားရခြင်းနှင့်ပတ်သက်၍ အကြိမ်ပေါင်း များစွာကြားရသည့် ကိစ္စရပ်နှစ်ခုရှိနေသည်။ ပထမတစ်ခုမှာ ဖြစ်ပျက်ပြီးမှ နားလည်ခြင်းသည် မှန်သည်ဟုပြောပြီး ဒုတိယ တစ်ခုမှာမူ ထိုသို့နားလည်ခြင်းသည် ဘာမျှတန်ဖိုးမရှိ၊ မထိုက်တန်ဟု ပြောကြသည်။ ထိုသို့ပြောကြသည့် နှစ်ခုစလုံးမှာ တစ်ဝက်တစ်ပျက်သာ မှန်သည်။ ဖြစ်ပြီးမှ နားလည်ရသည့်အတွက် ထိုကိစ္စမှ သင်ခန်းစာ အများအပြား ရယူနိုင်ခဲ့လျှင် တန်ကြေးရှိသည်။ အကယ်၍ အခြားသူ၏ အတွေ့အကြုံများမှ ရရှိခဲ့သည်ဖြစ်လျှင်လည်း တန်ကြေးအများကြီး ရှိသည်ကို တွေ့ရမည်။ ထိုသို့မဟုတ်ခဲ့လျှင် မျိုးဆက်တိုင်း မျိုးဆက် တိုင်းက ထပ်ခါထပ်ခါမှားနေကြလိမ့်မည်။ မျိုးဆက်သစ်တို့ကလည်း သံသရာဘီးကို တစ်ပတ်ပြန်လည်ပြီး တီထွင်နေကြရမည်ဖြစ် သည်။

**မျှဝေလေ တိုးပွားလေ**

အမေရိကန်တော်လှန်ရေး စစ်ပွဲများကာလမှ နာမည်ထင်ရှားသူ မေဂျာအန်ဒီဆင်က စာကြည့်တိုက်တစ်ခု တည်ထောင်ခဲ့သည်။ ထိုအရပ်ဒေသရှိ ပညာဗဟုသုတ ဆည်းပူးလိုသူများအတွက် သူ၏ စာကြည့်တိုက်ကို ကိုယ်ကျိုးမငဲ့ ဖွင့်လှစ်ခဲ့သည်။ စနေနေ့ နံနက်တိုင်း မေဂျာအန်ဒီဆင်၏ စာကြည့်တိုက်သို့ရောက်လာသည့် အမျိုးသား လူငယ်တစ်ယောက်မှာ စကော့လူမျိုးဖြစ်ပြီး တစ်နေ့တာလုံး စာဖတ် ရှုရသည့်အတွက် အလွန်ကျေးဇူးတင်နေသူ ဖြစ်သည်။ ထိုသို့ ဖတ်ရှုရာ မှ ပညာဗဟုသုတ အများအပြား လေ့လာဆည်းပူးခဲ့ပုံရသည်။ အဘယ် ကြောင့်ဆိုလျှင် အင်ဒရူးကာနယ်ဂျီသည် အမေရိကန်နိုင်ငံတွင် အချမ်းသာဆုံးနှင့် ထုတ်လုပ်မှုစွမ်းအားအရှိဆုံးသူတစ်ယောက် ဖြစ်လာခဲ့သောကြောင့်ပင် ဖြစ်သည်။ သူက သန်းကြွယ်သူဌေး ၄၃ ယောက်ကို မွေးထုတ်ပေးခဲ့သည်။ ကာနယ်ဂျီစာကြည့်တိုက်များကို အမေရိကန်နိုင်ငံတစ်ဝန်း၌ ထူထောင်နိုင်ခဲ့သည်။ ထုတ်ဖော်ပြောဆိုခြင်း မပြုကြသော လူထောင်ပေါင်းများစွာတို့သည်လည်း သူ၏ရက်ရောမှုမှ အကျိုးခံစားခွင့်များ ရရှိခဲ့ကြသည်။

မှန်ပါသည်။ ခင်ဗျားအနေဖြင့် အခြားသူများတွင်ရှိသော အစွမ်းအစများကိုသိမြင်ပြီး ထိုအစွမ်းအစများ ကြွယ်ဝတိုးပွားလာ အောင် ကူညီပေးနိုင်လျှင် သိသာထင်ရှားသည့် ဖြည့်ဆည်းမှုတစ်ရပ် ကို ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ ခင်ဗျားက လက်ဆင့်ကမ်းလေ ခင်ဗျားအတွက်ပိုကျန်လေဖြစ်သည်မှာ မှတ်သား စရာကောင်းပါသည်။ ချားလ်ပါစီကိုကြည့်ပါ။ ၎င်းအသက် ၃၉ နှစ် အရွယ်တွင် ဘဲလ်နှင့် ဟိုဝဲလ်ကုမ္ပဏီများ၏ ဥက္ကဋ္ဌဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သူဖြစ်သည်။ ကုမ္ပဏီ၏အောက်ခြေမှနေ၍ အဆင့်ဆင့် တက်လာခဲ့ပြီး ကျော်ကြားမှုနှင့် ဥစ္စာဓနတို့ကိုပါ ရရှိခဲ့သည်။ ယနေ့ဆိုလျှင် သူသည် ထူးချွန်သော အမေရိကန်လွှတ်တော်အမတ်တစ်ယောက် ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဆီနိတ်တာပါစီနှင့် ပတ်သက်၍ တညီတည်းပြောလေ့ရှိသည့် ဝေဖန်ချက်တစ်ခုက အခြားသူတစ်ယောက်၏ အစွမ်းအစကို သိမြင်နိုင်စွမ်းရှိ၍ ထိုအစွမ်းအစကို အသုံးချရန်လည်း စည်းရုံးနိုင်စွမ်းရှိမှုပင်ဖြစ်သည်။

တစ်ခါတစ်ရံတွင် ဤဒဿနသည် ခင်ဗျားကို အလင်းရောင် အောက်သို့ခေါ်မသွားဘဲ အမှောင်ဘက်သို့လည်း ခေတ္တခဏမျှ ခေါ်ဆောင်သွားနိုင်သည်။ ခရစ်ချက်တာဝေး ကိစ္စကိုကြည့်ပါ။ တစ်မိုင် ကို လေးမိနစ်နှင့် ပထမဆုံးပြေးနိုင်ရန်အတွက် အထင်ကရနေရာမှ သူပါဝင်ခဲ့သည်။ သို့ရာတွင် ရော်ဂျာဘန်နစ်စတားက နိုင်ငံတကာတွင် လူသိများလာသည့်အချိန်၌ ချက်တာဝေးသည် မထင်မရှားဖြစ်သွား တော့သည်။ ထိုအချိန်မှစ၍ တစ်မိုင်ကို လေးမိနစ်ထက် ပိုလျော့နည်းပြီး ပြေးနိုင်သည့် ပြိုင်ပွဲပေါင်း ၅ဝဝ ကျော် ရှိခဲ့သော်လည်း ချက်တာဝေး သည် မည်သူမျှ မချိုးနိုင်ဟုထင်ခဲ့သောစံချိန်ကို ပထမဆုံးချိုးနိုင်သည့် သူတစ်ယောက်အဖြစ် အမြဲတမ်း ပေါ်ပေါက်လာခဲ့သည်။

စာမျက်နှာ ၂၄ သို့ ■

■ စာမျက်နှာ ၂၃ မှ

**အမှားအယွင်းနှစ်ခု**

ကောလိပ်ပါမောက္ခတစ်ယောက်၌ နားလေးနေသည့် ဇနီးတစ်ယောက်ရှိသည်။ သူ၏စိတ်ကူးမှာ သူအလွန်ချစ်သော ဇနီးသည်အတွက် နားကြားကိရိယာတစ်ခု တီထွင်ဖန်တီးရန်ဖြစ်သည်။ သူ့မှာရှိသမျှ ငွေအားလုံး၊ အချိန်အားလုံးကို ထိုစိတ်ကူးအတိုင်း အကောင်အထည် ပေါ်လာစေရန် ကြိုးစားခဲ့သည်။ သမိုင်းမှတ်တမ်းများအရဆိုလျှင် ထိုသို့ကြိုးစားရာ၌ မအောင်မြင်ခဲ့သော်လည်း လုံးဝဆုံးရှုံးသည်တော့ မဟုတ်ပေ။ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်သည် ရည်ရွယ်ချက်တစ်ခုကို မရရှိခဲ့သော်လည်း အခြားသူတစ်ယောက်၏ ပြဿနာကို ဖြေရှင်းရန် အာရုံစိုက်မြှုပ်နှံခဲ့သည့်အတွက် လူ့အဖွဲ့အစည်းအနေဖြင့် အများကြီးအကျိုးရှိသွားခဲ့သည်။ သူက လူတစ်ယောက်ကို ကူညီရန် မအောင်မြင်ခဲ့သော်လည်း လူသန်းပေါင်းများစွာတို့ကိုမူ အကူအညီပေးနိုင်ခဲ့သည်။

ရှေးယခင် နှစ်အတန်ကြာသည့်အခါက ဝဲလ်ဟမ်းရှိုက်ဟု အမည်ရသည့် ဂျာမန်တီထွင်သူ တစ်ယောက်သည် ဝိုင်ယာကြိုးများမှတစ်ဆင့် အသံလွှင့်ထုတ်နိုင်သည့် ကိရိယာတစ်ခုကို တီထွင်ခဲ့သည်။ တကယ်တော့ ရှိုက်က တစ်လက်မ၏ တစ်ထောင်ပုံတစ်ပုံရှိ အီလက်ထရွန်နှစ်ခုကို ရွေ့လျားစေနိုင်သော်လည်း တိုက်မိခြင်းမရှိသဖြင့် တယ်လီဖုန်းကို တီထွင်ခြင်းမပြုနိုင်ခဲ့ပါ။ အကယ်၍သာ ဘဲလ်ကဲ့သို့သော ရည်ရွယ်ချက်မျိုးဖြင့် အလုပ်လုပ်ခဲ့လျှင် ဘယ်လိုဖြစ်နိုင်မည်ကို စဉ်းစားစရာဖြစ်သည်။ ဝဲလ်ဟမ်းရှိုက်၏ ထိုအီလက်ထရွန်နှစ်ခု မတော်တဆများ ထိမိသွားခဲ့လျှင် ဘာဖြစ်မည်နည်း။ ကျွန်တော်တို့ မည်သည့်အခါမျှ သိနိုင်တော့မည်မဟုတ်ပါ။

**အစားထိုးအခမ်းအနားမှူး**

နှစ်အတန်ကြာက ကျွန်တော့်မိတ်ဆွေတစ်ယောက်ဖြစ်သည့် ဒေးဗစ်စမစ်က ဘဲလိုက်ကလပ်၏ နှစ်ပတ်လည်ကပွဲတွင် အခမ်းအနားမှူးအဖြစ် အစားထိုးဆောင်ရွက်ပေးနိုင်မည်လားဟု မေးသည်။ ကျွန်တော်ကလည်း နောက်ပြောင်ပြီး ထိုသို့ အစားထိုး အခမ်းအနားမှူးအဖြစ် အမြဲတမ်းဆောင်ရွက်ချင်ပါကြောင်း ပြောလိုက်သည်။ ထိုအခမ်းအနားမှာ ဝတ်စုံအပြည့်၊ တီးဝိုင်းတို့ဖြင့် ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်သည်။ ထိုအခမ်းအနားအတွက် ကျွန်တော်နှင့်ဇနီးသည် စောစောရောက်ရှိသွားကြပြီး ကျွန်တော်တို့၏ မိတ်ဆွေ ဒေးဗစ် နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်ကသည်ကို တအံ့တသြကြည့်နေကြသည်။ ကျွန်တော်တို့ စိတ်ပါဝင်စားစွာ ချီးကျူးသည်များအတွက် အနည်းငယ်ရှက်နေပုံရသော်လည်း ကျေနပ်ပုံရသည်။ သူက စိတ်မပါလက်မပါနှင့် သူအကသင်ခဲ့သည့် အကြောင်းကိုပြောပြသည်။ နှစ်ပေါင်းများစွာကပင် သူနှင့် တွေ့ကြုံခဲ့ရသော်လည်း သူ့အကြောင်းကို ရေရေရာရာမသိခဲ့။ နည်းနည်းတိုက်တွန်းလိုက်သည့်အခါ သူက သူ့အကြောင်းကို ပြောပြသည်။

သူ့အသက် ၁၆ နှစ်အရွယ်တွင် မိသားစုကို ကူညီထောက်ပံ့နိုင်ရန်အတွက် ကျောင်းကမထွက်ချင်ဘဲနှင့် ထွက်ခဲ့ရသည်။ ၂၂ နှစ်ရောက်မှ ကျောင်းပြန်တက်ပြီးလျှင် ၂၅ နှစ်အရွယ်တွင် ကျောင်းပြီးခဲ့သည်။ ယခု သူ့မှာသမီးသုံးယောက်ရှိပြီး နှစ်ယောက်သည် ကျောင်းဆရာမများဖြစ်ကာ တစ်ယောက်က မဟာဘွဲ့အတွက်ပြင်ဆင်နေသည်။

သူ့မိသားစုအတွက် သူဂုဏ်ယူနေသည်မှာသိပ်ထင်ရှားပါသည်။ ဒေးဗစ်နှင့်ပတ်သက်၍ ပြောစရာရှိသည်မှာ သူ၏အသက်ပင်ဖြစ်သည်။ သူသည် ယခုအခါ အသက် ၆၆နှစ် အရွယ်ရှိပြီး ကျွန်တော်တွေ့ဖူးသမျှတွင် ပင်ပင်ပန်းပန်း အလုပ်လုပ်ဆုံးသူဖြစ်သည်။ ဖြစ်ချင်တော့ သူသည် ကျွန်တော်တို့ရပ်ကွက်မှာ နေထိုင်သူဖြစ်ပြီး သူ၏ ဇာတ်လမ်းမှ သင်ခန်းစာ အများအပြားရရှိခဲ့သည်။ စာအုပ်တစ်အုပ်ကို အဖုံးကြည့်ပြီး ဝေဖန်ရုံနှင့်မပြီးနိုင်ကြောင်း ထပ်လောင်းအသိပေးခဲ့သည်။ ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်သမျှ ဘယ်လိုလုပ်လုပ်၊ ဘာကိုလုပ်လုပ် သိက္ခာရှိကြောင်းကိုလည်း သက်သေပြခဲ့သည်။ အချို့သူများအနေဖြင့် မနှစ်သက်သော်လည်း ဒေးဗစ်သည် သူ့ကိုယ်သူ ထူထောင်နိုင်ပြီး သမီးသုံးယောက်ကိုလည်း ပညာသင်ပေးနိုင်ခဲ့သည်။ ထို့အပြင် သူ၏အတွေ့အကြုံများအရဆိုလျှင် အခွင့်အလမ်းတို့ မည်သည် အလုပ်ထဲမှာမရှိ။ လူထဲ၌သာရှိကြောင်း ထပ်မံသက်သေပြခဲ့သည်။ အလုပ်ကောင်းကောင်းလုပ်ပြီး သူတစ်ပါးကို ဝန်ဆောင်မှုကောင်းကောင်းပေးခဲ့သည်။ အဓိကအချက်မှာ သူ့သမီးများကို ပညာကောင်းကောင်းတတ်စေချင်သဖြင့် ဒေးဗစ်က သူ့ကိုယ်သူ အချိန်များများမြှုပ်နှံပြီး အလုပ်လုပ်ခဲ့သည်။ ရလဒ်မှာ အားလုံးအကျိုးရှိကြခြင်းဖြစ်သည်။ ဒေးဗစ်စမစ်က သူကိုယ်တိုင်နှင့် သူ၏သမီးသုံးယောက်ကို ပညာပေးခဲ့သည်။ ထိုသမီးသုံးယောက်ကလည်း သူတို့၏ ကျောင်းသားများကို ပညာဆက်သင်ပေးကြကြောင်းတွေ့ရ၍ စိတ်အားထက်သန်စရာ ကောင်းလှပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

[ခင်မောင်ညို (ဘောဂဗေဒ)၏ “ထိပ်ဆုံးမှာတွေ့ကြမယ်” စာအုပ်မှ “ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ထိုအရာကိုသာ လက်ဆင့်ကမ်းပါ” ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

# အနုပညာ



## လော့စ်အိန်ဂျလိစ်မှာ အတူတွေ့ရတဲ့ ဟယ်ရီစတိုင်နဲ့ အိုလီဗာဝိုင်း

ယခုနှစ်နှစ်စပိုင်းမှာမှ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ ဟယ်ရီစတိုင်နဲ့ အိုလီဗာဝိုင်းတို့ကို လတ်တလောမှာ လော့စ်အိန်ဂျလိစ်ရဲ့ လမ်းတွေပေါ်မှာ အတူတွဲကာ တွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်နဲ့ သရုပ်ဆောင်နဲ့ဒါရိုက်တာတစ်ဦးဖြစ်သူ အိုလီဗာဝိုင်းတို့ဟာ ယခုနှစ်စပိုင်းမှာ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြသူတွေပါ။ သူတို့နှစ်ဦးဟာ ဟယ်ရီစတိုင်ရဲ့ မန်နေဂျာရဲ့မင်္ဂလာအခမ်းအနားကို အတူတက်ရောက်ခဲ့ကြပြီး နောက်ပိုင်းမှာ နှစ်ဦးသားအတူတူ အလည်အပတ်ထွက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်နွေရာသီမှာ အလည်အပတ်ခရီးတွေ အတူထွက်ခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ လတ်တလောမှာတော့ လော့စ်အိန်ဂျလိစ်မှာ အတူရှိနေကြတာဖြစ်ပါတယ်။ အိုလီဗာဝိုင်းနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ မင်းသမီးဟာ လာမယ့်သီတင်းပတ်အတွင်း သူ့ရဲ့ ရုပ်ရှင် Babylon ကို လော့စ်အိန်ဂျလိစ်မှာ ရိုက်ကူးဖို့ရှိနေပြီး ဟယ်ရီစတိုင်ကလည်း သူနဲ့အတူ ရှိနေမှာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## လက်ထပ်တော့မယ့် ယွန်ခိုင်ဆန်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ယွန်ခိုင်ဆန်းဟာ သူ့ရဲ့ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မင်းသားဟာ ချစ်သူရှိနေပြီဖြစ်ကြောင်း ယခုနှစ်စပိုင်းမှာ ပရိသတ်တွေကို အသိပေးခဲ့ပြီးနောက် လတ်တလောမှာ လက်ထပ်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယွန်ခိုင်ဆန်းက လက်ထပ်တော့မှာဖြစ်ကြောင်း ဩဂုတ် ၁၁ ရက်မှာ သူ့ရဲ့ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ ယွန်ခိုင်ဆန်းရဲ့ ချစ်သူဟာ သူ့ထက် အသက်ငါးနှစ်ခန့် ငယ်ရွယ်သူတစ်ဦးဖြစ်ပြီး အလှကုန်အမှတ်တံဆိပ်တစ်ခုရဲ့ စီအီးအိုလည်း ဖြစ်ပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး မင်းသားရဲ့အေဂျင်စီဘက်ကလည်း အတည်ပြုပြောကြားခဲ့ပါတယ်။ အေဂျင်စီရဲ့ပြောကြားချက်အရ မင်းသားဟာ သူ့ရဲ့ချစ်သူနဲ့ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းကစတင်ကာ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြောင်းနဲ့ သူတို့နှစ်ဦးဟာ အိမ်နီးချင်းတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး လက်ရှိမှာတော့ နှစ်ဖက်မိဘတွေရဲ့ ခွင့်ပြုချက်ရရှိခဲ့ကာ လက်ထပ်ပွဲပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

## ကြည့်ရှုသူ ငါးသိန်းခန့်ရှိခဲ့တဲ့ BlackPink The Movie

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ဟာ လတ်တလောမှာ အဖွဲ့ရဲ့ နှစ်ပတ်လည်အတွက် ရည်ရွယ်ကာ ရုပ်ရှင် BlackPink The Movie ကို ရုံတင်ပြသခဲ့ရာမှာတော့ လာရောက်ကြည့်ရှုသူပေါင်း ငါးသိန်းခန့်ရှိခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BlackPink The Movie ကို ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ဒေသပေါင်း ၁၀၀ ခန့်မှာရှိတဲ့ ရုပ်ရှင်ရုံ ၃၀၀၀ ခန့်မှာ ဩဂုတ် ၄ ရက်က စတင်ပြသခဲ့တာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ဟာ စတင်ပြသပြီး ငါးရက်အတွင်း ကြည့်ရှုသူ ငါးသိန်းနီးပါးရှိခဲ့တာပါ။

အဆိုပါရုပ်ရှင်ဟာ Black Pink ရဲ့ ဂီတသက်တမ်း ငါးနှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ကို ယခုလကုန်ပိုင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေဖြစ်ကြတဲ့ အင်ဒိုနီးရှား၊ ထိုင်းနဲ့ မလေးရှားတို့မှာလည်း ရုံတင်ဖို့ရာ စီစဉ်ထားတာကြောင့် ယခုလကုန်ပိုင်းမှာ အဆိုပါရုပ်ရှင်ကို ရုံတင်ပြသမယ့် ရုပ်ရှင်ရုံပေါင်း ၄၂၀၀ ခန့်ရှိလာမှာဖြစ်တယ်လို့ သိရပါတယ်။



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**မူးယစ်**
**ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး

## ဦးအေးသိန်း (တရားလွှတ်တော်ရှေ့နေ)

ဥပဒေအရာရှိ-(ငြိမ်း) (ဧယျ-၅၉/၆၀)
မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမြဟန်-ဒေါ်အေးရင်)တို့၏ သား၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁) တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ်(၂၈/ဒီ-၂)နေ ဒေါ်မေရီထွန်း(ဒုအကခမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သန်းစိန်-မနန္ဒာထွန်း၊ မောင်ပြည့်ဖြိုးသိန်းတို့၏ ချစ်လှစွာသောဖခင်၊ မစံရတီ၏ ချစ်လှစွာသော အဘိုး ဦးအေးသိန်းသည် ၁၀-၈-၂၀၂၂ ရက် ညနေ ၆နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၈-၂၀၂၂ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း/၁၀၃၂၂ ဗိုလ်မှူး ညီလှိုင်(ငြိမ်း) ၂၉-၇-၂၀၂၂ ရက် ၂ နာရီ၊**
**ကြည်း/၁၀၃၂၅ ရဲမင်းကြီး (ငြိမ်း) ဦးသက်ထွန်း ၂၁-၇-၂၀၂၂ရက် ၁၉:၃၀နာရီ၊**
**ကြည်း/၁၀၃၈၃ ဒုမှူးကြီး ကိုလေး (ငြိမ်း) ၁၀-၈-၂၀၂၂ရက် ၁၀:၃၀နာရီ**

တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် ဗိုလ်သင်တန်းအမှတ်စဉ် (၃၁) သီဟတပ်ခွဲမှ အထက်ပါအရာရှိ မိသားစုများနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS (31) သီဟတပ်ခွဲမှ**
**အရာရှိများနှင့် မိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရားဒါယကာကြီး

**ဦးစောဝင်း**

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

**အသက်(၇၆)နှစ်**

**လျှပ်စစ်စွမ်းအားဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခြံအမှတ် K-8၊ (၄)ရပ်ကွက်၊ ပိတောက်(၃)လမ်း၊ မြကန်သာနေ (ဦးပါ-ဒေါ်အေးလှ)တို့၏သား၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသော ခင်ပွန်း ဦးစောဝင်းသည် ၈-၈-၂၀၂၂ ရက် နံနက် ၁၁:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းအောင်မြ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**(ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ ဦးစိုင်းအောင်မြ [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)]သည် ၁၀-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာစစ်တင်**

**အသက်(၆၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဆည်/ရေဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကြည်ဆွေ၏ အစ်ကိုဖြစ်သူ ဒေါက်တာစစ်တင်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့)နံနက် ၁၀:၅၅နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**ဧရာဝတီတိုင်းဒေသကြီး**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ကိုဘုန်းမြင့်**

**အသက် (၄၈)နှစ်**

ဦးကြီးညွန့် (ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်အုန်းပို (ငွေဆင်ရိုင်းဖိနပ်ဖြန့်ဖြူးရေး)တို့၏သားသမက်၊ မဇာနွယ်လှိုင်၏ ချစ်လှစွာသောခင်ပွန်း ကိုဘုန်းမြင့်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဘမြင့်(ဦးဆောင်နာယက)-ဒေါ်ဝင်းကြည်မိသားစု**
**ဦးမောင်လှ(ဥက္ကဋ္ဌ)-ဒေါ်ရှုလှိုင်မိသားစု**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ကိုဘုန်းမြင့်**

**အသက်(၄၈)နှစ်**

ဦးကြီးညွန့်(ဒုတိယဥက္ကဋ္ဌ-ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်အုန်းပို(ငွေဆင်ရိုင်းဖိနပ်ဖြန့်ဖြူးရေး)တို့၏သားသမက်၊ မဇာနွယ်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဘုန်းမြင့်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးအင်ဝင်း(အမှုဆောင်)-ဒေါ်ခင်အုန်းကြည်မိသားစု**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

---

## "သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်သိန်း[၉/ဝတန(နိုင်)၀၃၈၂၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရေတွင်းကျေးရွာအုပ်စု၊ မကျီးတောကျေးရွာနေ ဦးမြင့်ဆွေ(ခ)ဦးဖိုးတုတ်နှင့် ကျွန်ုပ်မိတ်ဆွေတို့မှာ တစ်ရွာတည်းသားများဖြစ်ကြပြီး၊ ဦးမြင့်ဆွေ(ခ)ဦးဖိုးတုတ်၏သမီး မအေးအေးသိန်း(ခ)မတရုတ်မနှင့် ကျွန်ုပ်မိတ်ဆွေ၏သား မောင်အောင်ဆန်းဦးတို့ကို ထိမ်းမြားလက်ထပ်ပေးရန်အတွက် ထုံးတမ်းစဉ်လာအတိုင်း ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ဇနီး ဒေါ်သန်းလှတို့က ၂-၇-၂၀၂၂ ရက်တွင် ဦးမြင့်ဆွေ(ခ)ဦးဖိုးတုတ်တို့နှင့် နှစ်ဖက်လူကြီးချင်းကြောင်းလမ်းပြောဆိုခဲ့ကြရာ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း သင်္ကြန်ကာလပြီးလျှင် မအေးအေးသိန်း(ခ)မတရုတ်မအား မော်တော်ယာဉ်အမှတ် [8G/6343]ယာဉ်တစ်စီး၊ ရွှေဆွဲကြိုးတစ်ကျပ်သား(၁)ကုံး၊ ရွှေလက်စွပ်(၁)ကွင်းတို့နှင့် လာရောက်တောင်းရမ်းမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေက ကြောင်းလမ်းပြောဆိုခြင်းကို ဦးမြင့်ဆွေ(ခ)ဦးဖိုးတုတ်တို့ဘက်မှ သဘောတူညီခဲ့ကြသည်ဟုသိရှိရပါသည်။

သို့ရာတွင် ထိုသို့တောင်းရမ်းခြင်းမပြုမီ ကျွန်ုပ်မိတ်ဆွေ၏သားမောင်အောင်ဆန်းဦး မှာ ၂၉-၇-၂၀၂၂ ရက်၌ ကွယ်လွန်သွားခဲ့ခြင်းကြောင့် ဖော်ပြပါပစ္စည်းများသည် မအေးအေးသိန်း(ခ)မတရုတ်မနှင့်သော်လည်းကောင်း၊ ဦးမြင့်ဆွေ(ခ)ဦးဖိုးတုတ်တို့ မိသားစုနှင့်သော်လည်းကောင်း မည်သို့မျှသက်ဆိုင်ခြင်းမရှိသေးသည့် အခြေအနေတွင် ပူဆွေးသောကရောက်နေသည့် ကျွန်ုပ်မိတ်ဆွေနှင့်တကွ ၎င်း၏မိသားစုအား ထိခိုက်နစ်နာစေရန် တမင်ကြံရွယ်လျက်၊ မဟုတ်မမှန်ပြောဆိုဆောင်ရွက်ကြသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၄၀)**
**တိုက်(၂၈)၊ အခန်း(၃၀၆)၊ အောင်ဇေယျအိမ်ရာ၊ (၂၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၆၉၂၃၃၈၈၀၄**

---

## "ကွယ်လွန်သူ ဦးကောင်းထွဋ် (Country Director of Myanmar, Master Card Company)၏ မိခင် ဒေါ်စန္ဒာခင်မှ အများသိစေရန် ကြေညာချက်"

ကျွန်ုပ်မိတ်ဆွေကြီးဖြစ်သူ ဒေါ်စန္ဒာခင် 970-Hellingly Place, Montgomery Village,Maryland United State of America (Passport No.664520388) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်သည်မှာ-

ဒေါ်စန္ဒာခင်၏ သားဖြစ်သူ ဦးကောင်းထွဋ် (အသက်-၄၀)နှစ် (Country Director of Myanmar,Master Card Company)သည် ၂-၈-၂၀၂၂(တနင်္လာနေ့)က ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အာယုဆေးရုံကြီးတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။

မိခင်ဒေါ်စန္ဒာခင်နှင့် ကျန်ရစ်သူမိသားစုက(၄-၈-၂၀၂၂)ရက် ကြေးမုံသတင်းစာတွင် နာရေးကြော်ငြာထည့်သွင်းခဲ့သော်လည်း ဒေါ်အေးယုယုထွေး ဆိုသူက ဦးကောင်းထွဋ်၏ နာရေးကြော်ငြာတွင် ၎င်း၏"ချစ်လှစွာသောခင်ပွန်း"ဟု သီးသန့် ကြေညာခဲ့ပါသည်။

ဦးကောင်းထွဋ်သည် မြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ လက်ထပ်ထိမ်းမြားခြင်းမရှိသေးသည့် လူလွတ် (Single)တစ်ဦးသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၄-၈-၂၀၂၂)ရက်စွဲပါ ဒေါ်အေးယုယုထွေးမှ ကြော်ငြာခဲ့သည့် ဦးကောင်းထွဋ်၏ နာရေးကြော်ငြာအား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း ဒေါ်စန္ဒာခင်၏ လွှဲအပ်ညွှန်ကြားချက်အရ မပျက်မကွက်ဆောင်ရွက်ပေးပါရန် တောင်းဆိုအပ်ပါသည်။ သက်ဆိုင်သူအနေဖြင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်းလည်းသိစေအပ်ပါသည်။

**ဦးကောင်းထွဋ် မိခင်ဒေါ်စန္ဒာခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၅/၈-၂-၂၀၀၅)**
**အမှတ်(၅၇၉)၊ အခန်းအမှတ်(၀၀၂)၊ မြေညီထပ်၊ ဒဂုံလှိုင်လမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၁၂၀၂၂၇၈၊ ၀၉-၇၇၃၁၁၆၈၅၄**

---

**မီး ဘေး ရှောင် မ လောင် ခင် တား**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ပြည်ထောင်စုစာရင်းစစ်ချုပ် (ငြိမ်း)
မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် (ငြိမ်း)
ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ (ငြိမ်း)
မြန်မာနိုင်ငံဝါဏိဇ္ဇဘွဲ့ရသူများအသင်း ဥက္ကဋ္ဌ
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း နာယက
Account Care Journal စာရင်းစာစောင်အယ်ဒီတာအဖွဲ့၏နာယကကြီး

**ပါမောက္ခ Dr. မော်သန်း**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ ၁၉၆၃ ခုနှစ် စင်ထရယ် (ယောကျ်ားလေး) အထက်တန်းကျောင်း၌ နံနက်ပိုင်း ၇ နာရီမှ ၉နာရီအတွင်း သင်ကြားပို့ချသော ပညာရေးဝန်ကြီးဌာန၊ မှတ်ပုံတင်စာရင်းကိုင် နောက်ဆုံးနှစ် (R.A.Final Year) သင်တန်းတွင် ၁၉၆၃ စာသင်နှစ်၌ အတူတကွ တက်ရောက်သင်ကြားခဲ့သော မိတ်ဆွေကြီး ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း ပညာရှင်ပါမောက္ခမော်သည် ၆-၈-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ၇-မိုင်ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်သည် (၉၅) နေအိမ်၌ ကွယ်လွန်သွားသော သတင်းကို မမျှော်လင့်ဘဲ ကြားသိလိုက်ရပါသဖြင့် ပါမောက္ခမော်၏ ကျန်ရစ်သူ မိသားစု၊ သားတပည့်များ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အရာထမ်း၊ အမှုထမ်းများနှင့် ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

**ဆရာမ ဒေါ်လှလှ**
**Account Care Jaurnal**
**ပင်တိုင်ဆောင်းပါးရှင်**
**စာရေးဆရာမ ခိုင်နှင်းဆီ**
**မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံး(ငြိမ်း)**

---

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်စန်း**

**အသက်(၇၅)နှစ်**

ဒေါက်တာစိုးနိုင်(ညွှန်ကြားရေးမှူးချုပ်)-ဒေါ်သီသီအောင်တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်စန်း အသက် (၇၅)နှစ်သည် ၉-၈-၂၀၂၂ရက် မွန်းလွဲ ၁၂:၃၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနဝန်ထမ်းမိသားစုများ**

---

## "တစ်လပြည့် လွမ်းဆွတ်သတိရခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၇)လမ်း၊ အမှတ်-၁၃၆ (မြေညီထပ်)နေ ကျွန်မ ခင်မာလာ၏မိခင်ကြီး ကူငုတ်လိန်(ခ) ဒေါ်အမာ (ခ) ဒေါ်အာနားခူးသည် ၁၁-၇-၂၀၂၂ ရက်တွင် ကျွန်မ၏နေအိမ်၌ပင် ခရစ်တော်၌အိပ်ပျော်ခဲ့သည်မှာ တစ်လပြည့်ပြီဖြစ်သော်လည်း ယခုအချိန်ထိ လွမ်းဆွတ်သတိရ မေ့မရပါ မာမား။ မာမားနဲ့ သမီးသာ အတူနေထိုင်တဲ့ ဒီအိမ်ကြီးမှာ အခုသမီးတစ်ယောက်တည်းမို့ ပိုလို့လွမ်းနေရပါတယ်။ မာမား မကျန်းမာစဉ်ကစ ကွယ်လွန်ချိန်ထိ သမီးရဲ့အပြည့်အဝကုသပြုစုမှု ပေးခဲ့ရတဲ့အတွက် သမီးကျေနပ်မိပါတယ် မာမား။ မာမားအတွက် သမီးပြုလုပ်သမျှကောင်းမှုကုသိုလ်အားလုံးကိုလည်း မာမား ကောင်းကင်ဘုံမှ ရရှိခံစားရပါစေ။

**သမီး-ခင်မာလာ**

---

တစ်လပြည့်ကုသိုလ် သာဓုခေါ်ဆိုနိုင်ပါစေ

**ဒေါ်ခင်မေရီ**

**အသက်(၇၄)နှစ်**

**အ.လ.က တိုက်ကြီးကုန်း(ပုသိမ်မြို့)၊ အ.ထ.က(၂)မှော်ဘီ၊**
**အ.ထ.က (၄) ပုဇွန်တောင်၊ အ.ထ.က(သုဝဏ္ဏ)၊ အ.လ.က တမံကြီး၊**
**အ.လ.က(၁) သာကေတ**

(ဗိုလ်ကြီးအောင်ထွန်း-ဒေါ်ခင်ဦး)တို့၏သမီးကြီး ဒေါ်ခင်မေရီ (ကန်တော့ခံဆရာမ)သည် ၁၂-၇-၂၀၂၂ရက်တွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပြီး ယခု ၁၂-၈-၂၀၂၂ရက် တစ်လပြည့်နေ့၌ ပြုလုပ်သည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှသာဓု ခေါ်ဆိုနိုင်ပါစေရန်။

(မမမေရီရေ အမျှ အမျှ အမျှ ပေးဝေပါတယ်)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ကျော် B.Sc,B.L**
**(မြိတ်မြို့ စက္ကူ/ဓာတု/စက်မှု-၁)**
**အသက်(၈၆)နှစ်**

ချစ်သူငယ်ချင်း မိမိကျော်ရဲ့ဖေဖေ အန်ကယ် ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဦးဇော်ထွန်း-မိတို့ မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါကြောင်းနှင့် ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ချစ်သူငယ်ချင်း-တိုးတိုးစိန်-ကြူကြူသက်မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ကျော် B.Sc,B.L**
**(မြိတ်မြို့ စက္ကူ/ဓာတု/စက်မှု-၁)**
**အသက်(၈၆)နှစ်**

ချစ်သူငယ်ချင်း မိမိကျော်ရဲ့ဖေဖေ အန်ကယ်ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဦးဇော်ထွန်း-မိတို့ မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**RC-2-Cinema, 2nd Batch မှ ချစ်သူငယ်ချင်းများ**
**- မျိုးမြတ်သူ၊ ဝင်းတင်၊ သီဟကျော်စိုး၊ အေးကို၊ သက်လွင်၊ ကျော်သူ၊ ကိုကိုအောင်၊ အေးကျော်၊ မြတ်မော်ထွန်း၊ မြင့်လွင်၊ လှဝင်းအောင်**
**- ငွေးမြင့်စိန်၊ မြင့်မြင့်ခိုင်၊ နီလာသန်း၊ ခင်ဥမ္မာ၊ စန်းစန်း၊ လဲ့လဲ့သိန်း၊ စီစီမြင့်၊ မြင့်မြင့်ဝင်း၊ ခင်နီလာလှ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကျော် B.Sc Geology,B.L
# အသက်(၈၆)နှစ်

မိဘသဖွယ် ချစ်ခင်လေးစားရပါသော အန်ကယ်ကြီး ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ ရက်က ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

**ဒေါက်တာစောမြင့်ထွန်း-**
**ဒေါက်တာသီတာအောင်မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးရီဝင်း**
**အသက်(၇၀)**
**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဝင်**
**(ပညာရှင်)**
**မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်း အမျိုးသားအကြံပေးပုဂ္ဂိုလ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးကျင်မောင်-ဒေါ်ရင်မေ)တို့၏သား၊ ဒေါ်နန်းသိန်းနု၏ခင်ပွန်း ဦးရီဝင်း(ကြေး/မြေ-ငြိမ်း)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဝင်၊ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစီမံကိန်း အမျိုးသားအကြံပေးပုဂ္ဂိုလ်သည် ၁၀-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သီမ်၊ တန်ဆောင်း ဒါယကာကြီး**
**ဦးအုန်းမြင့်**
**အသက်(၆၉)နှစ်**
**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)-အလုပ်အမှုဆောင်**

တရားလွှတ်တော်ရှေ့နေကြီး ဦးအုန်းမြင့်သည် ၁၀-၈-၂၀၂၂ရက် နံနက် ၃နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသုတ
# အသက်(၆၄)နှစ်
**Managing Director**
**Superlink Co.,Ltd**

ရန်ကုန်မြို့နေ ဒေါ်မေသက်ဦး၏ ချစ်လှစွာသော ကျေးဇူးရှင်(ခင်ပွန်း) ဦးသုတသည် ၆-၈-၂၀၂၂ ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးဇော်-ဒေါ်နှင်းဦးခင် မိသားစု**

---

**မီးဘေးရှောင် မလောင်ခင်တား**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးခင်စိုး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၇၁)နှစ်**

ဦးခင်စိုး[ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန]သည် ၁၀-၈-၂၀၂၂ ရက် မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတီခွန်မြတ်နှင့်မိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းလှိုင်
# အသက် (၆၄)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန**

ဦးသန်းလှိုင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မြေတိုင်းဦးစီးဌာန)သည် ၉-၈-၂၀၂၂ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကျော်
# အသက်(၈၆)နှစ်

ကိုကြီး၊ မမတို့၏ ကျေးဇူးရှင်ဖခင်ကြီး အန်ကယ်ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ရက်က ကွယ်လွန်ကြောင်း ကြားသိရတဲ့အတွက် အန်တီဒေါ်မိမိလေး၊ ကိုကြီး၊ မမတို့မိသားစုဝင်များနှင့်အတူ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ညီ၊ ညီမလေးများ၊ တူ၊ တူမများ**
**ကိုမျိုးမင်းအောင်-မသီတာမြင့်၊ ဇင်ဝသန့်ငြိမ်း၊ မဥမ္မာမြင့်၊ စိုင်းအောင်မြင့်-စောစန္ဒာအောင်၊ Sweety,Mollar (L.A)၊ မောင်ဇော်မြင့်(L.A)**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ကျော် B.Sc Geology,B.L**
**အသက်(၈၆)နှစ်**

လေးလေး ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ ရက်က ကွယ်လွန်သွားခြင်းအတွက် ဒေါ်ဒေါ်လေး (Aunty Pris)တို့ မိသားစုနဲ့ထပ်တူ ဝမ်းနည်းရပါသည်။

အေးချမ်းတဲ့လေးလေး ကောင်းရာဘုံဘဝသို့ ရောက်ပါစေ။

**ချစ်သောတူ၊ တူမများ**
**ဒေါ်မာရည်သန်း(USA)၊**
**ဦးဇော်မင်းခင်-ဒေါ်မာလာသန်းမိသားစု၊**
**ဦးမောင်မောင်ကျော်-ဒေါ်အေးအေးသန်းမိသားစု၊**
**ဒေါ်မဥ္စူသန်းမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ကျော်**
**အသက်(၈၆)နှစ်**

အန်ကယ် ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ရက်က ကွယ်လွန်သွားခြင်းအတွက် အန်တီ ဒေါ်မိမိလေး (Priscilla Tin) မိသားစုနဲ့ထပ်တူထပ်မျှ နှမြောတသ ကြေကွဲမိပါသည်။

စိတ်ထားငြိမ်းချမ်းပြီး ကူညီစေတနာထားတတ်တဲ့ အန်ကယ် ကောင်းရာဘုံဘဝရောက်ပြီး ပြုသမျှကုသိုလ် အစုစုကို သာဓုခေါ်ဆိုနိုင်ပါစေ။

**ဦးကျော်မြင့်(Chief Engineer)-ဒေါ်ခင်မှတ်မိသားစု၊**
**ဒေါ်ခင်ယုံ၊**
**ဦးမင်းဆွေ-ဒေါ်နော်စန်းမွန် မိသားစု(Singapore)၊**
**ဦးမိုးဇက်ကျော်-ဒေါ်တင်တင်စိုးမိသားစု(Singapore)**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကျေးဇူးတော်ရှင်**
**ပ-သုံးလုံး ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇောတိက**
**သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်**

'ပ'သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်-တည်ထောင်ပြီးချိန်မှစ၍ ယနေ့မျက်မှောက်ကာလတိုင် ရဟန်း ရှင် လူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပါဠိတော် အဋ္ဌကထာလာ ဝိပဿနာတရားတော်တို့ကို ဟောပြောသင်ကြားပို့ချပေးတော်မူသော နှစ်စဉ်ဝါတွင်းကာလ ရဟန်းတော်များ ဝိပဿနာတရားသင်တန်း၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလတို့၌ နှစ်စဉ် ရဟန်းတော်များ ဝိပဿနာပညာဆရာဖြစ် (၁)လသင်တန်းတို့ကို သင်ကြားပို့ချဟောပြောပြသတော်မူသော 'ပ'သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် "ပဓာန နာယကဆရာတော်ဘုရားကြီးဖြစ်တော်မူသော ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း၊ အိမ်တော်ရာကျောင်းတိုက်၊ ရွှေတည်ကျောင်း ပဓာနနာယက ဆရာတော် သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်ရှိ ဘဒ္ဒန္တဇောတိက(သာသနဓဇဓမ္မာစရိယ)(အဂ္ဂမဟာကမ္မဋ္ဌာနစရိယ)မဟာထေရ် ဆရာတော်ဘုရားကြီးသည်" (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ရက်) ၁၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့တွင်ပင် အဂ္ဂိစျာပနကျင်းပပူဇော်ပြီးဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

'ပ'သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

---

# သင့်
**သွေးဖြင့်**
**အသက်ကယ်ပါ**

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**ကိုဘုန်းမြင့်**
**အသက်(၄၈)နှစ်**
**အသင်းဝင်အမှတ် ၅၁၆၃**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွှကုန်းလမ်း၊ အမှတ်(၂၈) နေ ဦးကြီးညွန့်(ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း-ရန်ကုန်)-ဒေါ်အုန်းပိုတို့၏ သားသမက်၊ မဇာနွယ်လှိုင်၏ ခင်ပွန်းသည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေး သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကျော်
# အသက်(၈၆)နှစ်

ဦးHenry ဇော်ထွန်း [Director-Navigat Energy (Myanmar) Co.,Ltd]-ဒေါ်မိမိကျော်တို့၏ ဖခင်ကြီး ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ ရက်က ကွယ်လွန်သွားခြင်းအတွက် ကိုHenry မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲမိပါသည်။

**Board of Directors & Staff**
**Navigat Energy (Myanmar) Co.,Ltd.**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကျော်
# အသက်(၈၆)နှစ်

ဦးဇော်ထွန်း [CEO/MD-Consultant International Co.,Ltd-CIC]- အန်တီ ဒေါ်မိမိကျော်တို့၏ ဖခင်ကြီး ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ ရက်က ကွယ်လွန်သွားခြင်းအတွက် ဆရာ အန်တီ ဒေါ်မိမိကျော်တို့ မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**Consultant International Co.,Ltd-CIC**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်ကျော်
# အသက်(၈၆)နှစ်

ဦးHenry ဇော်ထွန်း[Director-Maxpower(Thaketa) Co.,Ltd]-ဒေါ်မိမိကျော်တို့၏ဖခင်ကြီး ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၂ရက်က ကွယ်လွန်သွားခြင်းအတွက် ကို Henry မိသားစုနဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

**Board of Directors & Staff**
**Maxpower (Thaketa) Co.,Ltd./**
**Maxpower Asia Group Pte.Ltd.(Singapore)**

## ဦးထွန်းအောင်

**အသက်(၇၇)နှစ်**

**B.A-R.L, DA**

**(တရားလွှတ်တော်ရှေ့နေ)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၆)လမ်း၊ တိုက်(၄၄)၊ လေးလွှာ(A)နေ (ဦးဘချို-ဒေါ်ပု)တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပထမ သီရိရိပ်သာ၊ အမှတ်(၁၇၀-က)နေ (ဦးသိန်းလှိုင်-ဒေါ်စန်းရီ)တို့၏သားသမက်၊ (ဒေါ်အေးမင်းလှိုင်)၏ခင်ပွန်း၊ ကိုစန်းလှိုင်(SMRT Train LTD, Singapore)-မမေမျိုးသူ (Engie Service LTD, Singapore) တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဦးကျော်သူ-ဒေါ်ဆွေဆွေလတ်၊ ဦးသက်မော်-ဒေါ်မိုးမိုးမြင့်၊ ဦးကိုကိုလတ်-ဒေါ်ရီရီလှိုင်၊ ဒေါ်ညိုညိုလှိုင်၊ ဦးတင်ထွန်းကျော်-ဒေါ်ခင်ဆွေမြင့် (Stars and Sky EA, Singapore)၊ ဒေါ်ကြည်ကြည်လှိုင်၊ (ကိုသက်ဟန်)တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ကိုးယောက်တို့၏ ဘကြီး ဦးထွန်းအောင်သည် ၁၀-၈-၂၀၂၂ ရက် ည ၈း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျင်သိန်း(ခ)လီကျင်ပင်

**အသက်(၆၇)နှစ်**

ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ဒေါ်ခင်စန္ဒာ၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးစည်သူမောင်တို့၏ ဖခင်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီး(ဟောင်း)စန်းပွင့် အသက်(၇၁)နှစ်သည် ၇-၈-၂၀၂၂ (စနေနေ့) နံနက် ၁း၀၆ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(ဒူဝါဦးခေါင်ဂျေ)-ဆရာမကြီးဒေါ်နန်ဆိုင်း မိသားစု**

## ဒေါ်ကေသွယ်လင်း (ခ) သဲသဲ

**B.Sc, M.Sc(Botany) Tutor(ငြိမ်း)**

**ရန်ကုန်တက္ကသိုလ်**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၇၀)၊ ငါးလွှာနေ ဒေါ်ခင်မေလင်း၏ ချစ်လှစွာသောသမီး၊ ဦးမင်းဟန်(သစ္စာမွန်ပွဲရုံ-ဘုရင့်နောင်)၏ ချစ်လှစွာသောဇနီး၊ ဦးဇာနည်အောင်-ဒေါ်မူယာဖြိုးဟန်၊ Dr. မျိုးသန့်အောင်-မဝတ်ရည်လတ်၊ မေသင်းချို(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်၊ မအိန္ဒြာ၏ဘွားဘွားကြီး ဒေါ်ကေသွယ်လင်း(ခ)သဲသဲသည် ၅-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇း၁၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျင်သိန်း(ခ) လီကျင်ပင်**

**အသက်(၆၇)နှစ်**

ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဒေါ်ခင်စန္ဒာ၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးစည်သူမောင်တို့၏ ဖခင်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Mudetar MM Company မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာလာသိန်း**

**မဟာသိပ္ပံ (ရူပဗေဒ)**

**အသက် (၅၆)နှစ်**

ရန်ကုန်မြို့နေ (ဦးခင်မောင်သိန်း)-ဒေါ်စုစုသိန်းတို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်-ဒေါ်ဥဥခင်)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်း [ညွှန်ကြားရေးမှူးချုပ်-(ငြိမ်း)၊ နိုင်ငံတော်သမ္မတရုံး] ၏ ချစ်လှစွာသောဇနီး၊ မောင်အောင်ဇင်ဖြိုးသိန်း၊ (မထွန်းစုမြတ် မွန်သိန်း)တို့၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်မာလာသိန်းသည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးညွန့်တင်-ဒေါ်နန်းရွှေမြင့် မိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ကေသီလှ(ခ) ကေသီ

**ဘုရင့်ရုပ်ရှင်ရုံ၊ လှမင်းမိုးစားသောက်ဆိုင် Diamond & Jewellary**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ ခြံအမှတ် (၄၈/A)နှင့် မော်လမြိုင်မြို့၊ ဖက်တန်းနယ်၊ မြေလမ်း၊ ခြံအမှတ် (၈)နေ (ဦးယုရှိန်-ဒေါ်နှင်းလှ)၊ (ဒေါ်စောသင်)တို့၏မြေး၊ [ဦးလှဖေ-ဒေါ်ရီရီရှိန် (ဘုရင့်ရုပ်ရှင်ရုံ)]တို့၏ သမီး၊ ဦးစိုးသန်း-ဒေါ်မေမေလှတို့၏ ညီမ၊ ဦးစန်းတင့်-ဒေါ်မာလာလှ၊ ဒေါ်ရွှေယင်းမာ(ခ) ဒေစီတို့၏ ချစ်လှစွာသော အစ်မ၊ ကျော်စိုးလင်း(ခ)ကျော်ကျော်၏ ချစ်လှစွာသော အန်တီကြီး ဒေါ်ကေသီလှသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကြန့်တိတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ချစ်သူငယ်ချင်း မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်

သွေးဖြင့်

အသက်

ကယ်ပါ

## ကျေးဇူးအထူးတင်ရှိပါကြောင်း

ဦးမျိုးဝင်း( ၆၂)နှစ် Managing Director(Shwe Pyi Nyunt Co.,Ltd)၊ (Shwe Pyi Nyunt Oxygen Plant) မကျန်းမာစဉ် အကယ်ဒမီဆေးရုံ၌ တက်ရောက်ကုသနေစဉ်အတွင်း အထူးဂရုစိုက်ကုသပေးခဲ့သော ဆေးရုံအုပ်ကြီး ဒေါက်တာဦးထင်ပေါ်နှင့် ICU မှ ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ Tele Consultationဖြင့် ဂရုစိုက်ကုသပေးခဲ့သော ဒေါက်တာသန့်ဇင်စိုး၊ ဒေါက်တာရန်နောင်သန်း၊ ဒေါက်တာခင်မောင်ဆွေ၊ သွေးရည်ကြည်များ လှူဒါန်းပေးခဲ့သော သွေးအလှူရှင်များ၊ ဆေးရုံတက်နေစဉ် တစ်လျှောက်လုံး မိသားစုရင်းချာသဖွယ်လိုအပ်သည်များကို ကူညီအားပေးစောင့်ရှောက်ပေးခဲ့သော အာရှတော်ဝင်ဆေးရုံ ဒါရိုက်တာဦးသိန်းလွင်၊ ဒေါ်ပေ့ါပေ့ါနှင့် ဆွေမျိုးသူငယ်ချင်းမိတ်ဆွေများအားလုံး၊ Shwe Pyi Nyunt Oxygen Plant မှ ဝန်ထမ်းများ၊ JL Inya Residence မှ ဝန်ထမ်းများအားလုံး ကျေးဇူးအထူးတင်ရှိပါသည်။

**ဇနီး- ဒေါ်ဖြူဝင်းကြည်**

**သား- အောင်မျိုးဝင်း၊ သမီး- သန္တာမျိုးဝင်း**

# အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ ခြံအမှတ် (၄၈/A)၊ မော်လမြိုင်မြို့၊ ဖက်တန်းနယ် မြေလမ်း၊ ခြံအမှတ်(၈)နေ သူငယ်ချင်း ကေသီလှ (ဘုရင့်ရုပ်ရှင်ရုံ) ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းအတွက် ရည်စူး၍ ပြုလုပ်သည့် ကောင်းမှုကုသိုလ်များကို ရောက်ရာဘုံဘဝမှ သိရှိခံစားနိုင်ပါစေကြောင်း။

**သူငယ်ချင်းများ-**

**သီဟသုဓမ္မသိင်္ဂီ ဒေါ်ဝင်းစိန်၊ "ဝင်းမေတ္တာ" အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ကျိုက်လတ်မြို့။**

**ဦးခင်စိန် "ခေတ်ပိုးထည်" မိသားစု၊ ရန်ကုန်မြို့။**

**ဒေါ်ကျင်သန်း "ရွှေဥဒေါင်း" ဆန်စက်၊ ကျိုက်လတ်မြို့။**

**သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဦး "ဘုတ်ဆုံမ" ဇရုတ်သီးမှုန့်၊ ရန်ကုန်မြို့။**

**သီဟသုဓမ္မသိင်္ဂီ ဒေါ်နွယ်နွယ်ငွေ "မုံရွာဘုတ်ဆုံစတီး" ရောင်းဝယ်ရေး ရန်ကုန်မြို့။**

**ဒေါ်သန်းသန်းအေး "ဝါဝါထွန်းဝေ" စိန်ရွှေရတနာဆိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

**သီဟသုဓမ္မသိင်္ဂီ ဒေါ်ဖြူဖြူစိမ်း(ခ) စတယ်လာ "Spike Collection" ရန်ကုန်မြို့။**

**မယဉ်သူဆွေ "Fashion Villa" ရန်ကုန်မြို့။**

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဓမ္မိက(သာသနဓဇဓမ္မာစရိယ)

## သိက္ခာတော်(၇၀)ဝါ၊ သက်တော်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ကျွန်းကလေးကျောင်း၏ ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မိက သိက္ခာတော် (၇၀)ဝါ၊ သက်တော် (၉၀)သည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်) ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေလှေချောင်အုပ်စု၊ တမွတ်ကျေးရွာ၊ တမွတ်မဇ္ဈာရုံကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သိန်း

တရားလွှတ်တော်ရှေ့နေ

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ (၅၃)လမ်း၊ အမှတ်(၁၇)နေ (ဦးသိန်းမောင်-ဒေါ်ခင်ညွန့်)တို့၏သား၊ ဒေါ်ခင်ကြည်၊ ဒေါ်ခင်ရီ၊ ဦးမြင့်အောင်-ဒေါ်ခင်စန်းတင့်၊ (ဗိုလ်ချုပ်စောလွင်-ငြိမ်း)-ဒေါ်စပ်ကြည်မြ၊ (ဦးကိုကြီး-ဒေါ်တင်စု)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ အနော်ရထာလမ်း၊ အမှတ်(၁၀၁)၊ မြေညီထပ်နေ ဒေါ်ခင်ထွေးမာ၏ခင်ပွန်း၊ (ဦးကျော်စိမ့်)၊ ဒေါ်သီတာ၊ ဦးဉာဏ်စိုးဝင်း-ဒေါ်ကေသီတို့၏ဖခင်ကြီး၊ ကိုသီဟစော(First National Insurance)(Claim)၊ မောင်အောင်ကောင်းဉာဏ်(Light House)၊ မရတီစိုးဝင်း(အ.ထ.က-၄၊ ဗိုလ်တထောင်)တို့၏အဘိုးသည် ၂၈-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၈:၂၀ နာရီတွင် ကြည့်မြင်တိုင်အရိုးဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၂ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအက်ဒွပ်သောင်း

(BA,LL.B)

Legal Advisor

### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၄၂)နေ (ဦးမာတင်ဘိုးသောင်း-ဒေါ်မာရီစိန်)တို့၏ သားကြီး၊ ဒေါ်မာရီဆလင်းပတ်၏ခင်ပွန်း၊ ဒေါ်လွင်မာသောင်း-ဦးခင်မောင်ဝင်း၊ ဒေါ်ဇင်မာသောင်း-ဦးကျော်ကျော်မိုး၊ မစိုးမာသောင်းတို့၏ ဖခင်၊ မမေမာဝင်း၊ မောင်နိုင်ကိုဝင်း၊ မဟန်နီကိုဝင်း၊ မောင်သော်ဇင်မိုး၊ မောင်ကျော်ဇင်မိုးတို့၏ ချစ်လှစွာသောအဘိုးသည် ၇-၈-၂၀၂၂ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ချိုချိုဦး

### အသက် (၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးလှစိန်-ဒေါ်မြင့်မြင့်တင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နေ (ဦးသိန်းမြင့်-ဒေါ်သီ)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်စိုး)-ဒေါ်မိမိစိန်၊ (ဦးခင်မောင်မြင့်)-ဒေါ်ခင်ခင်နီ၊ ဦးထွန်းလှအောင်-ဒေါ်နွယ်နွယ်မြင့်၊ ဦးမင်းဇော်-ဒေါ်အေးအေးမြတို့၏ညီမ၊ ဒေါ်မိုးမိုးခိုင်၊ ဦးကျော်ကျော်ဦး-ဒေါ်မီမီခိုင်တို့၏အစ်မ၊ မောင်အောင်စည်သူ-မမေကြာဖြူခိုင်၊ မောင်ရန်လင်းကျော်-မသီရိခင်သူတို့၏မိခင်၊ မောင်စည်သူမင်းမြတ်၊ မောင်ခေတ်ဘုန်းခန့်သစ်တို့၏ ဘွားဘွား၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ခိုင်သစ္စာလမ်း၊ အမှတ် (၉/၃၄၇)နေ ဦးအောင်စိုး၏ ဇနီးသည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ကိုဘုန်းမြင့်

### အသက် (၄၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွှကုန်းလမ်း၊ အမှတ်(၂၈)နေ ဦးသန်းရွှေ-ဒေါ်အေးယဉ်တို့၏သားငယ်၊ ဦးကြီးညွန့်-ဒေါ်အုန်းပိုတို့၏ သားသမက်၊ ကိုလှိုင်သူရ-မဇင်မာလှိုင်၊ ကိုစိုးမြင့်-မစန်းစန်းမော်၊ ကိုစိုးတင့်-မမေစုလှိုင်တို့၏ ညီ/မောင်၊ ကိုလှိုင်မြင့်ဇော်-နန်းကေခိုင်ငြိမ်း၊ ကိုမျိုးကျော်သူ-မယဉ်ဆွေခိုင်တို့၏ အစ်ကို၊ မဇာနွယ်လှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းဝေခန့်၊ မောင်ဘုန်းဇေမြတ်တို့၏ ချစ်လှစွာသောဖခင်ကြီး ကိုဘုန်းမြင့်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး အသိမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်လွင်

Consultant Statistican.

WHO South East Asia

(Retired)

### အသက်(၈၈)နှစ်

ဖျာပုံမြို့နယ်နေ (ရှေ့နေ ဦးငြိမ်းမောင်-ဒေါ်တင်တင်)တို့၏သား၊ (ဦးညွန့်တင်-ဒေါ်မြရီ)တို့၏မောင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗဟိုလအိမ်ရာ East Point Condo၊ တိုက်(A)၊ ခုနစ်လွှာ၊ အခန်း(703)နေ (ဒေါ်တင်တင်မြိုင်)၏ ချစ်ခင်ပွန်း၊ ကနေဒါနိုင်ငံ၊ အော်တဝါမြို့နေ ဦးတင်မောင်လွင်-ဒေါ်နီလာအောင်ကြီးတို့၏ ဖခင်ကြီး၊ မောင်အာကာလွင်၊ မောင်ဟံသာလွင်တို့၏ဘိုးဘိုး ဦးခင်မောင်လွင်သည် ၆-၈-၂၀၂၂ (သောကြာနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် မိသားစုအစီအစဉ်ဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသာဉာဏ်

(အငြိမ်းစား)ဘွိုင်လာစစ်ဆေးရေးဌာန၊

စက်မှုဝန်ကြီးဌာန

### အသက်(၈၃)နှစ်

သထုံမြို့နေ (ဦးရွှေမွန်း-ဒေါ်အုန်းမြ)တို့၏ သား၊ (ဒေါ်ခင်ငြိမ်း)၏ မောင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ တိုက်အမှတ် (A-4)၊ အခန်းအမှတ်(၂၀၄)၊ ဝေပုလ္လအိမ်ရာ၊ (ဃ)ရပ်ကွက်၊ ခေမာသီလမ်းနေ ဒေါ်အေးသိန်း၏ ခင်ပွန်း၊ မမိုးမိုးသွယ် (ခေတ္တ-ဘန်ကောက်)၊ ကိုရဲဝင်း-မဇင်မာဝင်းတို့၏ ချစ်လှစွာသော ဖခင် ဦးသာဉာဏ်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောစိန်သာအေး

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ (၁၂)လမ်း၊ အမှတ် (၅၂၅)နေ (စောဘိုးသာ-နော်အေးမယ်)တို့၏သား၊ (စောကြီးနီ-နော်အယ်လဘီ)တို့၏ သားသမက်၊ ဆရာမကြီး နော်ဘလော်စံ၏ခင်ပွန်း၊ နော်အယ်မူးမူး၊ နော်ကော်ခူ-ဦးသန်းနိုင်ဝင်းတို့၏ ဖခင်၊ စော Ezekiel လင်းသစ်ဝင်း၏အဘိုးသည် ၁၀-၈-၂၀၂၂ ရက် မွန်းလွဲ ၁၂:၁၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွား၍ မြေသို့အပ်နှံခြင်းအစီအစဉ်ပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးဝင်း

Managing Director (Shwe Pyi Nyunt Co.,Ltd)

Shwe Pyi Nyunt Oxygen Plant

အထက(၂)ဗိုလ်တထောင်(၁၉၇၅-၇၆)

BE(Mechanical), R.I.T (၁၉၇၅-၈၁)

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၃၀-J)၊ အင်းယားလမ်းနေ (ဦးဝင်း-ဒေါ်သန်းစိန်)တို့၏ သားငယ်၊ (ဦးကြည်ညွန့်-ဒေါ်ခင်စောမြင့်)တို့၏ သားသမက်၊ ဒေါ်ဖြူဝင်းကြည်၏ခင်ပွန်း၊ မောင်အောင်မျိုးဝင်း(Marcel)၊ မသန္တာမျိုးဝင်း(Jasmine)တို့၏ ချစ်လှစွာသောဖခင်၊ ဦးသောင်း-ဒေါ်စိုးစိုးဝင်း၊ ဦးခိုင်ဝင်းတို့၏ မောင်/ညီ၊ ဦးကျော်လှိုင်-ဒေါ်ကြည်ဝင်းတို့၏ တူ၊ ကိုအောင်ပြည့်ဖြိုး-မဇင်ဇင်သော်၊ ကိုဟိန်းဇင်သောင်းတို့၏ဦးလေး ဦးမျိုးဝင်းသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) ည ၉:၄၀ နာရီတွင် ဘဝတစ်ပါးပြောင်းသွားပါသဖြင့် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့)တွင် အကယ်ဒမီဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးဝင်း

Managing Director (Shwe Pyi Nyunt Co.,Ltd)

Shwe Pyi Nyunt Oxygen Plant

အ.ထ.က(၂) ဗိုလ်တထောင် (၁၉၇၅-၇၆)

B.E (Mechanical) R.I.T (၁၉၇၅-၈၁)

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၃၀-J)၊ အင်းယားလမ်းနေ (ဦးဝင်း-ဒေါ်သန်းစိန်)တို့၏ သားငယ်၊ (ဦးကြည်ညွန့်-ဒေါ်ခင်စောမြင့်)တို့၏ သားသမက်၊ ဒေါ်ဖြူဝင်းကြည်၏ ခင်ပွန်း၊ မောင်အောင်မျိုးဝင်း (Marcel)၊ မသန္တာမျိုးဝင်း (Jasmine)တို့၏ ချစ်လှစွာသောဖခင်၊ ဦးဇင်အောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးမောင်မောင်ကြည်-ဒေါ်မီမီလင်း၊ ဒေါ်မူမူကြည် @ Heythee၊ ဦးဘိုဘိုကြည် @ ဦးဝင်းထိန်-ဒေါ်အေးမြသီတာအောင်တို့၏အစ်ကို ဦးမျိုးဝင်းသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) ည ၉:၄၀ နာရီတွင် ဘဝတစ်ပါးပြောင်းသွားပါသဖြင့် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့)တွင် အကယ်ဒမီဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးအောင်စိုး(ငြိမ်း) (DSA-16)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၃၄)နေ (ဗိုလ်ကြီးညွန့်မောင်-ဒေါ်လှထွေး)တို့၏ သားငယ်၊ (ဒုတိယဗိုလ်မှူးကြီးဘငွေး-ဒေါ်တင်တင်အေး)တို့၏ သားသမက်၊ (ဒေါ်ခင်ခင်ငွေး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဇော်မင်းထွေး)-ဒေါ်ကြည်မိုးခိုင်၊ ဒေါ်မေစန္ဒာစိုး၊ ဒေါ်မေစန္ဒီစိုး၊ ဒေါ်အေးချမ်းကုံကော်(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မည္သန်းကြယ်စင်အောင်၏ ချစ်လှစွာသောအဘိုး ဦးအောင်စိုးသည် ၁၁-၈-၂၀၂၂ ရက် နံနက် ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ငွေး

### အသက် (၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ် (၃၄)နေ (ဒုတိယဗိုလ်မှူးကြီးဘငွေး-ဒေါ်တင်တင်အေး)တို့၏ သမီးလတ်၊ (ဗိုလ်ကြီးညွန့်မောင်-ဒေါ်လှထွေး)တို့၏ သမီးချွေးမ၊ [ဦးအောင်စိုး(ညွှန်ကြားရေးမှူး-ငြိမ်း၊ မကလ၊ သတ္တုတွင်းဝန်ကြီးဌာန)]၏ ချစ်လှစွာသောဇနီး၊ (ဦးဇော်မင်းထွေး)-ဒေါ်ကြည်မိုးခိုင်၊ ဒေါ်မေစန္ဒာစိုး၊ ဒေါ်မေစန္ဒီစိုး၊ ဒေါ်အေးချမ်းကုံကော်(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မည္သန်းကြယ်စင်အောင်၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ငွေးသည် ၁-၈-၂၀၂၂ (တနင်္ဂနွေနေ့) ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

---

## ဒေါ်ကြည်ကြည်ဝင်း

ကျန်းမာရေးဆရာမ-ငြိမ်း

ကျောက်ဆည်မြို့

### အသက်(၉၀)

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်နေ ဦးပြုံး၏ဇနီး၊ ဦးဝင်းဖေ-ဒေါ်တိုးတိုးပြုံး၊ ဒေါ်ယဉ်ယဉ်၊ ဒေါ်ထွေးထွေးပြုံး၊ ဒေါ်အေးအေးပြုံးတို့၏မိခင်၊ မောင်ဖေတိုး၏အဘွားသည် ၁၂-၇-၂၀၂၂ (တနင်္လာနေ့) ည ၈:၃၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဇလွန်မြို့နယ်၊ ကွင်းကြီးကျောင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဗိုလ်ကြီးတင်ဝင်းညီ(ငြိမ်း)-ကြည်း-၁၇၇၆၈

သူရဲကောင်းမှတ်တမ်းဝင်-ဗကသ(၆၅)

လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)က.ပ.ရ

### အသက်(၆၉)နှစ်

ဇလွန်မြို့နယ်၊ ကွင်းကြီးနေ (ဦးတင်မောင်)-ဒေါ်မွေးတို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၂၀/၂၆၀)၊ တောင်ငူလမ်း-ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ချယ်ရီ(ခ)မြတင်ဇာကျော်၏ခင်ပွန်း ဦးတင်ဝင်းညီသည် ၃၁-၇-၂၀၂၂(စနေနေ့) နံနက် ၄နာရီတွင် တဆက(မော်ဘီ)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[Covid-19 ရောဂါအခြေအနေများကြောင့် အိမ်သို့ လာရောက်သတင်းမေးမြန်းခြင်းသည်းခံပါရန်။]
ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ တန်ဆောင်း ဒါယကာကြီး

## ဦးအုန်းမြင့် (LL.B) (ကျိုက်လတ်မြို့)

တရားလွှတ်တော်ရှေ့နေ

### အသက်(၆၉)နှစ်

ကျိုက်လတ်မြို့၊ အမှတ်(၁၈)၊ (၄)လမ်းနေ (ဦးဝက်စီ-ဒေါ်မမလေး)တို့၏ သား၊ အမှတ်(၁၀၀၁/ခ)၊ ဇဋ္ဌိလ (၁)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝေမာအောင် (တွံတေးမြို့နယ်တရားသူကြီး၊ ခေတ္တ-ဂျပန်)၊ မောင်ဇင်ကိုခန့် (3rd year Law)တို့၏ ချစ်လှစွာသောဖခင် ဦးအုန်းမြင့်သည် ၁၀- ၈-၂၀၂၂ ရက် နံနက် ၃နာရီတွင် ၆၉ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီးဖြစ်ပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင်
### အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်ဖွားကြွယ်)တို့၏သား၊ (ဒေါ်အုန်းမေ)၏ ခင်ပွန်း၊ ဦးဝင်းစိုးအောင်(အင်ဂျင်နီယာမှူးကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်အေးမြတ်မွန်၊ ဒေါ်အေးမိမိ(နတ်သမီးကြယ်ခရီးသွားကုမ္ပဏီ)၊ ဦးမြင့်ကျော်(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်ခင်မိမိ၊(ဦးအေးမင်း)တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးမြင့်အောင်သည် ၁၁-၈-၂၀၂၂ ရက် နံနက် ၉:၂၀ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းသွားပါကြောင်းနှင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်အောင်
### အသက်(၈၂)နှစ်

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် ဇနီး ဒေါ်ခင်မိမိတို့၏ဖခင် ဦးမြင့်အောင် အသက်(၈၂)နှစ်သည် ၁၁-၈-၂၀၂၂ရက် နံနက် ၉:၂၀နာရီတွင် ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**

ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည်
(ချောင်းဆုံမြို့နယ်၊ မုဒူးရွာ)
မြန်မာ့အသံ-မွန် ဘာသာအစီအစဉ်မှူး (ငြိမ်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်နေ (ဦးပန်းမောင်-ဒေါ်သဲညှာ)တို့၏ ချစ်လှစွာသောသမီး၊ [ဒေါက်တာ ပီစီဒတ်(စ်)-ဒေါ်ဖွားရွှေ]တို့၏ သမီးချွေးမ၊ (ဦးမျိုးညွန့်)၏ ချစ်လှစွာသောဇနီး၊ (ဒေါက်တာသန်းနိုင်)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသက်ဦး-ဒေါ်ခင်မူယာမြင့်၊ ဦးလှသောင်း-ဒေါ်တင်တင်အေး၊ ဦးအေးမြင့်၊ ဦးသန့်ဇင်၊ ဦးမင်းထူး-ဒေါ်ဥမ္မာတို့၏ ချစ်လှ စွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ် ၁၃ ယောက်တို့၏ အဘွားသည် ၁၀-၈-၂၀၂၂ ရက် ညနေ ၆:၂၅ နာရီတွင် (၈၉)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၂ ရက်တွင် အမှတ်(၃၆/သုံးလွှာ)၊ ဗိုလ်ဥာဏလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးလှ(ခ)ဆရာ Ong Yu Khoon
**Chirst Methodist**
**အထက(၂)ဗဟန်း (အထက်တန်းပြဆရာဟောင်း)**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၅)လမ်း၊ အမှတ်(၆၃)နေ (ဦးတင်အေး-ဒေါ်စိန်)တို့၏ သားကြီး၊ ဒေါ်မြင့်မြင့်(ခ)ဒေါ်လီလီမြင့်၏ခင်ပွန်း၊ ကိုအောင်ကျော်ဦး-မဝေမာစိုး၊ ဒေါက်တာရန်လင်း-ဒေါက်တာအေးအေးနှင်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ Daniel, Dalvin၊ အောင်သူရိန်ဦးတို့၏အဘိုး၊ ဒေါ်ခင်ဝင်းမြင့်၏ မောင်၊ ဦးသန်းထိုက်၊ (ဦးရဲမြင့်)၊ ဒေါက်တာပြည်စိုး၊ ဒေါ်တင်တင်လှ၊ ဒေါက်တာသန်းသန်းဌေး၊ ဒေါက်တာငြိမ်းငြိမ်းလှ၊ ဒေါက်တာခင်စန်းတင့်၊ ဒေါ်ခင်စန်းမြင့်တို့၏အစ်ကိုကြီး ဦးစိုးလှ(ခ) ဆရာ Ong Yu Khoon သည် ၁၀-၈-၂၀၂၂(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ရပ်ဝေးမိသားစုများနှင့် သူငယ်ချင်းမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်းနေ (ဦးစောအောင်)၏ဇနီး၊ (ဦးတင်ထွန်း-ဒေါ်လွင်လွင်အောင်)၊ ဦးသန်းကျော်-ဒေါ်စမ်းသီတာ (ခေတ္တ-အိုင်ယာလန်)၊ ဦးသန်းအောင်-ဒေါ်နီနီအောင် (ခေတ္တ-အိုင်ယာလန်)၊ ဦးမင်းမင်းဇော်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးနှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၉-၈-၂၀၂၂ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မာလာမြင့်(ခ)နော်အယ်လာဖော
ကန်ဘဲ့နှစ်ခြင်းအသင်းတော်
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ (၁၆၇)လမ်း၊ အမှတ်(၄၆)နေ ဦးအောင်ကိုကို (တာမွေအောင်ကို) (မြန်မာသံတော်ဆင့်သတင်းဌာန ဒုတိယအယ်ဒီတာချုပ်)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်လှိုင်ဦး-ဒေါ်ဆွေဆွေအောင်ကို၊ (ဦးဗိုလ်ကျော်)-ဒေါ်နှင်းမိုးအောင်၊ ဦးထင်ကျော်အောင်-ဒေါ်ယဉ်မေဦး၊ မမြတ်နိုးအောင်တို့၏မိခင်ကြီး၊ မောင်အောင်မြတ်ဗိုလ်၊ မကြည်ဖြူလှိုင်၊ မောင်အောင်အောင်ဦး၊ မောင်အောင်ခန့်ညား၊ မောင်မင်းသွေးချစ်တို့၏ ဘွားဘွားကြီး ဒေါ်မာလာမြင့်(ခ)နော်အယ်လာဖောသည် ၁၂-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၄:၃၃ နာရီတွင် ခုတင်-၁၀၀၀ ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၇-၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ တစ်ပတ်ပြည့်အထိမ်းအမှတ်ပြုလုပ်ပြီးနှင့် တစ်လပြည့် အထိမ်းအမှတ်တို့အား ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသန်းဝင်း(ငြိမ်း)
### အသက် (၆၂)နှစ်

သူငယ်ချင်း ဗိုလ်မှူးသန်းဝင်း(ငြိမ်း)သည် ၁၁-၈-၂၀၂၂ တွင် မမျှော်လင့်ဘဲ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးထွန်းလှိုင်(ညောင်တုန်းမြို့)
**B.A,BCS**
**မြန်မာနိုင်ငံဝန်ထမ်း(အကြီးတန်း)(ပ/၁၄၁၇)**
**ညွှန်ကြားရေးမှူး(ငြိမ်း) သမဝါယမဦးစီးဌာန၊ ရန်ကုန်မြို့**
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း (ဗဟိုလမ်း)၊ အမှတ် (၈၀)နေ (ဦးမြစ်-ဒေါ်ညီမ)တို့၏ သား၊ (ဦးကင်းလုံ-ဒေါ်မှဲ့)တို့၏သားသမက်၊ (ဒေါ်ခင်ညွန့်)၏ခင်ပွန်း၊ ဒေါက်တာ မြတ်မွန် (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)၊ (ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)-ဦးဇော်ဝင်း၊ ဒေါက်တာသန်းထွဋ် (ဆေးရုံအုပ်ကြီး-ငြိမ်း၊ ခုတင်-၅၀၀ အထူးကုဆေးရုံကြီး-ရန်ကုန်)-ဒေါက်တာသီဂီကို၊ ဒေါက်တာအေးအေးသွင် (မေ့ဆေးအထူးကုဆရာဝန်-ငြိမ်း) - ဦးကျော်ဇေယျာဝင်း၊ ဒေါက်တာလှလှဝင်း (ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်-ရန်ကုန်)-ဦးသန့်ဇင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာအေးအေးခိုင်-ဒေါက်တာအေးချမ်းမောင်၊ မောင်ရဲထွဋ်သန့်၊ မဥဥခင်၊ မခိုင်ဇင်သန့်၊ မောင်လင်းထွဋ်သန့်တို့၏အဘိုး၊ မဝင်းလဲ့မောင်၏ ဘိုးဘိုးကြီးသည် ၁၀-၈-၂၀၂၂ ရက် နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်စိန်စိန်မြင့်(မြောင်းမြ)
**အထက(၄)မရမ်းကုန်း၊ အမက(၅)ရန်ကင်း၊ အလက(၅)ရန်ကင်း၊**
### အသက်(၈၆)နှစ်

မြောင်းမြမြို့နေ (ဦးလှစိန်-ဒေါ်ငွေတင်)တို့၏သမီး၊ (ဦးကျော်ခင်ညွန့်)၏ဇနီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၂)၊ တိုက်အမှတ်(၂၃၅)၊ အခန်း(၆)နေ ဒေါ်ယုယုကျော်၊ ဦးအောင်မြင့်ကျော်-ဒေါ်ရင်ရင်မြင့်၊ ဦးရန်မျိုးကျော်၊ ဦးဝေဇင်ဦး(လက်ထောက်အတွင်းဝန်၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ဆုဆုကျော်၊ ဒေါ်နုနုကျော်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဆုဆု၊ ဥဥ၊ သုသု၊ ဖိုးကျူတို့၏ ဘွားဘွားကြီး ဒေါ်စိန်စိန်မြင့်သည် ၆-၈-၂၀၂၂ ရက် ည ၇:၃၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၂၂ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘအေးမောင်(Reggie Ba Oo)
**(တေးသံရှင် တက္ကသိုလ်ဘအေးမောင်)**
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဘီတီဘရားသား ဦးဘဦး-ဒေါ်မြခင်)တို့၏ သား၊ (ဦးမြင့်လွင် @ Willy Ba Oo)၊ ဦးတင်ထွန်း @Dicky Ba Oo-ဒေါ်ရွှေစင်သိန်း၊ (ဦးတင်ကိုကို-ဒေါ်မြင့်မြတ်အေး @Helen Ba Oo)၊ ဦးတင်ဝင်း @Eddie Ba Oo၊ ဦးမျိုးလွင်-ဒေါ်ရီရီမေ @ Mabel Ba Oo တို့၏ ချစ်လှစွာသော ညီ/မောင်/အစ်ကို၊ ကိုဇင်မောင်-မဖြူမာနိုင်၊ မဒီဒီမြနွယ်တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ ချစ်လှစွာသော ဘကြီး/ဦးလေးသည် ၉-၈-၂၀၂၂ ရက် နံနက် ၁:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

COVID-19 ရောဂါအခြေအနေများကြောင့် Telephone ဖြင့်သာ သတင်းမေးမြန်းပြောဆိုရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သူလတ်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ (၁၄) ရပ်ကွက်၊ အမှတ်(၃)နေ (ဦးခင်မောင်မြင့်)-ဒေါ်ကေတီတို့၏သားကြီး၊ ဦးခင်ဝင်း-ဒေါ်လှအေးတို့၏ သားသမက်၊ ဦးစိုင်းဝေယံ-ဒေါ်အေးအေးသန့်တို့၏အစ်ကို၊ ဦးရန်ကင်း-ဒေါ်သီတာအောင်တို့ ၏အစ်ကို၊ ခေတ်အောင်သူ၏ ကျေးဇူးရှင်မွေးသဖခင်၊ မစန်းစန်းနွယ်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်သူလတ်သည် ၇-၈-၂၀၂၂ (စနေနေ့) နံနက် ၈:၃၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်လတ်(ငြိမ်း)
**(John Latt)**
**Royal Military Academy (Sandhurst)**
**ကြည်း-၅၆၄၇ အမြောက်တပ်**
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးမောင်လတ်-ဒေါ်ခင်ခင်လတ်)တို့၏ သား၊ ဒေါ်အေးအေးမြင့်မို၏ခင်ပွန်း၊ ဦးမိုးအောင်ချော-ဒေါက်တာယုအေးလတ်၊ ဒေါက်တာမိုးအေးလတ်တို့၏ဖခင်၊ ဒေါက်တာဆုမြတ်မိုးအောင်၊ မရွှန်းလက်မိုးအောင်တို့၏ အဘိုးသည် ၁၁-၈-၂၀၂၂ ရက် နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်မေရီခင်(ခ)ဒေါ်စန်းစန်းဝင်း
**(ဒါရိုက်တာ-မူဝံထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်)**
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ်(၁၉)၊ အခန်း (၄၆/၄၇)နေ (ဦးကျော်မင်း-ဒေါ်အေးတင်)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဆောင်းငါး-ဒေါ်ကျင်မို)တို့၏ သမီးချွေးမ၊ ဦးထွန်းမြင့်(မန်နေဂျင်းဒါရိုက်တာ-မူဝံထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်နန်းခမ်းဖောင်း၊ ဒေါ်အိအိဖြူ၊ ဦးနေဦးကျော်-ဒေါ်နန်းပုန်းညက်ဖြူ၊ ဦးသက်အောင် တို့၏ချစ်လှစွာသော မိခင်ကြီး၊ ဖေ့လူ၊ ခွန်းဟို၊ မမေဖြိုးကျော်၊ မောင်အောင်ဇော်ပိုင်၊ မောင်ဟိန်းထက်အောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်မေရီခင်(ခ)ဒေါ်စန်းစန်းဝင်းသည် ၁၀-၈-၂၀၂၂(အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် တစ်ဘဝတစ်ခန္ဓာချုပ်ငြိမ်း၍ ဘဝတစ်ပါးသို့ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ၁၁-၈-၂၀၂၂ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးတို့မှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း
**တာဝန်ခံကျောင်းအုပ်**
**အထက(၁) မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**
### အသက်(၆၀)

မအူပင်မြို့၊ (၂)ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ်(၁၀၈)နေ (ဦးသန်းဟန်-ဒေါ်စန်းလှ)တို့၏သား၊ (ဦးထွန်းပွင့်-ဒေါ်လုံး)တို့၏ သားသမက်၊ ဦးမြင့်စိုး-ဒေါ်စန်းမြင့်၊ ဦးကျော်ကျော်-ဒေါ်ဌေးဌေးမြင့်တို့၏ မောင်၊ ဆရာမ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ ကောင်းမွန်သန့်-ဝင်းမမဖြိုး၊ ဆုပြည့်စုံ၊ ရွှန်းလဲ့အောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ချစ်လှစွာသော တစ်ဦးတည်းသောမြေး၏ ဘိုးဘိုးကြီး ဦးဌေးဝင်းသည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉:၅၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို မအူပင်သုသာန်၌ ယင်းနေ့ညနေပိုင်းတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ မြေကွက်အမှတ်(၈၇၀-ခ)၊ မေတ္တာလမ်းမကြီး၊ (၁၀)ရပ်ကွက်ဟုခေါ်တွင်သော ပေ(၂၀x၆၀)နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှမြင့်[၁၂/ဥကမ(နိုင်)၀၄၃၇၉၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရွှေဇင်ဝင်း[၁၃/လရန(နိုင်)၁၃၀၀၄၁] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခင်အေးဝင်း(LL.B) | ဒေါ်သူဇာအောင်(LL.B) |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၅၀) |
| ဖုန်း-၀၉-၇၉၆၇၆၄၈၉၈ | ဖုန်း-၀၉-၆၉၂၂၂၀၁၀၀ |

**ရုံး-အမှတ်(၆၂)၊ အခန်း(၉)၊ ပန်းဆိုးတန်းအောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်ဦး [၉/ကပတ(နိုင်)၂၀၁၇၂၀]သည် **"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ(၂)လမ်း၊ အိမ်အမှတ်(၂၆၂/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၂၆၂/ခ)ဟုခေါ်တွင်သော အကျယ် ပေ(၂၁x၆၀)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြကြီး(SAW-၀၂၅၃၉၅)အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေအပါအဝင် မြေပေါ်ရှိအဆောက်အဦနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"**တို့အား တရားဝင် အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူဟုအဆိုပြုသော " ဦးအောင်ခိုင်ဇင်[၈/ဆမန(နိုင်)၀၄၈၂၅၁]"ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန် အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မေသဥ္ဇာသိန်း(LL.B) | ဒေါ်ပွင့်သူဇာ(LL.B) | ဦးနေလင်း(LL.B) |
|---|---|---|
| (စဉ်-၁၄၅၉၈) | (စဉ်-၁၄၅၉၂) | (စဉ်-၅၀၄၃၀) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**Law Garden Lawfirm**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

သင့် သွေးဖြင့် အသက် ကယ်ပါ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (K) တွင် ကျရောက်မည့် အသင်းအား မဲနှိုက်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၁

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှ မြောက်ကိုရီးယားအသင်း နုတ်ထွက်သွားသောကြောင့် အုပ်စု (K) တွင် အသင်းတစ်သင်း အစားထိုးရန် ဩဂုတ် ၁၁ ရက်က အွန်လိုင်းမှ မဲနှိုက်ရွေးချယ်ခဲ့သည်။ ယင်းကဲ့သို့ ရွေးချယ်ရာတွင် မြန်မာအသင်းပါဝင်သော အုပ်စုတွင် ကျရောက်နေသည့် ဟောင်ကောင်အသင်းမှာ မဲနှိုက်ရွေးချယ်ခံရသဖြင့် အုပ်စု (K) သို့ ပြောင်းလဲကစားရမည်ဖြစ်သည်။

**အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်**

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့သည့် အုပ်စုမဲခွဲပွဲတွင် အုပ်စု (K) ၌ ကျရောက်ခဲ့သည့် မြောက်ကိုရီးယားအသင်းသည် ယခုလဆန်းပိုင်းတွင် နုတ်ထွက်ကြောင်း အကြောင်းကြားခဲ့ရာ ယင်းအုပ်စုတွင် ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့သာ ကျန်ရှိတော့သဖြင့် အခြားအရှေ့အာရှဇုန်မှ အသင်းတစ်သင်းဖြင့် အစားထိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပြောင်းလဲရာတွင် အရှေ့အာရှဇုန် အုပ်စုများဖြစ်သော အုပ်စု (G၊ H၊ I၊ J) မှ တစ်သင်းဖြင့် အစားထိုးမည်ဖြစ်သော်လည်း အုပ်စုမဲခွဲရာတွင် **စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ❐

## ကြေးမုံ ယနေ့ ဖတ်စရာ

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ အမည်အလွဲအသုံးပြုပြီး သတင်းအမှားတစ်ပုဒ် လုပ်ကြံထုတ်ပြန်ထား**

စာမျက်နှာ » ၁၀

**ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ သတင်းအရ ဝင်ရောက်ရှာဖွေစဉ် တရားခံ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခန်းပေါ်မှ ခုန်ချထွက်ပြေးရန် ကြိုးစားသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးကာ အမျိုးသား သုံးဦး ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၄

**ဩဂုတ် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၇၃၉ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၈



## ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပြည်သူများအား ဆန်များ ဆက်လက်ထောက်ပံ့

ရန်ကုန် ဩဂုတ် ၁၁

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ တိုင်းဒေသကြီး ခရိုင်လေးခုရှိ အခြေခံလက်လုပ်လက်စားပြည်သူတို့အတွက် ဆန်များ ဆက်လက်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖




## မန်စီးတီးအသင်း နောက်တန်းကစားသမား ဂျွန်စတုန်း ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

မန်စီးတီးအသင်း နောက်တန်းကစားသမား ဂျွန်စတုန်းဟာ အီတီဟက်ဒ်မှာ ဆက်လက်ရှိနေဖို့အတွက် ငါးနှစ် သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ နောက်တန်းကစားသမား ဂျွန်စတုန်းရဲ့ လက်ရှိ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ လာမယ့်နှစ်အတွင်းမှာ ကုန်ဆုံးမှာဖြစ်ပေမယ့် စာချုပ်သစ်ချုပ်ဆိုလိုက်တာကြောင့် ၂၀၂၆ ခုနှစ်အထိ မန်စီးတီးအသင်းမှာ ဆက်ရှိနေမှာဖြစ်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဂျွန်စတုန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်စီးတီးအသင်းအား ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်း ဖြစ်ပါတယ်။

**စာမျက်နှာ ၁၈ ကော်လံ ၄ သို့** ❍